ဒဂုန်တာရာ

ကြည်အေး

# စိမ်းမြညတစ်ည



ယုန်းရွှေအိမ် စာအုပ်အမှတ် ၁၅/ဝတ္ထုရှည်စုစည်းမှု - ၄

# စိမ်းမြညတစ်ည

## ဒဂုန်တာရာ ကြည်အေး

PRESENTED BY KO ZAW, KO AUNG & KO NAING.

http://myanmarpyithar.net
ယုန်းရွှေအိမ်

# စာရေးသူ၏ ထုတ်ဝေပြီးစာအုပ်များ

## ဒဂုန်တာရာ

| | | | |
|---|---|---|---|
| ၁။ | မေ | ပထမ | ၁၉၄၁ |
| | | ဒုတိယ | ၁၉၄၇ |
| | | တတိယ | ၁၉၆၃ |
| | | စတုတ္ထ | ၁၉၇၄ |
| ၂။ | ဒဂုန်တာရာ၏ ဒဂုန်တာရာ | | ၁၉၅၁ |
| ၃။ | ဂန္ဓလရာဇ် (ခရီးသွားဆောင်းပါး) | | ၁၉၅၂ |
| ၄။ | ရုပ်ပုံလွှာ | ပထမ | ၁၉၅၅ |
| | | ဒုတိယ | ၁၉၆၃ |
| ၅။ | စပယ်ဦး* (ဝတ္ထုတိုပေါင်းချုပ်) | ပထမ | ၁၉၆၁ |
| | | ဒုတိယ | ၁၉၉၂ |
| ၆။ | အလင်္ကာ (ကဗျာပေါင်းချုပ်) | | ၁၉၆၂ |
| ၇။ | ကြာပန်းရေစင် | | ၁၉၆၃ |
| ၈။ | လရောင်ရွှန်းမြသော ညတစ်ည | | ၁၉၆၄ |
| ၉။ | စာပေသဘောတရား၊ စာပေဝေဖန်ရေး၊ စာပေလှုပ်ရှားမှု | | ၁၉၆၇ |
| ၁၀။ | ဒဂုန်တာရာ၏ ဒဂုန်တာရာနှင့်သူ၏ကဗျာ | | ၁၉၆၇ |
| ၁၁။ | မှုးယစ်ဝေသော နွေဦးညများ (ဝတ္ထုတိုပေါင်းချုပ်) | | ၁၉၆၈ |
| ၁၂။ | ဝတ္ထုတိုပေါင်းချုပ် | ပထမ | ၁၉၆၉ |
| | | ဒုတိယ | ၁၉၇၄ |

* စာပေဗိမာန် ဝတ္ထုတိုပေါင်းချုပ်ဆု ရ စာအုပ်

http://myanmarpyithar.net

၁၃။ အယ်ဒီတာစားပွဲ၊ စာပေ၊ အနုပညာဝေဖန်ရေးနှင့် ပန်းနုရောင်အို ၁၉၇၁
၁၄။ ဧရာဝတီ၊ ယန်စီ၊ ဗော်လဂါ (ခရီးသွားဆောင်းပါး) ၁၉၇၂
၁၅။ စာလုံး၊ ဆေးစက်၊ စောင်းကြိုးနှင့် ကတ္တီပါကားလိပ် ၁၉၇၄
၁၆။ သဇင်သင်းပြန်တော့ ၁၉၇၄
၁၇။ ဒို့ခေတ်ကို ရောက်ရမည်မှာမလွဲပါ ၁၉၇၉
၁၈။ မာယာ (ကဗျာပေါင်းချုပ်) ၁၉၉၀
၁၉။ ကြယ်ရိုပ်ပန်းနု (ဝတ္ထုတိုပေါင်းချုပ်) ၁၉၉၃
၂၀။ စိမ်းမြဓရာ ၁၉၉၄
၂၁။ လရောင်ရွှန်းမြသော ညတစ်ညနှင့်အခြားဝတ္ထုရှည်များ ၁၉၉၅
၂၂။ စန္ဒရားဆရာ သို့မဟုတ် မဟာအချစ် ၁၉၉၅
၂၃။ သုနာပရန္တ ၁၉၉၅
၂၄။ အိပ်မက်အပြင်ကလူ (ကြည်အေးနှင့်)** ၁၉၉၆
၂၅။ သုံးနှစ်သုံးမိုးပိုးထီးငုဝါပွင့်အပြာနု ၁၉၉၆
၂၆။ မှန်ကွဲစများပေါ်က ကျွန်မ (ကြည်အေးနှင့်)*** ၁၉၉၇

**** အိပ်မက်ဖြစ်ပါစေရှင် - ဒဂုန်တာရာ**
**အပြင်ကလူ - ကြည်အေး**

***** မှန်ကွဲစများပေါ်လမ်းလျှောက်ခြင်း - ဒဂုန်တာရာ**
**ကျွန်မပညာသည် - ကြည်အေး**

http://myanmarpyithar.net

**ကြည်အေး**

| | | | |
|---|---|---|---|
| ၁။ | တောတောင်ရေမြေ (ဘာသာပြန်) | ပထမ | ၁၉၅၅ |
| ၂။ | မီး | ပထမ | ၁၉၆၀ |
| | | ဒုတိယ | ၁၉၉၅ |
| ၃။ | တမ်းတတတ်တယ် | ပထမ | ၁၉၆၁ |
| | | ဒုတိယ | ၁၉၉၅ |
| ၄။ | ကေဖွဲ့ဆိုသီ | ပထမ | ၁၉၆၃ |
| | | ဒုတိယ | ၁၉၉၇ |
| ၅။ | ကျွန်မပညာသည် | | ၁၉၆၁ |
| ၆။ | နွမ်းလျှအိမ်ပြန်နှင့် ဖုန်းသက်တိုင် | | ၁၉၆၄ |
| ၇။ | မောင်၊ ကိုကိုနဲ့ မြနန္ဒာ | ပထမ | ၁၉၇၃ |
| | | ဒုတိယ | ၁၉၉၃ |
| ၈။ | မေတ္တာမီးအိမ် | ပထမ | ၁၉၈၀ |
| | | ဒုတိယ | ၁၉၉၄ |
| ၉။ | ကြည်အေး၏ ကဗျာများ | ပထမ | ၁၉၉၀ |
| | | ဒုတိယ | ၁၉၉၂ |
| ၁၀။ | ကြည်အေး၏ဝတ္ထုတိုများ (၁) | | ၁၉၉၁ |
| ၁၁။ | ကြည်အေး၏ဝတ္ထုတိုများ (၂) | | ၁၉၉၃ |
| ၁၂။ | ကြည်အေး၏ဝတ္ထုတိုများ (၃) | | ၁၉၉၃ |
| ၁၃။ | ဤမာန | | ၁၉၉၄ |
| ၁၄။ | ကြည်အေး၏ဝတ္ထုတိုများ (၄) | | ၁၉၉၅ |
| ၁၅။ | အိမ်မက်အပြင်ကလူ (ဒဂုန်တာရာနှင့်) | | ၁၉၉၆ |
| ၁၆။ | မှန်ကွဲစများပေါ်က ကျွန်မ (ဒဂုန်တာရာနှင့်) | | ၁၉၉၇ |
| ၁၇။ | နွမ်းလျအိမ်ပြန် | ဒုတိယ | ၁၉၉၇ |

http://myanmarpyithar.net

# စိမ်းမြရော

## ဒဂုန်တာရာ

http://myanmarpyithar.net
ယွန်းရွှေအိမ်

(၁)

ကျောက်စိမ်းရောင်ရေပြင်၌ ကရဝိတ်ငှက်ဖြူသည် ရေစီးရာငြိမ်သက်စွာမျောနေသည်။ မလှုပ်။ မကူး။ ရွှေတိဂုံစေတီတော်မြတ်၏ ရွှေရောင်မှာ ကရဝိတ်ငှက်၏ ခေါင်းပေါ်တွင် တဖိတ်ဖိတ် လက်၍နေသည်။

ဂေါ့ကားနီကလေးသည် ကန်တော်ကြီး လမ်းပေါ်တွင် တရိပ်ရိပ် ပြေးလျက်ရှိသည်။ ဂေါ့ကားနီနောက်မှ ဖယ်မီလီယာ ပရက်စ်တို စသောကားများက လိုက်သွားကြသည်။ ကားထဲတွင် ဝတ်ကောင်းစားလှ၊ ပိုးရောင်ဖဲရောင်များ ပြိုးပြက်လျက်ရှိသည်။ ရေမွှေးရနံ့တို့သည် ကြိုင်လှိုင်လျှက်ရှိသည်။ ရယ်သံမောသံတို့သည် စည်ဝေလျက်ရှိသည်။

ဂေါ့ကားနီ၏မှန်ရောင်တွင် ပန်းနုရောင်ဇာပဝါ၊ ရွှေရောင်နှင့် ပန်းနုရောင်ခက်နွယ်ရက်ဖောက်ထားသော သတို့သမီး အဆင်

http://myanmarpyithar.net
ယွန်းရွှေအိမ်

## ၂ ဒဂုန်တာရာ

အယင်သည် ဖိတ်လက်ပြိုးပြက်လျက်ရှိသည်။ ပန်းနုနှင့် ပန်းရင့်ရောစပ်ထားသော ချိတ်လုံချည်၊ ငွေပြာဖော့အပေါ် ဖုံးနှင့်သတို့သား၏ အဆင်အယင်များသည် ရွှေရောင်နှင့်အပြိုင် ထင်ဟပ်ဝင်းပလျက်ရှိသည်။ ရှေ့က ကားမောင်းသူမှာ ရှယ်နယ်ရေမွှေးနံ့ကြောင့် ခေါင်းအုံလျက်ရှိသည်။ လက်တစ်ဘက်က မှန်တံခါးကို အကုန်ဖွင့်လျက်ရှိသည်။ ရေမွှေး တစ်ပုလင်းလောက် ဆွတ်ထားသဖြင့် ရနံ့ကမပြယ်။

ကားတန်းသည် ကန်တော်ကြီးမှ ပတ်ပြီး ကုက္ကိုင်းလမ်းတလျှောက် မောင်းလျက်ရှိသည်။ သတို့သားနှင့် သတို့သမီးမှာ ဘယ်သူတွေလာသည်၊ လက်ဖွဲ့ပစ္စည်း ဘယ်လောက်ရမည် ထင်သည်၊ သြဘာစာဖတ်သောသူ လေကြောရှည်၍ ချွေးပြန်နေကြောင်းစသည်တို့ကို ပြောလျက်ရှိသည်။ သတို့သားကတော့ စကားနည်းသည်။ သတို့သမီးကသာပြောသည်။

ကားတန်းသည် အင်းယားကန်ဟိုတယ်ကို ကျော်လာပြီးနောက် မန္တလာရိပ်သာဘက်သို့ ချိုးလိုက်ကြသည်။ စိန်ပန်းပြာလမ်းသို့ကွေ့ကာ မြအင်ကြင်းလမ်းရှိ ‘စံရာဘုံမြင့်’ ခြံဝင်းထဲသို့ ဝင်သွားသည်။

နာရီဝက်ကျော်အကြာတွင် ကားများ ပြန်ထွက်လာကြသည်။ ရှေ့ဆုံးကားနီထဲတွင်ကား သတို့သားအဝတ်အစား ပန်းနုရောင်၊ ရွှေရောင်၊ ငွေရောင်များမပါတော့။ သတို့သမီး ဆံထုံးမှ

စိန်ပန်းခိုင်လည်း မပါတော့၊ သစ်ခွပန်းခရမ်းနုရောင် တစ်ခက်သာ တွဲလွဲ။ နိုင်ငံခြားဖြစ် စပို့ရှပ်နံ့သာရောင်၊ ပါတိတ်အညိုဖျော့ ပန်းပွင့်အခက်အရင့်အနု လိမ်းထားသောထဘီနှင့်။ ခါတိုင်းရုပ်ရှင် သွားမည့် ဆင်ယင်မှုမျိုး။ ဆံပင်ကုပ်ဝဲ တလွင့်လွင့်။ သတို့သားက လည်း ရှပ်လက်တို၊ ကချင်လုံချည်နှင့် ရိုးရိုး။ အခမ်းအနား၊ အဆောင်အယောင်များ ထွက်ခွာသွားပြီ။ ကရဝိတ်ခံစားမှုပြယ် သွားပြီ။ ကားမောင်းသူပင် မျက်နှာရွှင်ပြလာသည်ထင်ရသည်။ လွတ်လပ်သွားသဖြင့် ကြည်လင်ရွှင်ပြလာခြင်းမျိုး၊ ရှယ်နယ်ရေ မွှေးနံ့ပင် ခေါင်းမကိုက်စေတော့။ ကားများသည် ကုက္ကိုင်းလမ်း တလျှောက်မြို့ထဲဘက်သို့ မောင်းလျက်ရှိသည်။ အင်းယားကန် မှလာသောလေသည် ညင်းညှံ့အေးမြနေသည်။ ကားနောက်မှ အိပ်ရာလိပ်နှင့်အဝတ်သေတ္တာများမှာ လမ်းအကွေ့တွင်ခုန်သဖြင့် အသံမြည်နေသည်။

သမ္မတရုံနားမှ ဖြတ်လာသောအခါ သတို့သားနှင့် သတို့သမီး နှစ်ယောက်စလုံး ပြုံးကာကြည့်မိကြသည်။ လက်မထပ် ခင်တစ်လကပင် သမ္မတတွင် ရုပ်ရှင်အတူ ကြည့်ခဲ့ကြသေးသည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် ကားမောင်းသူက ကက်ဆက်ဖွင့်လိုက်ရာ မေဆွိ၏ သီချင်းသံထွက်လာသည်။

ကတ္တရာလမ်းမအထိ ထိုးထွက်လာသော တန်းစီလူတန်း ကြီးကို ကျော်ခဲ့ကြသည်။ သတို့သမီးသည် ရင်ခုန်လျက်ရှိသည်။

http://myanmarpyithar.net

## ၄ ဒဂုန်တာရာ

သျှား ဆိုသော 'သမ္မတရုံမှာရုပ်ရှင်ကြည့်မယ်. . . ' သည်လာရိုက်သည်။ သူမကျောင်းသူဘ၀က ပေါ်သောသီချင်း။ ၀/သ တွင် နောက်ဆုံးနှစ်ကျောင်းတက်စဉ်က။ သတို့သားကတော့ ရှေ့သို့ သာငေးမျှော်ကြည့်လျက်ရှိသည်။ မီးစိမ်းနှင့်တိုးသဖြင့် ကားသည် ဆူးလေဘုရားလမ်း ရုပ်ရှင်ရုံစည်ကားလမ်း၊ 'ဂင်ဇာရုပ်' ကိုကျော်သဖြင့် လှုပ်ရှားရွရွရှုခင်းကို၊ အသံဗလံများကြောင့် သတို့သမီးရင်ခုန်မြန်လာကာ 'နေရစ်တော့သမ္မတရုံရေ. . . ' ဟု စိတ်ထဲကဆိုမိသည်။ သတို့သားက 'အချိန်ကပ်နေပြီနော်၊ ကိုအေး' ဟု ကားမောင်းသူအားလှမ်းပြောလိုက်သည်။

ကားတန်းရှည်သဖြင့် အနော်ရထာလမ်းအဖြတ်တွင် မီးနီနှင့်တိုးတော့သည်။

'လုပ်ပြီကွာ' ဟု သတို့သားကညည်းလိုက်မိသည်။

'အလျင်လိုယင်ဒီလိုပဲ' ဟု ကားမောင်းသမား မောင်အေးကဆိုသည်။

သတို့သမီးက သူမ၏ ဂျာမန်လုပ်ဒိုင်ကွက် မဟူရာ အဏုမြူပေါ်မှ ရွှေရောင်အကွက်ကို ကြည့်လိုက်သည်။ ကားသည် ဟုတ်ကနဲထွက်သည်။ ကြိမ်ခြင်းထဲရှိ ခေတ်ဗူးနှင့်ကိတ်မုန့်ထည့်သည့် ပလပ်စတစ်ဗူးနှင့်ကပ်လျက် သံမဏိထမင်းချိုင့်တို့ တိုက်မိသံကြားရသည်။

ကမ်းနားလမ်း ရောက်သောအခါ အရှေ့ဘက်သို့ကွေ့

သည်။ ကားသည် ဗိုလ်တထောင်ဆိပ်ကမ်းသို့ တန်းမောင်းသည်။ အရှိန်ကမြန်နေသည်။ ဆိပ်ကမ်းရောက်သောအခါ ဥသြမှုတ်သံကြားရသည်။

သူတို့သည် ဗောတံတားကို ခပ်သုတ်သုတ်ဖြတ်လာကြသည်။ သတို့သားနှင့် သတို့သမီးတို့သည် ဆိပ်ခံတွင် ဆိုက်ထားသော 'မြဧရာ' အမည်ရှိ အညာဆန် သင်္ဘောကုန်းပတ်ပေါ်သို့ ကမန်းကတန်း လှမ်းတက်လိုက်ကြသည်။ သင်္ဘောမှာ ကြိုးဖြုတ်နေပေပြီ။ အနက်ရောင်တောက်ပသော မှန်ကားကြီးတစ်စင်းလည်း တံတားတွင်ဆိုက်ကာ ဝဝဖိုင့်ဖိုင့် အမျိုးသားကြီး၊ အမျိုးသမီးကြီးနှင့် ရွယ်ရွယ်ကောင်မလေးနှစ်ယောက်လည်း အပြေးကလေး တံတားမှ ဆင်းလာကြသည်။ သူတို့ ဆိပ်ခံတွဲပေါ် ရောက်သောအခါ မြဧရာသည် ရွေ့စပြုပြီ။

သင်္ဘောလက်ရန်းတွင် ရပ်နေကြသော သတို့သားနှင့် သတို့သမီးတို့သည် စက်မောင်းသံကြားထဲမှ နှုတ်ဆက်စကား ဆိုလျက်ရှိသည်။

"မမ. . . မြန်မြန်ပြန်လာနော်"

'ညီမ ဂေါက်နဲ့တစ်နေ့လုံးလျှောက်လည်မှာပဲ၊ ကြာကြာကြီးနေကြ'

ကောင်မလေးနှစ်ယောက်မှာ ခုန်ဆွဆွလုပ်ယင်း မြူးရွှင်နေကြသည်။

## ၆ ဒဂုန်တာရာ

'သမီးကျန်းမာရေးဂရုစိုက်နော်။ ငါးကြီးဆီ မှန်မှန်စား၊ ကြားလား၊ မေ့မနေနဲ့”

သင်္ဘောသည် ရွေ့စပြုပြီ။

'ကြားပါတယ်။ ဂရုစိုက်ပါတယ်'

'မောင်ထွန်း. . . အနွေးထည်ပါရဲ့လား၊ အအေးမခံနဲ့'

သင်္ဘောကြီးသည် ကမ်းမှ ခွာစပြုပြီ၊ ဘေးစက်ခုတ်မောင်းသံကြောင့် အော်ပြောကြသော်လည်း စကားလုံးသဲကွဲခြင်းမရှိတော့။ သတို့သားနှင့် သတို့သမီးတို့သည် ဘက်ကို ဖွေ့ရမ်းနှုတ်ဆက်ကြသည်။ ကမ်းပေါ်မှ နှစ်ဘက်မိဘဆွေမျိုးများကလည်း ပြန်လှန်နှုတ်ဆက်ကြသည်။ မြစ်ရောသည် ကမ်းနှင့်ဝေး၍ဝေး၍ သွားလေပြီ။ စင်ရော်ငှက်များသည် သင်္ဘောနောက်သို့ ပျံလိုက်သွားကြသည်။ ကမ်းပေါ်မှ လူများက သူတို့၏ သားသမီးအစ်မ၊ အစ်ကိုများကို အကျႌ၊ လုံချည် အရောင်ဖြင့်သာ ခွဲခြားနိုင်တော့သည်။ သင်္ဘောပေါ်က သူတို့ကလည်း လူစုလူဝေး ရောထွေးနေသော အရောင်အသွေးစုအဖြစ်သာ မြင်ရတော့သည်။ သင်္ဘောကြီးသည် မြစ်ဘက်သို့ ရောက်သွားပြီ။ ကမ်းပေါ်မှ လူများသည် မော်တော်ကားများရှိရာသို့ ပြန်သွားကြလေပြီ။

'လာ. . . လာ. . . မုန်း၊ အပေါ်တက်ရအောင်' ဟု ဇော်မင်းထွန်းက ခင်ဂမုန်း၏ လက်ကိုကိုင်ကာ ပြောလိုက်သည်။ 'နေပါဦး'

http://myanmarpyithar.net
ယွန်းရွှေအိမ်

## စိမ်းမြရော ၇

'အိမ်ကလူတွေ ပြန်ကုန်ကြပါပြီ'

'မြရော' သည် ရေလယ်တွင်ရပ်ထားသော ဂျပန်ပင်လယ်ကူးသင်္ဘောမှ ကပ်မောင်းလာသည်။ ကမ်းနှင့်ဝေးလာပြီး၊ လိုက်ပို့သူများ၏ အရောင်အရိပ်အစ အနမ္မျပင် မမြင်ရတော့ပြီ။

ခင်ဂမုန်းလည်း ငေးကာ နောက်တွင် ကျန်ရစ်ခဲ့သော ရန်ကုန်မြို့ကြီးကို ငေးကြည့်နေသည်။ ကောင်းကင်မှာ ပြာလွင်နေသည်။ လှမ်း၍ မြင်သော ရန်ကုန်မြို့သည် ရန်ကုန်မြစ်ကို ဖြတ်လျက်ရှိသည့် အမှိုင်းရောင် ပုံသဏ္ဍာန်များအဖြစ်သာတွေ့နေရသည်။

မြရောသည် ရန်ကုန်မြစ်ကို ဖြတ်လျက်ရှိရာ အကောက်ရုံးများကို ကျော်ပြီး ခနောင်တိုဘက်သို့ ဦးတည်လျက်ရှိသည်။

ခင်ဂမုန်းမှာ လက်တန်းကိုကိုင်ကာ ရန်ကုန်မြို့ဘက်သို့ ငေးကြည့်လျက်ရှိသည်။ ဘာအဆောက်အအုံဟူ၍ မသဲကွဲတော့သော မီးခိုးရောင်၊ အဝါရောင်၊ အညိုရောင် ခပ်မှိုင်းမှိုင်းများ အထက်မှ ရွှေရောင်ပဝင်းသော ရွှေစေတီကြီးသည် ထင်ရှားစွာ ပေါ်လာသည်။ ကမ်းနှင့် ဝေးသွားသော်လည်း ရွှေရောင်ကား ပျောက်မသွား။ အမှိုင်းရောင်များကို ထွင်းဖောက်ကာ ဝင်း၍နေမြဲသာ။ ဇော်မင်းထွန်းပင် ရွှေတိဂုံကို မငေးပဲ မနေနိုင်တော့။ ခံစားသွားပြီ၊ သူတို့နှစ်ယောက် ရွှေတိဂုံရင်ပြင်တော်သို့ အတူသွားခဲ့ကြဖူးသည်။ မှတ်မှတ်ရရ၊ စေ့စပ်သည့်နေ့က။ နှစ်ဘက်မိဘများက သွားခိုင်းကြသဖြင့် ရောက်ခြင်းဖြစ်သည်။ အဖြူအနက်ကွက်

http://myanmarpyithar.net

## ၈ ဒဂုန်တာရာ

ကျောက်ပြားပေါ်တွင် ကျားကွက်များကိုကျော်ကာ လမ်းလျှောက်ခဲ့ကြသည်။ တတင်တင်မြည်သံကျူးနေသော ဆည်းလည်းသံတွင် ခင်ဂမုန်း၏ ခပ်စူးစူးရယ်သံမှာ တိုးထွက်လာသည်။ ထိန်းမထား၊ လွတ်လွတ်လပ်လပ်ရယ်လိုက်သောရယ်သံ။ အဒေါ်အရွယ် အမျိုးသမီးကြီးတစ်ယောက်က သူမကို လှည့်ကြည့်သည်ကို ဇော်မင်းထွန်း သတိထားမိခဲ့သည်။ သူကနည်းနည်း ရှက်သလိုလိုခံစားမိခဲ့သည်။ သည်တုန်းကတော့ ဘာမျှ ဂရုမထားနိုင်၊ နှစ်ယောက်တွဲသွားရတာပင် ကျေနပ်နေသည် မဟုတ်လား။ ယခုခင်ဂမုန်းမှာ ဘာတွေတွေး၍ ငေးနေသည်မသိ။ သူလည်း ရွှေတိဂုံကို ငေးနေမိသည်။ ဘာတွေတွေး၍ ဘာငေးသည်မသိ။ ခံစားမှုကိုယ်စီနှင့် ရွှေတိဂုံတွင် ဆုံခဲ့ကြသူမနည်းပါကလား။

မြရောသည် လှိုင်မြစ်ဆုံရာတွင် တောင်ဘက်သို့ ဦးတည်သွားကာ ကွေ့လာသည်။ ရန်ကုန်မြို့မှာ ပဲ့ဘက်တွင် ရောက်နေပေပြီ။

သိင်္ဂုတ္တရကုန်းမြေကို မမြင်ရတော့ပြီ။ ဥဿာရိုးမ၏ အစွန်းအဖျားဆုံးမှ ခွာစပြုပေပြီ။

'ကဲပါ. . . အပေါ်တက်ကြရအောင်'

သည်တစ်ခါမူခင်ဂမုန်းသည် ခေါင်းညိတ်ကာဇော်မင်းထွန်းခေါ်ရာသို့လိုက်ခဲ့သည်။ သူတို့သည် လှေကားမှ အပေါ်ထပ်သို့တက်လာခဲ့ကြသည်။ ဦးခန်းဘက်ရှိ ဒုတိယအခန်းသို့ ဝင်ခဲ့ကြ

http://myanmarpyithar.net
ယွန်းရွှေအိမ်

သည်။ ဘဏ္ဍာစိုးက ဇော်မင်းထွန်းလက်သို့ သော့အပ်သည်။

ဘဏ္ဍာစိုးမှာ အသက် သိပ်မကြီးလှသေး။ ၃၅ ခန့်ဟု ခန့်မှန်းရသည်။ ရှပ်အင်္ကျီလက်ရှည်အဖြူ၊ ချည်လုံချည် အညို ကွက်နှင့်။

'လိုတာရှိယင်ပြောပါ။ ကျွန်တော့်အခန်းက ဟိုဘက်နား မှာ။ ဘဏ္ဍာစိုးမောင်သက်အောင်ဆိုယင် မေးလို့ရပါတယ်' ဟု ဘဏ္ဍာစိုးကပြုံး၍ပြောကာ သွားမည်ဟု ဟန်ပြင်သည်။

'ဒီမှာ ရှင့်. . . တဆိတ်လောက်. . . ဒါလေးတွေ အထဲ သွင်းပေးခဲ့ပါဦး'

ခင်ဂမုန်းက အခန်းဝတွင် ချထားသော သားရေသေတ္တာ၊ ခြင်းတောင်းစသော ပစ္စည်းများကို ကြည့်ကာပြောလိုက်သည်။

ဇော်မင်းထွန်းက အားနာသွားသလို ချက်ချင်းပင် "နေပါစေရပါတယ်၊ ကျွန်တော်တို့နိုင်ပါတယ်"

ဇော်မင်းထွန်းသည် သေတ္တာအပြားလေးကို ဆွဲကာ နှစ်ပေလောက်သာဝေးသော အခန်းတွင်းသို့ မ သွင်းလိုက်သည်။ ဘဏ္ဍာစိုးမှာနေရမလို၊ သွားရမလိုဖြစ်နေရာမှ သက်သာရာရသွား ပြီး ပြုံးကြည့်ကာ ထွက်သွားသည်။

သဘော်သည် ခနောင်တိုချောင်းဝနားသို့ပင် ရောက်လာပေပြီ။ ခင်ဂမုန်းက နံရံကပ်ဗီရိုအဆင့်ကို လက်နှင့်ကိုင်ကြည့်ယင်း. . .

'ဖုတ်တွေနဲ့ကွာ၊ အခန်းကလဲ လှည်းကျင်းမထားဘူး'

## ၁၀ ဒဂုန်တာရာ

'ဒါအိမ်မဟုတ်ဘူး မုန်းရဲ့၊ အဝတ်နဲ့ သုတ်ပေးပါ့မယ်'

ဇော်မင်းထွန်းသည် အဝတ်အစားသေတ္တာကို သူ၏ခုတင်အောက်သို့သွင်းသည်။ ထို့နောက် ရေလဲလုံချည် အဟောင်းနှင့် ဖုတ်ခါသည်။ ခင်ဂမုန်း၏ နံရံကပ် ဗီရိုအဆင့်များကိုလည်း ဖုတ်ခါပေးသည်။

'မုန်းမပျော်ဘူးလား'

သည်တော့မှ မုန်းသည်ပြုံးလဲ့လဲ့ဖြစ်လာသည်။

'ပျော်ပါတယ်'

'နေပါဦး ပတ်ဝန်းကျင်ကို စနည်းနာလိုက်ဦးမယ်'

ဇော်မင်းထွန်းသည် အခန်းပြင်သို့ ထွက်ခါလျှောက်ကြည့်နေသည်။ ဇော်မင်းထွန်းမကြာမီ ပြန်ရောက်လာသည်။

"အခန်းစီးတဲ့လူသိပ်မပါဘူး၊ တစ်ဘက်တန်းက အခန်းမှာလင်မယားနှစ်ယောက်။ ကလေးငယ်တစ်ယောက်လဲ တွေ့တယ်။ သူတို့နဲ့ အခန်းချင်းကပ်က ကမ္ဘာလှည့်ခရီးသည်လား ဘာလားမသိဘူး။ အနောက်နိုင်ငံသားတစ်ယောက်ပဲ"

'ထွန်းထွန်းက ဘယ်တွေလျှောက်ကြည့်တာလဲ'

'သင်္ဘော အနံ့ပဲ။ တစ်ပတ်လျှောက်ကြည့်တယ်လေ၊ သင်္ဘောကအကျယ်ကြီး၊ အိမ်ကြီးတစ်လုံးလောက်ပဲ၊ ကုန်းပတ်ကတော့ ကုန်သည်တွေနဲ့တူတယ်၊ အောက်ကုန်တွေ အထက်သယ်ကြတာနဲ့တူတယ်'

http://myanmarpyithar.net
ယွန်းရွှေအိမ်

## စိမ်းမြဧရာ ၁၁

ခင်ဂမုန်းမှာ အံ့သြနေသည်။

'မုန်း လျှောက်ကြည့်ပါလား၊ အိမ်ကြီးလိုပဲ၊ သိပ်ပျော်စရာကောင်းတယ်'

ခင်ဂမုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

'ခရီးသည်တွေကျပ်နေလား'

'မကျပ်ပါဘူး၊ သင်္ဘောကြီးက အကျယ်ကြီးပဲဟာ'

ထို့နောက် သူမသည် အိပ်ရာလိပ်ကို ဖြေကာပြင်ဆင်သည်။

သင်္ဘောသည် တူးမြောင်းအကောက်ရိုးသို့ ဖြတ်လာပေပြီ။ ဇော်မင်းထွန်းသည် အခန်းရှေ့ရှိ သင်္ဘောလက်ရန်းမှ ကမ်းစပ်သို့ ကြည့်နေသည်။ သူကားပျဉ်းမနားဘက်မှဖြစ်၍ ရေလမ်းသိပ်မသွားဖူး။ ရေလမ်းသွားရခြင်းကို စိတ်ဝင်စားနေသည်။ ခင်ဂမုန်းမှာ မြစ်ဝကျွန်းပေါ်ဇာတိဖြစ်သော်လည်း မြစ်ဝကျွန်းပေါ်ဒေသတွင် မကြီးပြင်းခဲ့ရ။ ဖခင်နှင့်အတူ နယ်ပြောင်းရွှေ့ရာ ရှမ်းပြည်နယ်တစ်ခွင်၊ အညာတစ်ခွင်တွင်နေရသည်။ တက္ကသိုလ်ရောက်သည့်နှစ်ကမှ ရန်ကုန်ရောက်သည်။

ခင်ဂမုန်းမှာ အိပ်ရာများ ခင်းကျင်း ပြင်ဆင်နေစဉ်၊ ဇော်မင်းထွန်း ကတော့ ရေပြင်နှင့်ကမ်းစပ် အရိပ်ထင်ရာကို ငေးလျက်။ သင်္ဘောနှင့်ကမ်းမှာမဝေး။

မြဧရာသည် မှန်မှန်ခုတ်မောင်းလျက်။

http://myanmarpyithar.net
ယျွန်းရွှေအိမ်

(၂)

အဝေးမှပင်မီးရောင်များကို မြင်နေကြရသည်။ မြစ်တစ်ကွေ့တွင် မြို့တစ်မြို့သို့ ရောက်တော့မည့်။ တန်းနေသော မီးများမှာ လမ်းမီးတိုင်များဖြစ်မည်။ မီးရောင်များတွေ့နေရသော်လည်း တော်တော်နှင့်မရောက်သေး။

သင်္ဘောလက်ရန်းကို လက်တင်ကာ မီးတန်းများရှိရာသို့ မျှော်ကြည့်နေသော နိုင်ငံခြားသား ခရီးသည်က 'ဒါဘာမြို့လဲခင်ဗျာ' ဟု ဇော်မင်းထွန်းအား မြန်မာလိုမေးလိုက်သည်။

ဇော်မင်းထွန်းက စဉ်းစားသလိုငေးနေစဉ် ခရီးသည်က 'မအူပင်မဟုတ်လား' ဟု ပြောလိုက်သည်။

'ဟုတ်မယ်ထင်တယ်ကျွန်တော်လဲဒီလမ်းကို မသွားဖူးဘူး'

'ကျွန်တော်မြေပုံ ဖတ်ထားပါတယ်၊ မအူပင်မြို့ဖြစ်မှာပါပဲ'

ခင်ဂမုန်းကတော့ အံ့သြနေသည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

## ၁၄ ဒဂုန်တာရာ

'ဟုတ်လိမ့်မယ် မစ္စတာတေလာ'

ဇော်မင်းထွန်းနှင့် မစ္စတာတေလာမှာ ရန်ကုန်မှထွက်စပင် အသိဖြစ်သွားခဲ့ကြသည်။ တေလာမှာ မြန်မာရာဇဝင် လေ့လာသူ။ လန်ဒန်တက္ကသိုလ်မှ လက်ထောက်ကထိကတစ်ဦးဖြစ်သည်။ အထူးသဖြင့် ပုဂံခေတ်မတိုင်မီ မြန်မာရာဇဝင်ကို လေ့လာနေသူဖြစ်သည်။ မြန်မာစာတတ်သည်။ ဖတ်နိုင်သည်။ စကားတော့ သိပ်မပြောတတ်။ ပြည်အထိသွားမည်ဖြစ်သည်။ မြစ်ဝကျွန်းပေါ်မှ ဧရာဝတီမြစ် ဖြတ်ကျော်ပုံရှုခင်းကိုကြည့်ရန် မြဧရာသင်္ဘောဖြင့် လိုက်ပါလာခြင်းဖြစ်သည်။

မအူပင်မြို့ ဆိပ်ကမ်းကို မြင်လာရပေပြီ။ ဆိုက်ကားခေါင်းလောင်းသံ တတင်တင်ကိုပင် ကြားလာရပြီ။

"မအူပင်မြို့လို့ ဘာဖြစ်လို့ ခေါ်ပါသလဲ"

ဇော်မင်းထွန်းမှာ မဖြေဘဲ ငြိမ်နေသည်။ သူလည်းမဖြေတတ်။ ဇော်မင်းထွန်းက ပြုံးနေသည်။

"မအူပင်ဆိုတာ မွန်စကားလုံးလား မြန်မာစကားလား"

ဇော်မင်းထွန်းမှာ ရုက္ခဗေဒဖြင့် အောင်လာသူဖြစ်သည်။

"ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသဟာ ရှေးအခါက မွန်လူမျိုးများနေထိုင် အုပ်စိုးခဲ့တဲ့ နေရာဖြစ်တယ်လို့ သိရတယ်။ ဒီတော့ မြို့နာမည်၊ ရွာနာမည်တွေဟာ မွန်ဘာသာစကားနဲ့ မှည့်ခေါ်ထားတတ်ကြပါတယ်။ ဒါကြောင့် မအူပင်ဟာ မည်သည့်ဘာသာစကား

လဲဆိုတာ သိချင်နေတာဖြစ်ပါတယ်”

မအူပင်ဆိပ်ခံသို့ ကပ်လာသဖြင့် စကားပြတ်သွားသည်။ ဇော်မင်းထွန်းစိတ်ထဲတွင် တော်ပါသေးရဲ့ဟု စိတ်သက်သာရာရသွားသည်။ ခင်ဂမုန်းက မစ္စတာတေလာ ထွက်သွားသောအခါ ‘သိပ်လှေ့လာတာပဲနော်’ ဟုပြောလိုက်သည်။ လူသံသူသံများကြားလာရသည်။

‘ဘယ်နှစ်နာရီးထိုးပြီလဲ’

‘ဆယ်နာရီထိုးခါနီးပြီ’

သတို့သမီးနှင့် သတို့သားတို့သည် သူတို့အခန်း ရှေ့ရှိဝရန်တာ လက်ရန်းမှ မြို့ဘက်သို့ ကြည့်နေကြသည်။ မစ္စတာတေလာသည် ဆိပ်ခံဖောတံတားမှ ဈေးဘက်သို့ ထွက်သွားသည်ကို တွေ့လိုက်ရသည်။ လက်ဖက်ရည်ဆိုင်မှ အသံချဲ့စက်သံကြားရသည်။

‘ပျော်ရဲ့လား’

ခင်ဂမုန်းက ဘာမှပြန်မပြော။ ပြုံး၍သာကြည့်နေသည်။

‘အိပ်ချင်ပြီလား’

ဇော်မင်းထွန်းအသံက တိုးနေသည်။ ခင်ဂမုန်းက မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

‘အကောင်းမေးတာပါ မုန်းကလဲ’

‘မအိပ်ချင်သေးပါဘူး၊ ဒီည မအိပ်ဘူး၊ ခင်စိန်လှိုင့် ဝတ္ထု

အပြီးဖတ်ရမယ်'

'ဆာလိုက်တာကွာ၊ မစ္စတာတေလာ လက်ဖက်ရည်ဆိုင် သွားတယ်နဲ့တူတယ်၊ သူ့နောက်လိုက်ဦးမှပဲ၊ လာ. . . မုန်းလဲ လိုက်ပါလား'

'မလိုက်ချင်ပါဘူး၊ ခြင်ကိုက်မှာ၊ ထွန်းလဲ မသွားရဘူး။ မုန်း ဟောလစ်ဖျော် ပေးမယ်လေ'

'ဟောလစ်က လူမမာစော်နံပါတယ်'

'ဒါဖြင့်မိုင်လိုသောက်၊ မုန်းကောင်းကောင်း ဖျော်ပေးမယ်'

'ဖျော်တတ်လို့လား'

'အံမယ် အိမ်မှာ ဒယ်ဒီ့ကို မုန်းဖျော်ပေးရတာရှင့်၊ ရုံးမှာ ရဲဘော်တွေ ဖျော်တာ ကြိုက်တာမဟုတ်ဘူး မုန်းမှမုန်း'

ခင်ဂမုန်းသည် အခန်းထဲဝင်ကာ ခြင်းထဲမှ ဟောလစ် ဖျော်ရန် ပစ္စည်းထုတ်နေသည်။

မကြာမီ ဟောလစ်တစ်ဖန်ခွက်နှင့် မိုင်လိုတစ်ဖန်ခွက် ရောက်လာသည်။ ဇော်မင်းထွန်းက မိုင်လိုသောက်ကြည့်သည်။ တစ်ငုံသောက်ပြီး ပြုံးနေသည်။

'မုန်းဖျော်တာကောင်းတယ် မဟုတ်လား'

'ကောင်းပါတယ် ဒါပေမယ့်. . .'

'ဘာ ဒါပေမယ့်လဲ၊ ပြောစမ်းပါဦး။ သောက်ကောင်းအောင် နို့တွေအများကြီးထည့်ထားတာ မကြိုက်ယင် နောင်ဖျော်မပေးဘူး'

http://myanmarpyithar.net

ယူနီ:ရွှေအိမ်

ခင်ဂမုန်း၏အသံမှာ စူသံ၊ မူသံ။

'မဟုတ်ပါဘူး၊ မကောင်းဘူးပြောတာမဟုတ်ပါဘူး၊ ကိုယ်က လက်ဖက်ရည်သမား၊ မိုင်လိုတို့ အိုဗာတင်းတို့ ဘာတို့ သောက်တတ်တာမဟုတ်ဘူး၊ လက်ဖက်ရည်ပဲ သောက်နေကျ. . .၊ ဖေဖေ့ဆီက လက်ဖက်ရည်သောက် အကျင့်ရခဲ့တာဆိုပါတော့'

'ဟင်. . .'

'အဖေက ငယ်ငယ်က နိုင်ငံရေးသမား မဟုတ်လား၊ လက်ဖက်ရည်ဆိုင် ထိုင်နေကျ။ ကိုယ့်ကိုလဲ လက်ဖက်ရည်ဆိုင် ခေါ်ခေါ်သွားတတ်တယ်။ သူတို့ ရဲဘော်တွေကို လက်ဖက်ရည်ဆိုင်မှာ ချိန်းကြတာ။ လက်ဖက်ရည်ဆိုင်က လူထုအသံကို ကြားနိုင်တယ်တဲ့'

'ဟုတ်လား'

မစ္စတာတေလာ သူတို့အပါးရောက်လာသည်။

'ဘယ်ရောက်လဲ၊ လက်ဖက်ရည်ဆိုင်ကလား'

'ကျွန်တော် ရွှေဘုန်းပွင့်ဘုရားကို ရောက်ပါတယ်'

ခင်ဂမုန်းမှာ အံ့ဩနေသည်။ ငယ်ငယ်က မအူပင်ရောက်ဖူးသော်လည်း ဘုရား၏ ဘွဲ့ကို သတိမထားမိ။

'ကျွန်တော် မြန်မာပြည်က မြို့တစ်မြို့ကို ရောက်တိုင်း ဘုရားနဲ့ ဈေးကို သွားပါတယ်။ ယဉ်ကျေးမှုနဲ့ စီးပွားရေးကို သိနိုင်ပါတယ်။ ရွှေဘုန်းပွင့်ဘုရားက သိပ်ရှေးဟောင်းတော့ မဟုတ်ဘူး

http://myanmarpyithar.net

ထင်ပါတယ်၊ ရွှေဆည်းလည်းသံ သိပ်သာယာပါတယ်’

ဇော်မင်းထွန်းက အသာခေါင်းညိတ်ပြသည်။ ခင်ဂမုန်းက လည်း ထို့အတူပင်။

“ပြည်ရောက်ယင်တော့ ရှေးဟောင်းဘုရားစေတီများကို တွေ့နိုင်မယ်လို့ မျှော်လင့်ပါတယ်။ ပိသနိုးကို ကျွန်တော်သွားမယ်။ ပျူယဉ်ကျေးမှုကို လေ့လာခွင့်ရမယ် ထင်ပါတယ်။ ကောင်းသောညနေခင်းပါ”

မစ္စတာတေလာနှုတ်ဆက်ထွက်သွားပြီးနောက်ဇော်မင်းထွန်း ရင်ခုန်စွာ ကျန်ရစ်သည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

(၃)

အိပ်ရာမှနိုးသောအခါ အခန်းပြတင်းမှန်မှ နေရောင်ရိပ်ရေးရေးကိုမြင်ရသည်။ အဝေးမှ ဖုတ်ချက်ဖုတ်ချက် စက်တပ်လှေသမ္ဗာန်များ၊ ကမ်းစပ်မှ လှေသမားများ၏ အသံများသဲ့သဲ့ကြားရသည်။ ရန်ကုန်မှာလို မော်တော်ကားသံမကြားရတော့။

'ထွန်းထွန်း ထတော့ကွာ'

ခင်ဂမုန်း၏ ပျင်းတွဲ့တွဲ့၊ လေးတေးတေးအသံ။

ဇော်မင်းထွန်းသည် ငြိမ်သက်လျက်ရှိသည်။ ရေလှိုင်းနှင့်သဘော်ဝမ်းဗိုက် ရိုက်ခတ်နေသော တဖျပ်ဖျပ်အသံများ ကြားနေရသည်။

'ထတော့ကွာ။ မိုးလင်းနေပြီ. . .'

ဇော်မင်းထွန်းသည် လူးလွန့်လာသည်။ သူသည် ဖလန်နယ်ပန်းပွင့်ညဝတ်အကျီပွပွကို ဝတ်ထားသည်။ ခင်ဂမုန်းကစပို့ရှပ်

http://myanmarpyithar.net

ယွန်းရွှေအိမ်

စိမ်းပြာ အနက်စင်းကို ဝတ်ထားသည်။

'အိပ်ရေးတောင် မဝချင်သေးဘူးကွာ။ မုန်းကလဲ. . .'

ခင်ဂမုန်းက သူ့ကို မျက်စောင်းထိုးလိုက်သည်။

အပြင်ဘက်တွင်ကား ကောင်းကင်သည် ပြာလဲ့လဲ့ ပြေးနေသည်။ ညတစ်ညသည် ကုန်ဆုံး၍ နေ့သစ်တစ်နေ့သို့ရောက်ပေပြီ။ သူတို့အဖို့ ထိုညတစ်ညသည် သူတို့ဘဝ၏ နယ်ခြားမျဉ်းကြောင်းတစ်ကြောင်းပင်။ မနေ့ညနေခင်းအထိပင် သူတို့သည် လွတ်လပ်သော အပျိုလူပျိုကလေးများ။ ယခုတစ်ည လွန်မြောက်ပြီးသောအခါ အိမ်ထောင်သည်များ ဖြစ်သွားကြပေပြီ။

ဇော်မင်းထွန်းသည် ခင်ဂမုန်းကို ကြည့်ကာ အိပ်ရာမှထလိုက်သည်။ ခင်ဂမုန်းက သူ့ကို ကြည့်နေသည်။ သူမသည် ပွနေသောဆံပင်ကို လက်ဖြင့်သပ်ကာ မတင်သည်။ တွန့်နေသော အင်္ကျီကို ဆွဲဆန့်သည်။ ပန်းပွင့်ဖြစ်နေသော စိမ်းပြာရောင်စပို့ရှပ်ကို အစင်းဖြစ်အောင် ဆွဲချသည်။ ခင်ဂမုန်းမှာ ရှက်သွေးဖြင့် ပန်းနုရောင် ဖျော့ညှံ့နေသည်။

ဇော်မင်းထွန်းသည် ပြတင်းကို ဖွင့်လိုက်သည်။

'ထွန်းထွန်းကလဲကွာ၊ အဝတ်တောင် မလဲရသေးဘူး'

လင်းအရုဏ်သည် အခန်းတွင်းသို့ ဝင်လာလေပြီ။ တစ်ခန်းလုံး ပန်းနုရောင်ဖြင့် နုပျိုသွားသည်။ သူတို့သည်လည်း သူတို့ဘဝ၏ နုပျိုစပင်မဟုတ်လော။

http://myanmarpyithar.net
ယွန်းရွှေအိမ်

'မုန်း နေကောင်းလား'

'ကောင်းသားပဲ၊ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့ မေးတာလဲ'

'ညကတော့. . .'

'အိုး. . . သူဘာမှဖြင့်မသိဘဲနဲ့'

ခင်ဂမုန်းက သူ့ကို မျက်စောင်းတစ်ချက်ထိုးလိုက်သည်။ မျက်နှာကတော့ ပြုံးလဲ့လဲ့။

'ထတော့မယ်ကွာ. . . ဈေးထဲလျှောက်ကြည့်ရအောင်'

ခင်ဂမုန်းသည် ပြောပြောဆိုဆိုပင် ထလိုက်သည်။

သူတို့သည် သူတို့နှစ်ယောက်တည်းသာ နားလည်နိုင်သော ဘာသာစကားဖြင့် ပြောနေကြပြီ။ ရင်းနှီးမှုသည် မနေ့က နှင့်ပင်မတူတော့၊ သမီးရည်းစား ဘဝတုန်းကတော့ လူမှုရေး အဟန့်အတားတွေကများမြောင်လှသည်။ မိဘရှေ့မှာမို့ အစ်ကိုတွေ ရှေ့မှာမို့ သူငယ်ချင်းတွေရှေ့မှာမို့ ဘယ်နေရာမှာမို့ ဘာမို့ညာမို့ နှင့် စိတ်ထဲရှိတာ လွတ်လွတ်လပ်လပ်မပြောရ။ အခန်းထဲတွင် နှစ်ယောက်တည်း။ ဘယ်အဟန့်အတားမျှ မရှိတော့ပြီ။

ခင်ဂမုန်း မျက်နှာသစ်ရန် အပြင်ထွက်သွားသောအခါ ဇော်မင်းထွန်းသည် စောင်ကို ခွာလိုက်ယင်း ခင်ဂမုန်း ကျန်ရစ်ခဲ့သော လက်ကိုင်ပဝါ ပန်းရောင်လေးကို ခေါင်းအုံးဘေးတွင်

http://myanmarpyithar.net

သွားတွေ့သည်။ လက်ကိုင်ပဝါလေးက ပန်းရောင်းရောင်နှင့် အနီရင့် တွဲထားသည့်အဆင်။ သည်အဆင်လေးသည် သူ့ရင်ကို လှိုင်းခတ်လိုက်သည်။ ပန်းနုနှင့် ပန်းရင့်၊ ငါနုနုကို လက်ဆောင် ပေးဖူးတဲ့ ဆွယ်တာအရောင် အတွဲမျိုးပါလား။

ခင်ဂမုန်း၏ လက်ကိုင်ပဝါမှာ ရှယ်နယ်ရေမွှေးနံ့သင်းနေ သေးသည်။ နုနုအကြိုက်က ဂိုယာနံပါတ် - ၉။ ရှေးကတည်းက သူ့အမေများလက်ထက်ကတည်းက သုံးနေသော ရေမွှေး။ ရှယ်နယ် က စူးသည်ဟု နုနုကမကြိုက်၊ နုနုက ခပ်ယဉ်ယဉ်၊ ခပ်ပျော့ပျော့ ကိုသာကြိုက်သည်။

'ထွန်းရေ. . . ထတော့ကွာ၊ အပျင်းထူမနေနဲ့'

မျက်နှာသစ်ရာမှ ပြန်လာသော တဘက်ခြုံထားသော ခင်ဂမုန်းက ပြောပြောဆိုဆိုပင် ဇော်မင်းထွန်း၏ အညာစောင်အနီ ကြီးကို ဆွဲယင်းပြောလိုက်သည်။

'ရေတွေက သိပ်နောက်တာပဲ၊ ဘယ်ကရေတွေလဲ၊ မြစ်ထဲ ကရေတွေလား'

ဇော်မင်းထွန်းမှာ မကြားသလို ငေးတေးတေး၊ စကား တုံ့ပြန်မကြား၍ ဇော်မင်းထွန်း၏ မျက်နှာပေါ်မှ အလွမ်းစ အလွမ်းရိပ်ရေးရေးကို တွေ့မြင်သွားသည်။

'ထွန်း . . . ပြန်အိပ်ပြီး အိပ်မက်မက်နေတာလား၊ မုန်းပြောတာ မကြားဘူးထင်တယ်'

http://myanmarpyithar.net
ယွန်းရွှေအိမ်

'ကြားသားပဲ၊ အိပ်ချင်မပြေသေးလို့ပါ'

'ရေတွေက သိပ်ညစ်ပတ်တာပဲ၊ သိလား'

'ဟုတ်လား'

ဇော်မင်းထွန်းက သူဘာပြောလိုက်သည်ကို အခုမှ သဲသဲကွဲကွဲသိလိုက်ရသည်။ စိတ်ကူးအမျှင် ပြတ်သွား၍ တကယ့်လောကနှင့် ရင်ဆိုင်လိုက်သည်။

'မြစ်ထဲကရေက ကောင်းပါတယ်။ ရေတစ်ပိဿာရှိယင် သန့်တယ်ဆိုတော့ ဟား. . . ဟား. . .'

ဇော်မင်းထွန်းသည်ဟာသဖြင့် ခင်ဂမုန်း၏ရေပြဿနာကို ပေါ့အောင် လုပ်ပစ်လိုက်သည်။

'မုန်းတော့ မရဘူးကွာ။ ဇီဇာကြောင်တယ်ပဲဆိုဆို'

'ကဲ. . . ထမယ်၊ ဈေးသွားချင်ယင်ပြင်ထား'

ဇော်မင်းထွန်းသည် စကားလွှဲကာ အိပ်ရာမှ ထပြီး တစ်ဘက်ရှိ ရေချိုးခန်းဘက်သို့ ထွက်သွားသည်။ စိတ်ထဲကမူ အမျိုးသမီးတွေက တစ်မျိုးပဲဟု အောက်မေ့လိုက်သည်။

ကြွေခွက်မှာ မျက်နှာသစ်သည်။ ကြွေခွက်ကတော့ နည်းနည်းညစ်ပတ်သည်။ သူသည် ဘေးရှိ ဆပ်ပြာနှင့် ပွတ်တိုက်သည်။ ချေးများ အနည်းငယ်စင်သွားပြီး ဖြူလက်လာသည်။ ရေက နည်းနည်းနောက်သည်။ ကိစ္စမရှိပါ။ အနံ့အသက်မရှိ၊ ဖေဖေပြောဖူးသည်။ တော်လှန်ရေးတုန်းက ရေငတ်လွန်း၍ ရွှံ့ရေသောက်ခဲ့ရ

သည်တဲ့။ “ဟေ့သား လောကမှာ ရှိသမျှထဲက အကောင်းဆုံးအဖြစ်နိုင်ဆုံးကိုသာ လုပ်ရမှာ။ မရှိတာ မဖြစ်နိုင်တာကို မပူဆာနဲ့” ဟု သူငယ်စဉ်ကျောင်းသားဘဝက ဖခင်ကပြောဖူးသည်ကို စွဲနေမိသည်။ ဖခင်မှာ စာဖတ်သူ၊ လေ့လာသူဖြစ်သည်။ စာအုပ်စင်တွင် နဂါးနီ စာအုပ်တွေတစ်ထပ်ကြီး။ သည်လောက် ရှေးကျတဲ့ စာအုပ်တွေကို ဘာလို့များ သိမ်းထားပါလိမ့်၊ စာရွက်တွေက ဝါကြင်ကြင်နဲ့။ အင်္ဂလိပ်စာအုပ်တွေကလည်းမနည်း။ နှုတ်ခမ်းမွှေး၊ ထိပ်ပြောင်၊ မုတ်ဆိတ်မွှေးပုံတွေနဲ့။

‘ထွန်းထွန်း. . . ဘာလုပ်နေတာလဲ၊ ကြာလှချေလား’

သဘော်ဝရန်တာလက်ရန်းမှ ခင်ဂမုန်း အသံပေါ်လာသည်။

‘မုန်းကပြင်ဆင်ပြီးပြီ။ ဈေးထဲသွားမလို့လား’

အသံနှင့်အတူ ရေမွှေးနံ့က ရောက်လာသည်။

ဇော်မင်းထွန်းသည် ထွက်လိုက်သည်။

ခင်ဂမုန်းသည် သူ့ဖခင်နိုင်ငံခြားမှဝယ်လာသော နိုင်လွန်ဆွယ်တာ အစိမ်းနု၊ ကျောက်စိမ်းရင့်ပန်းပွင့်၊ နီလာရောင်ပန်းပွင့်များရောခတ်ထားသောတူတယ်ထဘီ၊ ရွှေရောင်ဒေါက်မြင့်ဖိနပ်နှင့်။

‘ဟာ . . . ကိုယ့်မိန်းမက တယ်ချောနေပါလား။ မှတ်တောင်မမှတ်မိဘူး’

ဇော်မင်းထွန်း၏ စောစောက အတွေးမီးခိုးရောင်များ

http://myanmarpyithar.net
ယွန်းရွှေအိမ်

သည် လွင့်စင်သွားလေပြီ။

'ဘာလို့ကြာနေတာလဲ'

'ဩော်. . . ကြွေဇလုံညစ်ပတ်လို့ ဆေးနေတာ မုန်းရဲ့'

'ဟင်. . . ထွန်းကလဲကွာ ရွံ့စရာကြီး၊ လူတကာသုံးနေတဲ့ ဟာကြီးကိုများ'

'သန့်သန့်ရှင်းရှင်း ဖြူဖြူစင်စင်လေး သုံးရတာပေါ့'

ခင်ဂမုန်း၏ မျက်နှာမှာ အမှောင်ရိပ်သန်းသွားသည်။ အစိမ်းနုများပင် ရင့်သွားသည်။

'အလုပ်သမားတွေလုပ်မှာပေါ့'

မစ္စတာတေလာလှေကားဘက်မှပေါ်လာသည်။

'လာ. . . ထွန်း၊ အဝတ်လဲတော့'

သူတို့၏ အကျဉ်းအကျပ်ကို သမိုင်းဆရာက ကယ်လိုက်သည်။

ဇော်မင်းထွန်း ကပျာကယာ အဝတ်လဲပြီးနောက် အောက်သို့ဆင်းရန် လှေကားအကွေ့ မစ္စတာတေလာနှင့် ဆုံသည်။ သူတို့နှစ်ယောက်ကို နှုတ်ဆက်သည်။

'မင်္ဂလာနံနက်ခင်းပါ'

'မစ္စတာတေလာ ကျွန်တော်တို့နဲ့လိုက်ခဲ့ပါလား'

'ကျွန်တော်အခုပဲ စျေးကပြန်လာပါတယ်။ မအူပင် မုန့်ဟင်းခါး တော်တော်အရသာရှိပါတယ်'

http://myanmarpyithar.net
မြန်မာပြည်သား

'မစ္စတာတေလာက မုန့်ဟင်းခါးကို သုတေသန လုပ်မလို့လား'

'ကျွန်တော်က ကျွန်တော်ရောက်တဲ့နေရာက အစားအစာကို စားကြည့်ပါတယ်။ ငါးကသိပ်ချိုပါတယ်။ ဗီယက်နမ်မှာလဲ မုန့်ဟင်းခါးရှိပါတယ်'

ခင်ဂမုန်းက အံ့သြနေသည်။

'အစားအသောက် မုန့်ပဲသရေစာတို့၊ တူရိယာပစ္စည်းတို့၊ ဝတ်စားဆင်ယင်မှုတို့ကို လေ့လာယင် လူမျိုး တစ်မျိုးနဲ့တစ်မျိုး ဆက်စပ်ပုံ၊ ဆင်းသက်နွှီးနွယ်ပုံတွေကို သိနိုင်ပါတယ်'

ဆိပ်ခံတွဲပေါ်မှ သောင်ပေါ်သို့ ဆင်းလာကြသောအခါ ခင်ဂမုန်းက

'သူတို့က စေ့စေ့စပ်စပ် လေ့လာတယ်နော်'

'ဒီကိုလာတာကိုက လေ့လာဖို့လာတာ၊ မလာခင်ကလဲ စာအုပ်တွေအများကြီး ဖတ်လာခဲ့ဦးမှာ ဟုတ်တယ်မဟုတ်လား'

'ဒါကတော့ ဘယ်တူပါ့မလဲ၊ သူတို့က ပညာရပ်တစ်ရပ်အနေနဲ့ကို စူးစိုက်မှတ်သားရတာကို ဒါကိုပဲ တစ်ဘက်သတ်အားရုံထားတော့ သတိပြုမိတာပေါ့၊ သတိမမူ ဂူမမြင်တဲ့'

သူတို့သည် ဈေးသို့သွားကာ မုန့်ဟင်းခါးစားကြသည်။ ထို့နောက် ဟိုဈေးတန်း ဒီဈေးတန်း ဝင်ကြည့်ကြသည်။ အထည်တန်းကို ခင်ဂမုန်း စိတ်ဝင်စားသည်။ သား၊ ငါးတန်းနားရောက်

http://myanmarpyithar.net

သောအခါ ဇော်မင်းထွန်းက အထဲဝင်ချင်သည်။

'ဟာ. . ထွန်းကလဲ၊ ညစ်ပတ်လို့။ မုန်းဖိနပ်တော့ ပျက်စီးကုန်မှာပဲ'

ခင်ဂမုန်းက နှုတ်ခမ်းစူနေသည်။

'ဘာလုပ်ဖို့လဲ'

'စားစရာလေးဘာလေးကြည့်ရတာပေါ့'

'ဒါဖြင့် ကိုယ်သွားကြည့်မယ်၊ မုန်း ဒီကစောင့်နေ'

ပြောပြောဆိုဆိုပင် ဇော်မင်းထွန်းသည် ထွက်သွားသည်။ ခင်ဂမုန်းက အဖြူရောင်လက်ကိုင်အိတ် လွယ်လျက် မနှစ်မြို့သောမျက်နှာဖြင့် ရပ်စောင့်လျက်ကျန်ရစ်သည်။ ဘယ်လိုဟာလဲ မသိဘူး။ လှိုင်းတစ်လုံး သူ့ရင်သို့လာရိုက်ခတ်သည်။ ဤလက်ကိုင်အိတ်လေးမှာ သူမ၏ ယောကျ်ားလေးသူငယ်ချင်း ဆန်နီခေါ် ကျော်ကြီး၏ မွေးနေ့လက်ဆောင်ဖြစ်သည်။ မုန်းနှင့် တစ်ရက်ကွက်တည်း။ မိဖချင်းခင်ကြသည်။ နောက် မိဘချင်း မသင့်မြတ်ကြသဖြင့် အနေဝေးသွားခဲ့ရသူ။ ပါးပါးလျလျ၊ ခါးနွဲ့နွဲ့၊ အသန့်ကြိုက်၊ အကောင်းကြိုက်၊ ကရဝိတ်၊ အင်းယားကန်ဟိုတယ်တို့မှာ သူတို့စားနေကျ စမြိန်ရိပ်သာ။ ကျော်ကြီးက အရက်တော့အကြိုက်သား၊ သန့်ပြန့်ခမ်းနားသည့်ဆိုင်မှ သူ့ကိုခေါ်သည်။ ဒီလို ငါးစိမ်းတန်းဆို ဝေလာဝေး။

ညှီနံ့ရ၍ ကြည့်လိုက်ရာ အပါးသို့ ဇော်မင်းထွန်း ရောက်

http://myanmarpyithar.net
ယွန်းရွှေအိမ်

လာသည်ကို တွေ့လိုက်ရသည်။ ဟောတော့၊ ဇော်မင်းထွန်းသည် နှုတ်ခမ်းမွှေးနီနီများ ထောင်ထောင်နှင့် ပုစွန်တုပ်စိမ်းစိမ်းများကို အင်ဖက်စိမ်းထဲ ထည့်ကာ သင်အူကြိုးဖြင့် ဆွဲလျက်။ မျက်နှာက ချိုပြုံးလျက်။

'လတ်တာနဲ့ ဝယ်လာတာ၊ မလတ်ဘူးလား မုန်း'

'ဒါ ဘာလုပ်ဖို့လဲ'

ခင်ဂမုန်းအသံက မာလျက်၊ မျက်နှာက စူလျက်။

'မုန်းကြိုက်တယ်ထင်လို့ ဝယ်လာတာ၊ စားဖို့ပေါ့။ မုန်းကြိုက်တယ်မဟုတ်လား'

ခင်ဂမုန်းက ဘာမျှပြန်မပြော။ ခင်ဂမုန်းမျက်နှာမှာ နီရဲလျက်၊ ဇော်မင်းထွန်းက အံ့သြနေသည်။

ခင်ဂမုန်းသည် လက်ကိုင်ပုဝါပန်းရောင်လေးကို ထုတ်ကာ နှာခေါင်းကို ပိတ်သည်။ ဘေးကလူတွေက သူတို့နှစ်ယောက်ကို ငေးကြည့်နေကြသည်။ တချို့က ရုပ်ရှင်ရိုက်သည်ဟု ထင်နေကြသလားမသိ။

'ပြန်မယ်'

ခင်ဂမုန်းက သူနှင့် ယှဉ်မလျှောက်။ ရှေ့က မြန်မြန်လျှောက်သည်။ ဇော်မင်းထွန်း နောက်က မနည်းမီအောင် လိုက်ရသည်။

'ဒီပုစွန်က ဘာလုပ်မှာလဲ'

http://myanmarpyithar.net
ယွန်းရွှေအိမ်

'စားဖို့ပါဆိုနေမှ'

'ဘယ်သူချက်မှာလဲ'

'မုန်း မချက်တတ်ဘူးလား'

'မချက်တတ်ဘူး'

'အောက်ထပ်မှာ ခရီးသည်တွေအသုံးပြုဖို့ မီးဖိုခန်းတွေရှိတယ်။ ကုန်းပတ်ကလူတွေ ချက်စားကြတာ'

'မုန်းတို့က ကုန်းပတ်က စီးတာမဟုတ်ဘူး'

ခင်ဂမုန်း မြေကြီးမှ ဆိပ်ခံသို့အကူး ကုန်းဘောင်အတက်တွင် နည်းနည်းယိုင်သွားသည်။ ခပ်သုတ်သုတ် ခပ်လောလောဖြစ်၍ ယိုင်သွားခြင်းဖြစ်သည်။ ဇော်မင်းထွန်းက မုန်းကို နောက်မှဆွဲလိုက်သည်။

'မမမုန်း. . ရွှေရောင်ဒေါက်မြင့် ဖိနပ်စီးပြီးလဲယင် ကြည့်မကောင်းဘူးနော်'

သည်တော့မှ ခင်ဂမုန်း ပြုံးစိစိဖြစ်သွားသည်။

'ထွန်းထွန်းနော်'

ဇော်မင်းထွန်းက မုန်းနောက်က ပုစွန်တုပ်များစွဲလျက်ကပ်ပါလာသည်။

ဇော်မင်းထွန်း၏ ဟာသကြောင့် ခင်ဂမုန်းပင် စောစောက ဒေါသမူရိပ်များ နည်းနည်းလွင့်စင်သွားပြီ။

'မုန်း နောက်ကမလိုက်နဲ့နော်. . ထွန်း။ ညီစော်နံတယ်ကွ'

## ၃၀ ဒဂုန်တာရာ

ပထမတန်းသို့အကွေ့တွင် တေလာနှင့် ဆုံပြန်သည်။

'ဟာ. . ပုစွန်တွေဝယ်လာသလား၊ သိပ်ကောင်းပါတယ်။ ခင်ဗျားတို့ပြည်မှာ လတ်လတ်ဆတ်ဆတ်စားရတယ်၊ သိပ်ကောင်းတယ်။ ကျွန်တော်တို့ဆီမှာ လတ်လတ်ဆတ်ဆတ်ဆိုယင် သိပ်ဈေးကြီးတယ်။ သူဌေးမှစားနိုင်တယ်။ စည်သွတ်ဗူးစားရတာ အရသာမရှိပါဘူး။ မြန်မာပြည်ဟာ သိပ်နေဖို့ကောင်းတယ်'

တေလာက သူတို့နှစ်ယောက်၏ တင်းမာမှုကို နောက်ဆုံးဖြေလိုက်သည်။ ခင်ဂမုန်း၏ ဒေါသမူရိပ်များ နောက်ဆုံး လွင့်စဉ်လျှောကျသွားပေပြီ။

'အိမ်က မေမေထည့်ပေးလိုက်တဲ့ ဝက်အူချောင်းတို့၊ ဆိတ်သားခြောက်ကြော်၊ ငါးပိကြော်တို့၊ သရက်သီးသနပ်တို့က တစ်လလောက်စားနိုင်ပါတယ်ကွာ'

သူတို့နှစ်ယောက် အခန်းထဲဝင်သွားကြသည်ကို တေလာက ငေးကြည့်ကျန်ရစ်သည်။

အခန်းထဲ ရောက်သောအခါ ခင်ဂမုန်းက . . .

'ထွန်းထွန်းက ဘာလို့ ဒီပုစွန်တွေ ဝယ်လာမှန်းမသိဘူး'

'ကိုယ်စားချင်လို့ပါ'

'ဘယ်မှာချက်မှာလဲ၊ မုန်းက လျှပ်စစ်မီးဖိုသာ သုံးတတ်တာ၊ မီးမမွှေးတတ်ဘူး'

ခင်ဂမုန်းအသံက နည်းနည်းပျော့လာသည်။ စောစောက

http://myanmarpyithar.net

ယုန်းရွှေအိမ်

လောက် မမာတော့။

'ကိုယ်လုပ်တတ်ပါတယ်၊ ကုန်းပတ်က အဒေါ်ကြီးကို စည်းရုံးရမှာပေါ့'

ပြောပြောဆိုဆိုပင်ပုစွန်အထုပ်ကို ဆွဲကာထွက်သွားသည်။

'ထွန်းထွန်းက သွားရောပြန်ပြီ'

ဇော်မင်းထွန်းက ဘာမျှမကြားသလိုပင်။ သူသည် ကုန်းပတ်ဘက် ထွက်သွားသည်။ ပထမနေ့ကတည်းက အညာသို့ အောက်ကုန်များကူးသော စျေးရောင်းသည့် အဒေါ်ကြီးနှင့် စကား ပြောဖူးသည်။

ခင်ဂမုန်းက ဇော်မင်းထွန်းအကြောင်းကို တွေးနေသည်။ ထွန်းထွန်းက ငါ့အလိုသိပ်လိုက်တာ။ ငါကြိုက်တဲ့ကား သူလိုက် ကြည့်တယ်။ သူကပစ်တာခတ်တာ၊ သတ်တာပုတ်တာကြိုက်တာ မဟုတ်ဘူး။ ငါက ဒီကားမျိုးသာ ကြည့်ချင်တာ။ ရင်ဖိုရတာ ကောင်း တာပေါ့။ ရင်မဖိုချင်ယင် အိပ်ခန်းထဲကုပ်နေမှာပေါ့။ သူက ဇာတ်လမ်းနဲ့ အချစ်ကားမှ ကြိုက်တာ။ သူက လမ်းဘေးဆိုင်လဲစား ချင်စားတာ။ မုန်းတို့ကတော့ အင်းယားလိပ်၊ ကရဝိတ်က တစ်ပြားမှ မလျှော့နိုင်ဘူးရှင့် မုန်းကလေ။

'ပုစွန်ဟင်း စားရတော့မယ်'

ဇော်မင်းထွန်း ပြန်ရောက်လာသည်။

'တော်ကြာ ကျက်မှာ၊ ဆီပြန်ဟင်းချက်ခိုင်းထားတယ်'

http://myanmarpyithar.net

'ဘယ်သူက ချက်ပေးတာလဲ'

'ကုန်းပတ်မှာ စျေးသည်တွေရှိတယ်၊ သူတို့က အထက်နဲ့ အောက် အစုန်အဆန်လိုက်ပြီး အောက်ကကုန် အထက်ယူ၊ အထက်ကကုန် အောက်ကယူနဲ့ပဲ ကုန်ကူးနေကြတဲ့ ခရီးသည်တွေ။ ကုန်းပတ်က စီးတာမုန်းရဲ့။ ငါးပိငါးခြောက်၊ ငံပြာရည်တို့ သယ်လာကြတာ၊ မနေ့ကတည်းက အဲဒီအဒေါ်ကြီးနဲ့ အသိဖြစ်လာတာလေ။ သူကချက်ပေးမှာ။ သိပ်သဘောကောင်းတယ် မုန်းရဲ့'

'မေမေက ချက်ပေးလိုက်တဲ့ ကြက်သားကြော်တို့၊ ငါးဖယ်ကြော်တို့လဲ ရှိသားနဲ့ကွာ'

'ကိုယ်က ပုစွန်ကြိုက်တယ်'

'အင်းယားလိပ်မှာ စားယင် သူပဲ ကြက်သားလုံးကြော် စားတာ'

'ဒါက မုန်းကြိုက်တာ မှာပေးရတာကိုး'

ခင်ဂမုန်းမျက်နှာသည် ဝင်းပပ။

'အောင်မယ် အဒေါ်ကြီး ဝင်ငွေက နည်းတာမဟုတ်ဘူး၊ အောက်ကိုစုန်ယင် သနပ်ခါးတုံးတို့၊ ဇီးတော်ဖီတို့၊ အညာစောင်၊ ပုန်းရည်ကြီးတို့၊ မြေပဲတို့၊ ဆီတို့ပြန်ပါလာတာ'

မြဧရာသည် ၁၁ နာရီလောက်တွင် ထွက်သည်။ မအူပင်တွင် ဆန်တင်နေသဖြင့် စောစောမထွက်ခြင်းဖြစ်သည်။

ခင်ဂမုန်းတို့ နံနက်စာတွင် ပုစွန်ကြော်ဟင်းတစ်ခွက်တိုး

http://myanmarpyithar.net

လာသည်။ နှစ်ယောက်သား စကားတပြောပြောနှင့် စားကြသည်။

'ကုန်းပတ်လျှောက်ကြည့်ပါလား၊ ပျော်စရာကြီး မုန်းရဲ့၊ စီးသူ သိပ်မများဘူး၊ နေရာတွေကို ချောင်လို့'

မြဇရာသည် တလက်လက် ပြိုးပြက်နေသော ဇရာဝတီ မြစ်ပြင်ဝယ် တငြိမ့်ငြိမ့်ခုတ်မောင်းလျှက်ရှိနေသည်။

(၄)

ညက ညဉ့်နက်သည်အထိ စကားတတွတ်တွတ် ပြောနေကြသည်။ ခင်ဂမုန်းက ပုစွန်ဆီပြန်ဟင်း စားကောင်းသည်ဟု ပြောနေသည်။ ဇော်မင်းထွန်းက ပြုံးနေသည်။ သူလုပ်တာ ဘယ်လောက်မှန်သလဲ ဆိုသည့်သဘော၊ ခင်ဂမုန်းက မနက်စာ ပုစွန်ဟင်းကိုပင် မတို့၊ မေမေထည့်ပေးလိုက်သည့် ကြက်ကြော်က စားလို့ကောင်းနေတာဟု အကြောင်းပြသည်။ ဇော်မင်းထွန်းက ဘာမျှမပြော။ အငြင်းအခုံမလုပ်၊ စိတ်ထဲကတော့ သူအပြောနှင့် သူမိနေလို့ စားချင်လျက်နဲ့ ဟန်ဆောင်နေတာဟု မှတ်ချက်ချလျက်ရှိသည်။ သူ့ဘာသာသူ တစ်နေ့နေ့သိလာမှာပဲဟု တွေးလျက်ရှိသည်။

ခင်ဂမုန်းက သူ့အယင် အိပ်ပျော်သွားသည်။ သူ့ပါးတွင် ကပ်နေသော ရှယ်နယ်ရနံ့များကို ပွတ်နေမိသည်။ ဘာကြောင့်

မသိ၊ မုန်းအကြောင်း ငါမသိသေးတာတွေ အများကြီးရှိပါသေးလား၊ ငါသိတာက သူ့ပေါင်ဒါနံ့၊ ရေမွှေးနံ့၊ သူ့ပါးဆိုးဆေးအနံ့၊ စကားအတွင်ပြောနေတုန်းကတော့ ရေမွှေးနံ့သာ ရနေခဲ့သည်။ ယခုချွေးနံ့ကို သိလာရပြီ။ မနေ့ညကနှင့်တောင်မတူ။ ပထမညတုန်းကမသိခဲ့။ အပြင်ဘက်မှ မီးရောင်က လေဝင်ပေါက်မှ မုန်းမျက်နှာပေါ်သို့ တစ်ဝက်ထိုးကျနေသည်။ မိတ်ကပ်အလှဆီများပြယ်ကုန်သဖြင့် ပါးအစွန်းမှ အညိုကွက်ပေါ်နေသည်။

သမ္မတရုံမှ အထွက်မှာတောင် ကောင်လေးတွေကငေးကြည့်နေကြတာ။ ငါကတောင်မုန်းကို ယမင်းရုပ်လို့ သူ့ကိုပြောလိုက်မိသေးတယ်လေ။ မီးရောင်နဲ့ဆို မုန်းက သိပ်လှတာ၊ အဆင်အပြင်ကလဲ သိပ်တော်။ အမြဲတမ်းထဘီနဲ့ အင်္ကျီအရောင်ဖက်အောင်ဝတ်တတ်တာ၊ အပေါ်ကအနုဆိုယင် အောက်ကအရင့်။ အခုကြည့်ပါလား။ ညဝတ်အင်္ကျီက အဝါခံမှာ အစိမ်းရင့်အပွင့်အပြောက်တွေ၊ အောက်ကထဘီက ချောကလက်ရောင်နဲ့အစိမ်းကြွပက်ထားတဲ့ အဆင်၊ ဘယ်လောက်လိုက်ဖက်သလဲ။

ဇော်မင်းထွန်းသည် စိတ်လှုပ်ရှားလာပြန်သည်။ မုန်းကချောပါတယ်လေ။

သဘော်ကား တစ်ညလုံးတငြိမ့်ငြိမ့် ခုတ်မောင်းလျက် ရှိသည်။ တစ်နေရာတွင် လှိုင်းရှိသဖြင့် နည်းနည်းလှုပ်သွားသည်။ ဘယ်ရောက်နေပါလိမ့်။ သဘော်အဟယိမ်းတွင် ခင်ဂမုန်းသည်

အိပ်မက်ထဲမှာလို အင်းကနဲညည်းကာ ကိုယ်နည်းနည်း စောင်းသွားသည်။ မီးရောင်တန်းသည် သူမ၏ မျက်ခုံးမွေးများပေါ်သို့ ထိုးကျနေသည်။ ဇော်မင်းထွန်းသည် နိုးသွားသလားဟု အတွေးကို ဖြတ်ကာလှည့်ကြည့်လိုက်သည်။ အမယ်လေးခင်ဂမုန်းမျက်ခုံးမွေး ဘယ်ရောက်သွားပါလိမ့်။ ဇော်မင်းထွန်း လန့်သွားသည်။ ည အိပ်ရာဝင်စက သူတို့အခန်းရှေ့က မီးလုံးမှာ ကျွမ်းသွား၍ မလင်း အိပ်ရာဝင်စက ကြယ်ရောင်မှုန်ပြာလဲ့နှင့် ခပ်ရေးရေးမို့ မမြင်ရ သလားမသိ။ ကောင်းကောင်း သတိမထားမိခဲ့။ စကားတတွတ်တွတ်ပြောယင်း၊ ငြင်းကြခုန်ကြယင်း၊ ရုန်းယင်းကန်ယင်း၊ ပွတ်မိ ထိမိသဖြင့် ဆေးခြယ်ထားတာတွေများ ပျက်သွားလေသလား။ အင့်ဟင်၊ ဇော်မင်းထွန်း ငိုင်ကာ ငေးမောနေသည်။ လှိုင်းငြိမ်သွားပြီ၊ မျက်ခုံးမွေး နှုတ်ထားတာဖြစ်မှာပေါ့၊ ဟိ၊ ဇော်မင်းထွန်းသည် ငိုင်နေရာမှ ရယ်မိသည်။ အသံတောင် အပြင်ထွက်သွားသလား၊ ခင်ဂမုန်းကို ထပ်ကြည့်သည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်၊ တော်ပါသေးရဲ့။

မြနေရာသည် ရောဝတီမြစ်၏ အကွေ့တစ်ကွေ့ကို ကွေ့လိုက်သလို ခံစားရသည်။

ဇော်မင်းထွန်းသည် မြနေရာ၏ လှိုင်းပေါ် နိမ့်လိုက်မြင့်လိုက်စီးနေသည်။ စိတ်က တက်လိုက်ကျလိုက်၊ မုန်းကချောတယ်၊ ပြင်တတ်ဆင်တတ်ယင် ပိုတောင်ချောသေးတာပဲ၊ အဆင်လဲရွေး

http://myanmarpyithar.net

တတ်တယ်၊ လက်ထပ်တဲ့နေ့ကတောင် သူ့ဖခင်မိတ်ဆွေ သခင် ဘဇံရဲ့သား၊ကျောင်းနေဘက်သူငယ်ချင်းဝေဠုက‘ခင်ဗျားသတို့သမီး က တကယ်မိပါလားတဲ့’၊ တကယ်တော့လဲ ရုပ်ကအရေးကြီးတာ မဟုတ်ပါဘူးလေ၊ စိတ်က အရေးကြီးတာပါ။ ရုပ်ကို ပြုပြင်လို့ရတယ် စိတ်ကို ပြုပြင်လို့ရပါ့မလား။

ဇော်မင်းထွန်းသည် တစ်ဘက်သို့ လှည့်လိုက်သည်။ အနံ့ တစ်ခုရသည်။ ဘာနံ့ပါလိမ့်၊ ရေစိုနံ့လိုလို၊ မှိုစော်လိုလို။ သူ သည် အနံ့သိတတ်သည်။ မုန်း၏ရေမွှေးနံ့ဆိုလျှင် သိသည်။ မုန်းလည်း သူ့လိုပင် အမွှေးကြိုက်သူဟု သိနေသည်။ ပန်းပွင့်တွေ့ တိုင်း မုန်းက မွှေးကြည့်သည်။ သူနှင့်အတူ ဘုရားသွားကြလျှင် မုန်းဖို့ သူက ပန်းဝယ်ပေးရမြဲ။ ‘ထွန်းထွန်း မွှေးတဲ့ပန်း ရွေးဝယ်ခဲ့ နော်ဒါပဲ’ ဟု မှာတတ်မြဲ။

တစ်ခါက ပဒုမ္မာကြာပန်းခိုင်တွေ ဝယ်လာသည်။ မုန်းက တန်ဆောင်းထိပ်က ရုပ်စောင့်နေသည်။

‘ထွန်းထွန်းကလဲ ဘာပြုလို့ကြာပန်းတွေ ဝယ်လာတာလဲ’ ဟု နှုတ်ခမ်းစူလျက်။

‘ဘာဖြစ်လို့လဲမုန်း’ ဟု ဇော်မင်းထွန်းက နီရဲလန်းဆန်း သော ကြာပန်းခိုင်များကို ရင်ဝယ်ပိုက်ကာ ပြုံးလျက်။

‘မွှေးမှ မမွှေးတာ၊ ထွန်းထွန်းကလဲကွာ’

‘မွှေးပါတယ်၊ ရှေးက စာဆိုတော်တွေကတောင် ကြာပန်း

http://myanmarpyithar.net

ယွန်းရွှေအိမ်

ထုံမွှေးလို့ စာဖွဲ့ကြသေးတာ’

‘ဟင်. . . ထွန်းထွန်းက အနံ့လဲမရဘဲနဲ့၊ ပန်းရောင်းတဲ့ ကောင်မလေးတွေ ငမ်းပြီးဝယ်လာတာနဲ့တူတယ်။ ဟာဟ’

‘ဗညားနွဲ့မင်းသားကို ပန်းရောင်းတဲ့ ပန်းသည်ပျိုဇွေမနိတ် မဟုတ်ပါဘူးကွာ။ အဘွားကြီးပါ။ သူ့ကနံထဲကခူးပြီး လာရောင်း တာတဲ့။ မဟုတ်ဘူးလား၊ ကြည့်စမ်းပါဦး လှလိုက်တာ။ အောင်မြေ သာစံပတ်ပျိုးထဲမှာ ပဒုံရွှေကြာ၊ အငုံဝေဆာ ဘာတဲ့. . .’

‘မြန်မာစာ ပါမောက္ခကြီး၊ နောက်တစ်ပိုဒ် မေ့နေပြီ မဟုတ်လား’

‘ဖေဖေ ဝါးပတ္တလားတီးယင်း ဆိုသံကြားလို့ မှတ်မိနေ တာပါ။ ကြာပန်းဆိုတာ သစ္စာလေးပါးရဲ့ သင်္ကေတ မုန်းရဲ့’

မုန်းက စူရာမှ ပြုံးလာသည်။

‘ကဲပါ ကြာပန်းလဲတင်မယ်။ နှင်းဆီပန်းတွေ ဝယ်ပေး စမ်းပါဦး၊ ဈေးပေါတာတော့ မဝယ်ခဲ့နဲ့နော်ဒါပဲ’

ဇော်မင်းထွန်းသည် နောက်တစ်ခေါက် နှင်းဆီပန်းများ ဝယ်ပေးရပြန်သည်။

‘ထွန်းထွန်း အပြောကောင်းလို့ ကြာပန်းတွေကပ်မယ်နော်’

‘တို့ကြာပန်းက ဈေးမကောင်း နှင်းဆီလောက် မပေးရ ပေမယ့် လှတယ်။ ရနံ့လေးကသင်းတယ်။ မြန်မာမှုဆန်တယ်’

‘ဆရာကြီးက ကဗျာဆရာလုပ်ဖို့ ကောင်းတယ်’

## ၄၀ ဒဂုန်တာရာ

ဂူထွတ်ရှေ့ရှိ ပန်းစိုက်အိုးကြီးထဲတွင်ကား ကြာပန်းခိုင်သည် ထူးခြားစွာ ပွင့်လန်းနေသည်။

ယခု ဤအာရုံများ သူ့အတွေးထဲရောက်လာသည်။ ဘယ်ကဘယ်လို ဝင်လာသည်မသိ။ မုန်းက အလိုလိုက်တာကို ကြိုက်သူပဲဟု သူတွေးလိုက်သည်။ ဟိုတုန်းက ယခုလို မစဉ်းစားမိခဲ့။ ရုပ်ရှင်ရုံ၊ ဘုရားရင်ပြင်တော်၊ အင်းယားလိပ်၊ သန်လျင်ကျိုက်ခေါက်ဘုရား၊ ရက္ခဗေဒ ဉယျာဉ်၊ မြန္နန္ဒာ ပလာတာအကြွပ်ဆိုင်၊ ကန်တော်ကြီးနဂါးလှေကား၊ ချိုးဖြူရေလှောင်ကန်စသော နေရာများသို့ အတူသွားကြစဉ် ခင်ဂမုန်း ရုပ်ပုံလွှာနှင့် မြဇရာပေါ်က ချစ်ဇနီးမုန်း၏ ရုပ်ပုံလွှာတို့ အတူတူပဲလား။ အမွှေးနံ့သာကြိုက်သောမုန်း၊ မွှေးလှိုင်သောပန်းကိုမှ ဘုရားကပ်ချင်သောမုန်း၊ ဂျမ်းစဘွန်းကား၊ ဘရုစလီကားများကို ကြိုက်သောမုန်း။ ဇာတ်ပွဲကိုတော့ သိပ်ခေါ်မရ၊ အိပ်ရေးပျက်လွန်းတယ် ထွန်းထွန်းဟုပြောသောမုန်း၊ ရှင်မတောင် သနပ်ခါးထက် အေဗွန်အလှပြင်ခြယ်ဆေးကို နှစ်သက်သူ၊ စကားပြောလျှင် အသံမျှဉ်းမျှဉ်း၊ ခပ်ရှရှ မပြီတပြီ ပြောတတ်သောမုန်း။

စောစောက အနံ့ရလာပြန်သည်။ ဟိုဟိုဒီဒီ လှမ်းကြည့်ကာ အနံ့လာရာကို ရှာသည်။ တွေ့ပါပြီ။ အခန်းထောင့်၊ အဝင်ဝအနီးတွင် ပုံနေသော ကွင်းလိုက်ချထားသည့် ထဘီရေစို။ မနေ့ညက ခင်ဂမုန်းရေချိုးသည်ကို သွားသတိရသည်။ ဇော်မင်းထွန်းသည်

ကပျာကယာ အိပ်ရာမှထကာ ခပ်ထိုင်းထိုင်း ဖြစ်နေသော ထဘီကို သားရေသေတ္တာပေါ်တွင်  လှမ်းလိုက်သည်။

ခင်ဂမုန်းကား အိပ်မောကျနေသည်။ ဇော်မင်းထွန်းသည် ခင်ဂမုန်းကို လှမ်းကြည့်မိသည်။ ချစ်စရာ၊ ချောမောလှပသောမုန်း၊ အပြစ်ကင်းစင်သော အမူအရာနှင့် အေးချမ်းငြိမ်သက်စွာ အိပ်စက်လို့နေပါကလား။ အဝတ်အစားများမှာ ကပိုကရိုနှင့်။ ဇော်မင်းထွန်းသည် ထဘီကိုဆွဲချပေးသည်။ စောင်ကို  လုံအောင်ပြုပြင်ပေးသည်။ လှုပ်ပင်မလှုပ်၊ အသက်မှန်မှန်ရှုလျက်။ ဆံပင် အတွန့်ကလေးများက နားထင်ပေါ်ဝဲကျလျက်။ မောမောနှင့် အိပ်နေရှာသည်။ မုန်းလေး၊ ပကတိ ရိုးသားဖြူစင်သော အမူအရာ။

ဇော်မင်းထွန်းသည်  ညဝတ်အကျႌကြယ်စိမတပ်ထား၍ ဟနေသော  နေရာကို လုံအောင်စောင်ကို ဆွဲတင်ပေးသည်။ ညဥ့်နက်လာလေ  အပြင်လေက  အေးလာလေ မဟုတ်လား။ အအေးမိမှဖြင့်။ ခရီးသွားနေတုန်း။ မုန်းမျက်နှာကို ကြည့်မိပြန်သည်။ မျက်ခုံးမွေးနုတ်ထား၍ ပြောင်တလင်းဖြစ်နေသော နေရာတွင် မျက်ခုံးမွေးသေးသေးလေးကို စိတ်ကူးဖြင့် မြင်လာသည်။ သမ္ဘတရုံအပေါ်ထပ်  ရှေ့ဆုံးတန်းမှာ ငွေရောင်ပိတ်ကားနှင့် နီးသဖြင့် ပိတ်ကားမှ အရောင်ဟပ်ပြီး  ရိုက်စဉ်သဖြင့် လင်းလာသောအခါ မုန်းမျက်နှာကို တိတ်တခိုးကြည့်ရသည်။ မျက်လုံးလေးကတော့ မျှင်မျှင်လေး။  မျက်တောင်ကလည်း ခရမ်းရင့်ရောင်

## ၄၂ ဒဂုန်တာရာ

ညို့ညို့လေး။ ပါးကလေးကနီစွေးစွေး။ နှုတ်ခမ်းလေးက ရီမွှေးမွှေး။ မုန်းက ထူထူဆိုးတတ်သူ မဟုတ်လား။

သူ့ရင်ထဲသို့ လှိုင်းတစ်လုံး လာရိုက်၏။ ခင်ထားနု၏ မျက်ခုံးမည်းမည်း၊ သနပ်ခါးရေကျဲနှင့်ပုံသည် ပေါ်လာပြန်သည်။ ပင့်ကူအိမ် အမျှင်ကြားအောက်တွင် မြုပ်နေသော အတိတ်ပုံ ကားချပ်က ဘာဖြစ်လို့ ထွက်လာရပါလိမ့်။ ပင်ကူအိမ်မြေးတွင် ကပ်နေရောပေါ့။

ခင်ထားနုကတစ်မျိုး၊ ယခုမှ တစ်မျိုးမုန်းသိလာရသည်။ အိမ်နေယင်း အမြဲတမ်း သနပ်ခါးလိမ်နေတတ်သူ၊ အပြင်ထွက်မှ သာ ပေါင်ဒါတို့ ဘာတို့ လိမ်းသည်ထင်သည်။ အပြင်ဆိုရသော် လည်း သူနှင့်အပြင်ထွက်ခဲသည်။ ရုပ်ရှင်ပင် တစ်ခါတည်းကြည့်ဖူး သည်။ တစ်ယောက်တည်းမဟုတ်၊ သူ့တူမလေး မြသီတာနှင့် ဖြစ်သည်။ သူနှင့်အတူလည်း သူငယ်ချင်းမင်းမင်းပါသည်။ ၄ ယောက် သွားကြည့်ကြခြင်း ဖြစ်သည်။ တက္ကသိုလ် ပရဝုဏ် အတွင်းသာ တစ်ယောက်တည်းသွားတတ်သည်။ ပန်းချီပြပွဲ စာပေ ဟောပြောပွဲ၊ အနုပညာအသင်းမှ ကျင်းပသော မြို့မငြိမ်း အထိမ်း အမှတ် ဂီတဆည်းဆာ၊ ပန်းအလှပြင်ပွဲ၊ မြေပဒေသာ နွေဦး သီးနှင့်သစ်ခွပန်းပြပွဲသို့ တစ်ခါသွားကြသေးသည်။ အင်းလျားလမ်း က ခေမရဋ္ဌသို့ သူ ရှမ်းခေါက်ဆွဲသွားစားဖူးသည်။ နုနုက ရှမ်း အစားအစာတော့ကြိုက်သည်။ တို့ဟူးခြောက်ကြော်၊ ကောက်ညှင်း

http://myanmarpyithar.net
ယွန်းရွှေအိမ်

ငချိတ်နှင့်လုပ်သော ခေါပုတ်ကြော်။ ခေါပုတ်ကို ပျားရည်နှင့် တို့စားရသည်ဟု ခင်ထားနုကပြောသည်။ တစ်ခါ သူမအိမ် သွားလည်ရင်း ခင်ထားနုကိုယ်တိုင်ကြော်ကာ သူ့ကို ကျွေးခံသည်။

'ပျားရည်နဲ့ တို့စားရတာ ပိုအရသာရှိတယ်။ ထွန်းထွန်း ကော ဘယ်လိုသဘောရသလဲဟင်'

ခင်ထားနုက သူ့ဘက်သို့ ခေါပုတ်ပန်းကန်ကို ထိုးပေးရင်း ပြောလိုက်သည်။ ထိုနေ့က ဇော်မင်းထွန်းက ခင်ထားနု၏ မွေးနေ့ လက်ဆောင်အဖြစ် ကိုတီမျက်နှာလိမ်းပေါင်ဒါ လာပေးသည်။

'ဘာဖြစ်လို့ အဖိုးတန်တွေဝယ်လာရတာလဲ ထွန်းရယ်'

ဇော်မင်းထွန်းက ပြုံးနေသည်။

'တကယ်ပြောတာ၊ နုက မွေးနေ့ပါတီလုပ်တာလဲ မဟုတ် ဘဲနဲ့'

'တစ်ခါ နုနုက မွေးရက်ကို ပြောလိုက်တာကို'

'ထွန်းထွန်းက မှတ်ထားသားပဲနော်'

'မှတ်မိသေးလား၊ တစ်ခါကနုနုသူငယ်ချင်းတွေနဲ့ရေတမာ လက်ဖက်ရည်ဆိုင်မှာ ထမင်းသုတ်စားကြရင်း မော်လီက ဗေဒင် တွက်တယ်။ မမှတ်မိတော့ဘူးလား၊ ကျွန်တော့် သူငယ်ချင်း အံ့ဘွယ်တောင်ပါသေးတယ်လေ. . .'

'အင်း. . .'

'ဗေဒင်တွက်တုန်းက နုနုက မွေးရက်ကို ပြောလိုက်တာ

သိပြီး၊ ထွန်းထွန်းက သိပ်မှတ်ဉာဏ်ကောင်းတာပဲ’

‘ကျွန်တော်က သချ်ာယူတာပါနော်’

‘အမယ် သချ်ာယူတာနဲ့ မှတ်ဉာဏ်ကောင်းတာနဲ့ မဆိုင်ပါဘူးနော်’

ခင်ထားနုက တခွိခွိ ရယ်နေသည်။ ဇော်မင်းထွန်း ကပါလိုက်ရယ်သည်။

‘တကယ်ပြောတာ၊ သချ်ာတော်ရင် ဂီတမှာလဲ တော်တယ်တဲ့’

ခင်ထားနုသည်တစ်ခါ ကြွန္တေမဆည်နိုင်အောင်ရယ်သည်။

‘ဘာဆိုင်လို့လဲ ထွန်းထွန်းရယ်’

‘တကယ်ပြောတာ ဆိုင်တယ်၊ ဂီတသမားက အသံတွေကို မှတ်ရတာ မဟုတ်လား’

ခင်ထားနု မျက်နှာ တည်သွားသည် စဉ်းစားသည့်ဟန်

‘နုမေးပါဦးမယ်၊ ထွန်းထွန်း ဂီတမှာ ဘာတီးတတ်သလဲ’

‘လက်ခုပ်တောင် မတီးတတ်ဘူး’

သည်တစ်ခါတွင်ကား နှစ်ဦးစလုံး ရယ်မောနေမိကြတော့သည်။

‘တကယ်ပြောတာပါ။ အဏုမြူဗေဒပညာရှင် အိန်စတိုင်းဟာ တယော ထိုးတတ်တယ်လို့ ဖတ်ရဖူးတယ်’

‘ထွန်းထွန်းနဲ့ စကားပြောတာ ရယ်ရတယ်၊ တကယ်၊

http://myanmarpyithar.net

ထွန်းထွန်းက ခင်ဖို့ကောင်းတယ်၊ ခေါပုတ်ယူဦး'

ခင်ထားနုက ခေါပုတ်နှင့် ပျားရည်ခွက်ကို သူ့နားတိုးပေးသည်။ နို့သာဖြူရနံ့ သင်းပျံ့လျက်ရှိသည်။

'နုက တိုင်းရင်းသားအစားအစာကို ကြိုက်တယ်၊ ဗန်းမော်ရောက်ယင် ကချင်အစားအစာ စားကြည့်တာပဲ။ လူမျိုးတိုင်းမှာ သူ့ ဝိသေသနဲ့သူ ထူးခြားမှုတွေ ရှိကြတာပဲနော်'

'ကချင်အရက်ကော သောက်မကြည့်ဘူးလား'

ဇော်မင်းထွန်းက တစ်ချက်ပြုံးပြောလိုက်သည်။

'သောက်ကြည့်သားပဲ'

'တကယ်လား'

'တကယ်ပေါ့၊ ကချင်ခေါင်ရည် မြည်းကြည့်ဖူးတယ်'

'တကယ်'

'တကယ်ပြောတာ ထွန်းထွန်း၊ ဖေဖေနဲ့ မနောပွဲလိုက်သွားတုန်းက ခေါင်ရည်ကို ဝါးကျည်တောက်ထဲ ထည့်ထားတယ်။ ကြက်ဥပြုတ်ကို ငှက်ပျောဖက်စိမ်းကန်တော့ထဲ ထည့်လို့။ ဧည့်သည်ကို ကျွေးမွေးယင် မငြင်းရဘူးတဲ့၊ ဘယ်လောက်ချစ်စရာ ကောင်းတဲ့ ဓလေ့ထုံးစံလဲလို့'

'ခေါင်ရည်က ဘယ်လိုနေလဲ'

'ချိုချို၊ မွှေးမွှေး၊ ရှရှလေး'

'မနုဿဗေဒ အဓိကယူထားတော့ ကချင်ခေါင်ရည်လဲ

ချိမွှေးမွှေးရှ ဖြစ်သွားရတာပေါ့လေ'

သူတို့သည် ရယ်မောကြပြန်သည်။

ပြန်မည်ဆို၍ နှုတ်ဆက်သောအခါ ခင်ထားနုက 'ထွန်းထွန်း နောက်ကို မွေးနေ့လက်ဆောင်တွေဘာတွေ မယူလာ နဲ့နော် သိလား၊ နုက မွေးနေ့ပွဲတွေဘာတွေလုပ်တာ ဝါသနာ မပါပါဘူး။ နောက်ပြီး နိုင်ငံခြားဖြစ်ဆိုတော့ မှောင်ခိုဈေးက ဝယ်ရတာ။ အဆမတန် နှမြောစရာကြီး'

'နုနုကလဲ ရပါတယ်'

'နောက်ပြီး . . . နိုင်ငံခြားအလှကုန်က ဘာဓာတုဗေဒ ပစ္စည်းတွေနဲ့ လုပ်ထားမှန်း မသိပါဘူး၊ သူတို့အတွက်တော့ ကောင်းချင် ကောင်းမှာ။ အနောက်နိုင်ငံနဲ့ အရှေ့နိုင်ငံ အသား အရေချင်း တူတာမှ မဟုတ်တာ။ အသားပျက်တတ်တယ်တောင် ကြားဖူးတယ်။ ထွန်းထွန်း နုကို ခင်တာသိပါတယ်။ ရှင်မတောင် စစ်ယင် သိပ်မွှေးတာ'

'ဒါဖြင့် ဟိမဝန္တာတောင်က စန္ဒကူးတုံးယူလာခဲ့မယ်နော်။ ငြင်းဖို့မကြံနဲ့'

'မငြင်းပါဘူးရှင်၊ ဝမ်းမြောက်စွာနဲ့ လက်ခံပါတယ်။ တစ်ခုတော့ရှိတယ်နော်၊ စန္ဒကူးတုံးမှာ ရေခဲမျှင်လေးတွေ ကပ်နေရ မယ်။ ဒါမှစစ်မှာ။ သက်သေခံပါရမယ်'

နှစ်ယောက်စလုံး ရယ်မောကြပြီး အပြုံးကိုယ်စီနှင့် ရင်ဖို့ခဲ့

http://myanmarpyithar.net

ကြသည်။

ဤနှင်းဆီရက်များမှာ ဇော်မင်းထွန်း ခင်ဂမုန်းနှင့် အတွဲတွင် ပုဒ်မဖြတ်သွားတော့သည်။

တကယ်က သူခင်ဂမုန်းနှင့် သိပ်တွဲရသေးသည်မဟုတ်။ အသိဖြစ်ခါစ မြို့ထဲအပြန် ခင်ဂမုန်းကားကြုံနှင့် ပါသွားသည်ကို ခင်ထားနု ရေတမာပင်အောက်က သူ့ကို တွေ့သွားခြင်းဖြစ်သည်။ သူက မြို့ထဲသို့ အချိန်မီသွားရမည့်ကိစ္စက ရှိနေစဉ် ခင်ဂမုန်းကားက သူ့အနား ထိုးရပ်လိုက်သည်။

'ဘယ်လဲ' ဟု ခင်ဂမုန်းက ကားမောင်းသည့်နေရာက သူ့ကို လှမ်းမေးလိုက်သည်။

'မြို့ထဲကို'

'လာလေ၊ တက်။ မုန်းလဲ မြို့ထဲသွားမှာပဲ'

ခင်ဂမုန်းက ပြောပြောဆိုဆို ကားတံခါး ရှေ့ခန်းကို ဖွင့်ပေးသည်။ အမျိုးသမီးတစ်ယောက်က သူ့ကို ကားတံခါးဖွင့်ပေးသည်ဆိုတော့ မတတ်သာတော့။ ခင်ဂမုန်းဘေးတွင် ဝင်ထိုင်လိုက်ရသည်။ ကားသည် ဝူးကနဲထွက်သွားသည်။ ခင်ဂမုန်းက ကားမောင်း ခပ်ကြမ်းကြမ်း၊ ကားထွက်စ အဓိပတိလမ်းအချိုး ခင်ထားနုက လှမ်းတွေ့လိုက်တာဖြစ်သည်။

'ခင်ဂမုန်းက ကားအမြန်ပြိုင်ပွဲဝင်မလို့ ထင်တယ်' ဟု ပြောပြီး တစ်ဘက်အလှည့် ခင်ထားနုကို ရိပ်ကနဲ တွေ့လိုက်ခြင်း

http://myanmarpyithar.net

ဖြစ်သည်။ နှုတ်ဆက်ရန် နောက်ကျသွားပြီ 'မုန်းကဒီလိုပဲ မြန်မြန် မောင်းနေကျ' ဟု ခင်ဂမုန်းက ဖြေဆဲ။ ခင်ထားနုက ကားနောက်တွင် ဂိုက် ၂၀ လောက် ဝေးကျန်ရစ်ခဲ့ပေပြီ။

'ဟိုပါတိတ်အဝါနဲ့ အမျိုးသမီးက သူ့ သူငယ်ချင်းလား'

'မဟုတ်ဘူး. . . အင်း. . . ဟုတ်တယ်'

ခင်ဂမုန်း ဟာဟာဟုရယ်လိုက်သည်။

ငါ့နှယ် တစ်ခါခိုး တစ်ခါမိပါလားဟု တွေးနေစဉ် ခင်ဂမုန်း အမေးကြောင့် အတွေးဆက်တုန်ခါသွားသဖြင့် လန့်ကာ မသိစိတ်နှင့် အသိစိတ်တို့ ရောသွားခြင်းဖြစ်သည်။

'သူငယ်ချင်းဆိုတာ မဟုတ်ဘူး။ အဆက် ဆိုတာ ဟုတ်တယ်လို့ ပြောတာလား။ ဟာဟ . . .'

သည်တော့မှ ဇော်မင်းထွန်း သတိဝင်လာသည်။ အလန့်က ပြေမသွား။ ခင်ဂမုန်းကပါးသည်၊ သွက်သည်၊ ရဲသည်၊ ပွင့်လင်းသည်။

'ဘာငိုင်နေတာလဲ၊ စကားလုံးတွေ မေ့ကုန်ပြီထင်တယ်'

'သူငယ်ချင်းပါ'

'စကားမပြင်ရဘူးနော်၊ မုန်းက စကားတည်မှ ကြိုက်တယ်'

ခင်ဂမုန်းက သူ့ထက် စကားတတ်သည်။

သည်ကစ၍ သူတို့ ရင်းနှီးလာခဲ့ကြသည်။

ခင်ထားနုနှင့် တွေ့တော့ ခင်ထားနုက ဘာမျှမပြော

http://myanmarpyithar.net

ခင်ထားနုက ပြုံး၍သာ ကြည့်နေသည်။ ရှင်မတောင် နံ့သာနံ့က တော့ သင်းမြဲ၊ မွှေးမြဲ။ ခင်ထားနုက စကားနည်းသွားသည်ဟု ခံစားမိသည်။ နကိုကလည်း စကားနည်းမဟုတ်လား။ နှစ်ယောက် ချင်း အတွေ့နည်းသွားသည်။ ခင်ထားနုကို သူ့သူငယ်ချင်း အသိုင်းအဝိုင်းများနှင့်သာ တွေ့ရသည်။ မြို့ထဲ လောကနတ် အမျိုးသမီးပန်းချီပြပွဲတွင် ချိန်းမထားဘဲဆုံမိသည်။ စကားတပြော ပြော။ ဟိုအကြောင်း၊ သည်အကြောင်း၊ ခရမ်းနုရောင် သစ်ခွပန်း၊ ကချင်ပြည် မလိခမြစ်ကမ်းတွင် တွေ့ရသော နှင်းလူ၊ မုတ်သုံစျေး၊ မန္တလေးမှ နန်းတွင်းပန်းချီဆရာကြီး ဆရာမှုန်၏မြေး ခင်ခင်လေး လက်တွင် ကျန်ရစ်သော ဖွားတော်မူခန်းပန်းချီကား၏ လက်ရာမှာ ပီကာဆို အပြာခေတ်က ရေးနည်းနှင့်တူနေကြောင်း၊ ပေါင်းလောင်း မြစ်ကို အမည်ဘယ်နှစ်မျိုး ခေါ်တာရှိသလဲ၊ ဟိမဝန္တာတောင်က စန္ဒကူးအကြောင်း လုံးဝစကားမစပ်တော့၊ ဟိမဝန္တာနှင့်နည်းနည်း ပတ်သက်တာ တစ်ခုပဲပါသည်။ ဧဝရက် တောင်တက်သမား ဘယ်လဂျီယံ အမျိုးသား ပန်းချီဝါသနာပါပုံ။

ပြန်ခါနီးတွင် ဒေါက်တာသင်းမင်းဝင်း၏ သူ့ပုံသူဆွဲထား သော ပန်းချီကားချပ်ရှေ့တွင် ရပ်ကာကြည့်နေစဉ် ခင်ထားနုက ကောက်ကာငင်ကာ 'ဒီပုံက ဘယ်သူနဲ့တူပါလိမ့်နော် . . . အင်း ခင်ဂမုန်းနဲ့ တူလိုက်တာနော်။ ခင်ဂမုန်းက သိပ်ချောတာပဲ' ဟု ပြောလိုက်သည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

## ၅၀ ဒဂုန်တာရာ

ဇော်မင်းထွန်း လန့်သွားသည်။ ရင်ဖိုသွားသည်။ သည် တစ်ခါပဲ ခင်ဂမုန်း အကြောင်းစပ်၍ ပြောဖူးသည်။ ပြောနေစဉ် ခင်ထားနု၏ မျက်နှာကို သေသေချာချာကြည့်မိသည်။ ဒေါက်တာ သင်းမင်းဝင်း၏ သူ့ရုပ်ပုံသူ ပြန်ဆွဲသော ပန်းချီကားချပ်ထဲမှ ရုပ်ပုံ ကို အနုပညာ အကဲဖြတ်သမားက စိတ်လှုပ်ရှားခြင်းကင်းစွာ အဂတိတရားကင်းစွာ သက်ရှိလူပုံကို သက်မဲ့ပစ္စည်းအဖြစ် မြင် သော မျက်လုံးဖြင့် ကြည့်သည့်ဟန်။ ဇော်မင်းထွန်း ဘာမျှ ပြန်မပြောနိုင်၊ ခင်ဂမုန်းနှင့် ဘာမျှမဆိုင်။ မြင်တောင်မမြင်ဖူးသည့် သူလို ဣန္ဒြေဆောင်ခဲ့ရသည်ကော။

တကယ်ကတော့လည်း သူနှင့်ခင်ထားနုမှာ ဘာမှဖြစ်ကြ သေးသည်မဟုတ်။ တစ်ယောက်နှင့်တစ်ယောက် နားလည်ကြ သော ခင်မင်ရင်းနှီးသော သူငယ်ချင်းမျှသာ၊ သူက ဘာတစ်ခွန်းမျှ ဖွင့်ဟခြင်းမရှိ စိတ်ထဲကသာ သိနေကြသည်။ တည့်တည်လင်းလင်း ဘာမျှ မကြေငြာရသေး။ သူငယ်ချင်းနုနုရယ် . . .

မြဧရာကား ညဥ့်နက်ယံကို ခွင်းကာ ခုတ်မောင်းလျက် ရှိနေသည်။

ဇော်မင်းထွန်းမှာ အိပ်မပျော်နိုင်။ စက်သံနှင့် လှိုင်းပုခက် က သူ့ကို ချော့သိပ်သော်လည်း အတိတ်အိပ်မက်များက သူ့အာရုံ ကို ဆွလျက်ရှိကြသည်။ ခင်ဂမုန်းသည်အင်ဟု တစ်ချက်ညည်းသလို ခပ်လေးလေးအသံပြုကာ တစ်ဘက်သို့ လှည့်သွားသည်။ မနိုး။

http://myanmarpyithar.net
ယွန်းရွှေအိမ်

ညဥ့်နက်လာလေ လေက အေးမြလာလေ။ ဇော်မင်းထွန်းသည် ခင်ဂမုန်းကို စောင်တစ်ထပ် ခြုံပေးလိုက်သည်။ အနေအထား ပြောင်းသွားသဖြင့် ခင်ဂမုန်း၏ မျက်နှာပေါ်သို့ မီးရောင်မကျတော့။ မှောင်တစ်ဝက်၊ လင်းတစ်ဝက်။ ကိုယ်ပေါ်တွင် အစိမ်းနုနှင့် အစိမ်းရင့်တို့ သဘော်လှုပ်တိုင်း ပြေးလွှားယိမ်းခတ်လျက်ရှိသည်။ မုန်းလေး အိပ်ပါစေ။

သူ့ကို ဆွဲဆောင်နိုင်သော ခင်ဂမုန်း၊

လှပချောမောသော မုန်း။

ဇော်မင်းထွန်း သည် စောင်ကို ပြင်ရုံသည်။ လည်ပင်းနားအထိရောက်အောင် ဆွဲတင်သည်။ ဘယ်အချိန်ရှိပြီလဲမသိ။ အိပ်ကအိပ်ချင်နေသည်။ သို့သော် ရင်ခုန်သံက အာရုံကြောကိုဘောင်ဘင်ခတ်စေသဖြင့် အာရုံရုပ်များ မငြိမ်သက်။

သူသည် အပြင်သို့ ထွက်ကာ ဝရန်တာလက်ရန်းမှ မြစ်ပြင်သို့ ကြည့်လိုက်သည်။ နက်ပြာသောညသည် စိန်ကြယ်များ ပြောက်ထားသည်။ ရေပြင်နက်ပြာတွင် ကြယ်ရိပ်များတင်နေသည်။ ရေထဲမှ ကြယ်မှာ အပြောက်မဟုတ်တော့၊ အစင်းဖြစ်နေသည်။ လှိုင်းနက်ပြာက ခြယ်ပေးသော ကြယ်ရှည်လမျော၊ ကြယ်အမျှင်များ။ ကောင်းကင်က တကယ့်ကြယ်နှင့် ရေပြင်တွင် ထင်ဟပ်ကြယ်ရိပ်တို့ မတူပါတကား။ တကယ့်ဘဝနှင့် တကယ့်ဘဝက ထင်ဟပ်သော ဘဝအရိပ်တို့ တူပါမည်လား။ ငါ့ တကယ့်ဘဝဟာ

ဘာလဲ၊ အပိုပဲနေမည်လား။ ကြယ်ရိပ်ဟာ တကယ့်ကြယ်ထက် လှချင်လှမယ်၊ ကြည့် ယခု ဧရာဝတီရေပြင်တွင် ထင်ဟပ်နေသော ကြယ်ရိပ်မှာ တကယ့်ကြယ်ထက် ဆန်းနေသည်။ ကြယ်အမျှင်၊ ကြယ်အစင်း၊ သို့သော် တကယ့်ကြယ်ကားမဟုတ်၊ တကယ့်ဘဝ အစစ်အမှန်ဟာ ဘာလဲ။ အချစ်စစ်ဖြင့် တည်ဆောက်သော ဘဝ သည်သာလျှင် တကယ့်ဘဝ မဟုတ်လား။ အချစ်စစ်ဆိုတာဘာလဲ။ အတွေးစမဆုံးခင် မျက်တောင်စင်းလာသည်။ သင်္ဘောရှေ့ဦးဘက် အောက်ထပ်မှ 'တိုးရေ . . . ရှစ်တောင်' ဟူသော ဝါးလုံးနှင့် ထောက်ကာ အော်လိုက်သော အသံကို ကြားရသည်။ သူသည် အခန်းထဲသို့ ပြန်ဝင်ကာ အိပ်ရာပေါ်တွင် လှဲချလိုက်သည်။ တိုးရေအော်သံသဲ့သဲ့ကြားရသည်။ မြဧရာကား ခုတ်မောင်းလျက် ကြယ်ရိပ်များလည်း သင်္ဘောဘေးတွင် မြူးကြွလှိုင်းစီးလျက်။ တိုးရေအော်သံသည် အဆက်မပြတ်။

ဇော်မင်းထွန်းသည် တိုးရေအော်သံ မကြားရတော့။ ငြိမ်သက် တိတ်ဆိတ်သွားပြီ။ မုန်းနှင့်နုလည်း မရှိတော့။

သူအိပ်ရာမှ နိုးသောအခါ မိုးထိန်ထိန်လင်းလို့နေပြီ။ စက်သံရပ်နေပြီ၊ ဘယ်အချိန်က အိပ်ပျော်သွားသည်ကို မမှတ်မိ တော့။ ညဉ့်အတော်နက်မှ သူအိပ်သည်မှာသေချာသည်။ သူ့အနား တွင် ခင်ဂမုန်းမရှိတော့။ ပေါင်ဒါနံ့၊ ရေမွှေးနံ့ကတော့ ကြိုင် ကျန်ရစ်သည်။ သူသည် တစ်ချက် သမ်းလိုက်သည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

'မစ္စတာတေလာ ဘယ်ကပြန်လာပါသလဲ'

ဦးခန်းထောင်ချိုးကွေ့မှ ခင်ဂမုန်းအသံ။

'ကျွန်တော်စစ်သူကြီး မဟာဗန္ဓုလအထိမ်းအမှတ်ကြေးရုပ်ကိုသွားပြီး အလေးပြုပြန်လာပါတယ်'

ဇော်မင်းထွန်း ငေါက်ကနဲ အိပ်ရာမှထလိုက်သည်။ ခနေ့ဖြူကပ်နေပြီပဲ။ ဘယ်တုန်းကဆိုက်ပါလိမ့်။

နေရောင်ကတော့ တော်တော်လင်းနေပြီ။

'ထွန်းထွန်း အိပ်လှချေကလား'

'ဘယ်နှစ်နာရီထိုးပြီထင်သလဲ'

'အင်း . . .'

'ဆယ်နာရီထိုးပြီး ငါးမိနစ် . . . ခြောက်စက္ကန့်ခွဲ၊ ဟာဟ'

သူအလွန်ရောက်ဖူးချင်သော ခနေ့ဖြူမှ ဗန္ဓုလကြေးရုပ်။

ဇော်မင်းထွန်းသည် ကပျာကယာ အိပ်ရာမှထသည်။ ကမန်းကတန်း မျက်နှာသုတ်ပဝါကို ယူကာ ရေချိုးခန်းသွားသည်။

ခင်ဂမုန်းက ဇော်မင်းထွန်းအမူအရာကို ကြည့်ကာ အံ့သြနေသည်။

(၅)

'မြန်မြန်တက်ပါခင်ဗျာ'

မစ္စတာတေလာက သင်္ဘောလက်ရန်းမှ အော်ယင်း ဇော်မင်းထွန်းကို လက်လှမ်းဆွဲသည်။ ဆိပ်ခံပေါ်မှ လူများက ဟင်ကနဲ ဖြစ်သွားကြသည်။ မစ္စတာတေလာ လက်တံရှည်ရှည်မို့ အတော်ပဲဖြစ်သွားသည်။

ဇော်မင်းထွန်းကတော့ အပြုံးမပျက်။

'မစ္စတာတေလာကို ကျွန်တော်အများကြီး ကျေးဇူးတင်ပါတယ်'

ဇော်မင်းထွန်းသည် မစ္စတာတေလာ ၏ လက်ကို အားရပါးရဆုပ်ကာ ပြောလိုက်သည်။ သင်္ဘောကား အရှိန်မြန်စပြုပေပြီ။ ကမ်းနှင့်ဝေးဝေးလာလေပြီ။

'ထွန်းထွန်းကကွာ. . . သိပ်ရှက်ဖို့ကောင်းတာ'

http://myanmarpyithar.net

ခင်ဂမုန်းသည် အပါးသို့ ရောက်လာသည်။

မစ္စတာတေလာက ပြုံးလျက်၊ 'ခင်ဗျားချစ်ဇနီး အလွန်ပဲ စိတ်ပူနေပါတယ်'

'ထွန်းထွန်းကပေါ် မလာဘူး။ သင်္ဘောကထွက်တော့မယ်၊ ဥသြမှုတ်သံ မကြားဘူးလား'

ခင်ဂမုန်းမှာ မျက်နှာပျက်နေသည်။

'ကြားသားပဲ၊ ဆိုက်ကားက ချက်ချင်းမရဘူး'

'ဒီဗန္ဓုလက ဘာများအရေးကြီးလို့လဲ'

ခင်ဂမုန်းက ဒေါသထွက်နေသည်။

ဇော်မင်းထွန်းက ပြုံးနေရာမှ မျက်နှာတည်သွားသည်။

'ကိစ္စမရှိပါဘူးခင်ဗျာ၊ ကျွန်တော်မာလိန်မှူးကို သွားပြောထားပါတယ်။ သူက ဥသြထပ်မှုတ်ပေးပါတယ်' ဟု မစ္စတာတေလာက ပြုံးလျက်။

'ထွန်းထွန်းကကွာ စောစောကတော့ မသွားဘဲနဲ့၊ ဗန္ဓုလက အရေးမကြီးဘူး၊ မစ္စတာတေလာသာ ကက်ပတိန်ကို သွားမပြောယင် ကျန်ရစ်ခဲ့မှာ'

ခင်ဂမုန်းမှာ ဒေါသပြေပုံမရ။

'အိပ်ရာထနောက်ကျသွားတာကိုးကွ'

ဇော်မင်းထွန်း၏ အသံမှာ နည်းနည်းပင်မာသွားသည်၊ မျက်နှာက အားတင်းပြုံးဟန်၊ ဣန္ဒြေဆည်လိုက်ခြင်းဖြစ်သည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

မစ္စတာတေလာက အခြေအနေကို ထိန်းလိုက်သည်။

'ခင်ဗျားတို့ချစ်ဇနီးမောင်နှံ ရန်ဖြစ်တာ နည်းပါသေးတယ်'

ဇော်မင်းထွန်းရော ခင်ဂမုန်းပါ မစ္စတာတေလာကို မော့ကြည့်လိုက်ကြသည်။ လှပသော သတို့သမီးမှာ မျက်ရည်မထွက်သေးတာကိုဆိုလိုတာပါဟု မစ္စတာတေလာက ပြုံးလျက်။

ဇော်မင်းထွန်းနှင့် ခင်ဂမုန်းတို့က အပြုံးဖြင့်ဝင်းပသွားကြသည်။ စောစောက ဒေါသရိပ်များ ဘယ်သို့လွင့်စင်သွားသည် မသိ။

'ပျားရည်လဝန်းရက်မှာ ကျတဲ့မျက်ရည်ဟာ ပျားရည်ထက် ချိုတယ်လို့ ကဗျာတစ်ပုဒ်မှာ ဖတ်ဖူးပါတယ်။ မျက်ရည်ကျအောင် ရန်ဖြစ်ပေးပါဦး ခင်ဗျာ'

အားလုံး ရယ်မောလိုက်ကြသည်။ ရယ်မောသံသည် မြရော၏ စက်သံကိုပင် လွှမ်းမိုးသွားသည်။

'မဟာဗန္ဓုလဟာ အရေးကြီးပါတယ်။ ကျွန်တော်သဘော်နဲ့ ရေလမ်းခရီး ဧရာဝတီမြစ်ကြောင်းက လာခဲ့တဲ့ အကြောင်းထဲမှာ စစ်သူကြီး မဟာဗန္ဓုလရဲ့ ကျောက်ရုပ်ကို အလေးပြုချင်တဲ့ အကြောင်းလဲပါပါတယ်ခင်ဗျာ။ မဟာဗန္ဓုလဟာ စစ်သေနင်္ဗျူဟာမှာ အင်မတန်တော်ပါတယ်။ ကျွန်တော်တို့ အင်္ဂလိပ်ဗိုလ်ချုပ်ကြီးတွေက ချီးကျူးကြပါတယ်။ မြန်မာလူမျိုးများ ဂုဏ်ယူရမယ့် နာမည်ကျော် ပုဂ္ဂိုလ်ကြီးတစ်ဦးပါပဲ'

http://myanmarpyithar.net

## ၅၈ ဒဂုန်တာရာ

ခင်ဂမုန်းက အံ့သြနေသည်။ သူ့စိတ်ထဲတွင် စစ်ပွဲတွင် ကျဆုံးသော ခေတ်မမီသော ရှေးခေတ် မြန်မာစစ်ဗိုလ်ဟု အထင် မကြီးဘဲရှိနေရာ၊ ယခု အင်္ဂလိပ်ပညာရှင် တစ်ယောက်က ချီးမွမ်း၍ အံ့သြနေသည်။

'ကဗျာဆရာကြီး စိန္တကျော်သူရဲ့ ခနေဖြူတွင်ချီရတုကဗျာ ကို ဖတ်ပြီးကတည်းက ဒီကဗျာဖြစ်ပေါ်ရာ ပတ်ဝန်းကျင်ဒေသကို ကိုယ်တိုင်ရောက်ဖူးချင်နေပါတယ်။ ကျွန်တော် မြန်မာရာဇဝင်ကို လေ့လာတဲ့အခါမှာ မြန်မာကဗျာကိုလဲ ယှဉ်တွဲလေ့လာရပါတယ်။ မြန်မာကဗျာဟာ အင်မတန် ခက်ပါတယ်ခင်ဗျာ'

မစ္စတာတေလာသည် သင်္ဘောလက်ရန်းကို လက်ထောက် ကာ ဧရာဝတီမြစ်ပြင်ကို ငေးစိုက်လျက်ရှိသည်။ ကမ်းနဖူးတွင် စိမ်းလန်းသော သစ်ပင်များသည် တန်းလျက်။ ကောင်းကင်အပြာ နှင့် ဝါညိုညို စိမ်းဖန့်ဖန့် ရေပြင်နှင့် ခြားထားသော မျဉ်းကြောင်း ထူထူကြီးဖြစ်နေသည်။ သူသည် စိန္တကျော်သူ၏ ကဗျာကို သတိရ နေသလားမသိ။

ခနေဖြူတွင်
ထွက်သိုက်ဝင်လျှင်၊ စက်ရှင်ရွှန်းတောက်
စံကွန်းထောက်က၊ တောင်မြောက်အုံမှိုင်း
ရှေ့အတိုင်းလျှင်၊ မှီခိုင်းကမ်းကပ်
တင်းကျမ်းစပ်မျှ၊ မလပ်ဆိပ်ခင်း

http://myanmarpyithar.net

လေပြင်းလှိုင်းရိုက်၊ ဝဲဝိုက်ကလိုင်
မနိုင်ခိုင်းမက် . . .

ခင်ဂမုန်းသည် ခဏနေပြီး အပေါ်တက်သွားသည်။ ဇော်မင်းထွန်းကလည်း ဇော်မင်းထွန်း၊ မဟာဗန္ဓုလကြေးရုပ်ကို ကြည့်ချင်ဇောနှင့် သင်္ဘောထွက်မည့်အချိန်ကို မမေးမိဘဲ ထွက်လာခဲ့သည်။ မအူပင်ဆိပ်ကမ်းတွင် အတော်ကြာကပ်နေ၍ ဓနုဖြူတွင်လည်း ကြာမည်ထင်ခဲ့သည်။ ဇော်မင်းထွန်းသည် မစ္စတာတေလာကဲ့သို့ပင် မြစ်ပြင်ကို ငေး၍နေသည်။ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြ။ အတွေးကိုယ်စီဖြင့်။

ဇော်မင်းထွန်းသည် ခင်ဂမုန်းအကြောင်း တွေးလျက်ရှိနေသည်။ သူသင်္ဘောမီအောင် ပြေးလွှားလာရသည်ကို ရှက်နေသည်ထက် ဗန္ဓုလကအရေးမကြီးဟူသော သဘောထားကိုတွေးနေသည်။ သူ့အတွက်ကတော့ မဟာဗန္ဓုလ စစ်သူကြီးက အရေးကြီးသည်။ ယခု ဗန္ဓုလဟူသောအမည်ကို မစ္စတာတေလာ နှုတ်မှကြားကြားချင်း ကမန်းကတန်းထပြေးခဲ့သည်။ ဒါကို ခင်ဂမုန်းက တန်ဖိုးမထား၊ ဘယ့်နှယ်ပါလိမ့်။ နိုင်ငံခြားသားတစ်ယောက်ကပင် အစောကြီးသွား၍ အလေးပြုပြန်လာခဲ့ပြီ၊ ရောက်တောင့်ရောက်ခဲ။ ကြုံတုန်းသွားဖြစ်အောင် သွားမှဖြစ်မယ်။ ဒါလေးကိုတောင် မုန်းက မလိုက်လျော အလေးမထားပါလား။

ကုန်းလမ်းမှ မော်တော်ကားဖြင့်ဖြစ်စေ ရေ့ဆိပ်ကမ်းမြို့

အရောက်သွားမည်ဟု အရေးပေါ်စဉ်းစားထားသေးသည်။ ဤမျှ သူက လေးနက်သည်။ ခင်ဂမုန်းကတော့ ခပ်ပေါ့ပေါ့။ လက်နက်ချင်းမမျှသော်လည်း ကျူးကျော်သူ အဓမ္မသမားအား အလျှော့မပေး တိုက်ခိုက်သူ တရားသောဘက်က ခုခံကာ တရားသော စစ်ခင်းသူ စစ်သူကြီးမဟာဗန္ဓုလ။

'ဒီနေရာဒေသတွေမှာ မြန်မာဘုရင့် တပ်မတော်သားများ နဲ့ အင်္ဂလိပ်စစ်သားများ စစ်ခင်းကြမှာပဲ။ ဖြစ်နိုင်ပါ့မလားခင်ဗျာ'

မစ္စတာတေလာ၏ စကားသံက ဇော်မင်းထွန်း၏ အတွေး စကို ဖြတ်လိုက်သည်။

'လက်နက်ချင်းမမျှလို့ ဒီစစ်ပွဲမှာ ကျွန်တော်တို့ရှုံးရတာပါ'

ဇော်မင်းထွန်းနှုတ်မှ သူ့အတွေးစနှင့် ရောကာ ထွက်လာ သည်။ မစ္စတာတေလာပြောသည်ကတခြား။ မစ္စတာတေလာက သူ့ကို တစ်ချက်ကြည့်လိုက်သည်။

'လက်နက်ချင်း ညီမျှတာမညီမျှတာက အရေးကြီးတဲ့ အကြောင်းမဟုတ်ပါဘူးခင်ဗျာ၊ တစ်ခုသော သမိုင်းအခြေအနေ တစ်ရပ်သာဖြစ်ပါတယ်။ ဥရောပမှာ စက်မှုတော်လှန်ရေးကြီး ၁၈ ရာစုကဖြစ်ခဲ့လို့ သိပ္ပံပညာဘက် ၊ အတတ်ပညာဘက်မှာ ဖွံ့ဖြိုး တိုးတက်လို့ ကျွန်တော်တို့က လက်နက်ပိုကောင်းတာဖြစ်ပါတယ်။ နယ်ချဲ့စနစ်ကြောင့် အာရှတိုင်းပြည်များ အသိမ်းပိုက်ခံရခြင်း ဖြစ်ပါတယ်။ ဒတ်ချ်နယ်ချဲ့စနစ်က အင်ဒိုချိုင်းနားကို သိမ်းတယ်

http://myanmarpyithar.net
ယွန်းရွှေအိမ်

ပြင်သစ်နယ်ချဲ့စနစ်က အင်ဒိုနီးရှားကို သိမ်းတယ်။ ဗြိတိသျှနယ်ချဲ့စနစ်က အိန္ဒိယနဲ့ မြန်မာကို သိမ်းတယ်။ အခုအားလုံး လွတ်လပ်ကုန်ပါပြီ။ ဒါတွေဟာ  သမိုင်းအခြေအနေ ပြောင်းလဲခြင်းတွေဖြစ်ပါတယ်ခင်ဗျာ. . .'

သန်းခေါင်လောက်တွင် မြဓာရာသည် ဟသ်ာတသို့ ဆိုက်ကပ်သည်။ ကျယ်ပြန့်သော  သောင်ပြင်ကြီးတွင် ဆိုက်ထားရသည်။ သောင်ထွန်းနေသဖြင့် မြို့ကို မမြင်ရ။ မီးရောင်ကို မှန်းဆ၍ မြို့ဟု မှတ်သားရသည်။ ထိုညတွင် ဇော်မင်းထွန်း၏ အိပ်မက်ထဲ၌ မဟာဗန္ဓုလနှင့် ခင်ဂမုန်းတို့ နပန်းလုံးနေကြသည်။

(၆)

မြန်အောင်တွင် တစ်ညအိပ်သည်။ သဘော်ာဆိုက်သော အခါ မစ္စတာ တေလာက မာလိန်မှူးအား သွားပြောထားသဖြင့် တစ်ညအိပ်မည်ဖြစ်ကြောင်း အရင်သိနှင့်ကာ ဇော်မင်းထွန်းအား သတင်းပို့သည်။ နံနက်ဘက်ဆိုက်သဖြင့် ဈေးဘက်သို့ထွက်ရန် မစ္စတာတေလာ ပြင်ဆင်နေသည်ကို တွေ့ရသည်။

'ကျွန်တော်ဈေးဘက်သွားမလို့ လိုက်ကြည့်ဦးမလားခင်ဗျာ'

မစ္စတာတေလာသည် ဇော်မင်းထွန်းတို့ အခန်း၀ ၀ရန်တာ နားတွင်ရပ်ကာ သူတို့အား မေးလိုက်သည်။

'ကျွန်တော် မြန်အောင်က မုန့်ဟင်းခါးကို မြည်းကြည့်ချင် ပါတယ်'

ဇော်မင်းထွန်းက ခင်ဂမုန်းဘက်သို့လှည့်ကာ 'မုန်း ရေ ဈေးဘက် လိုက်ဦးမလား၊ မစ္စတာတေလာက ခေါ်နေတယ်၊

http://myanmarpyithar.net
ယွန်းရွှေအိမ်

မုန့်ဟင်းခါးစားရအောင်တဲ့'

'ဟင် မုန်းက ဘာမှမလုပ်ရသေးတာ၊ ထွန်းထွန်းကလဲ'

'ကျွန်တော်စောင့်နိုင်ပါတယ်ခင်ဗျား၊ ပေါင်ဒါတို့ ရေမွှေးတို့ ခြယ်သဖို့ အချိန်တွေအများကြီးရှိပါတယ်။ သနပ်ခါးသွေးယင်တောင်ရပါတယ်။ သဘော်က မနက်ဖြန်မှ ထွက်မှာပါ'

မစ္စတာတေလာက ခင်ဂမုန်းကို ပြုံးကြည့်ကာ ရယ်မောနေသည်။

ခင်ဂမုန်းက ရှက်ခြင်းနှင့် အားနာခြင်းရောယှက်သော ခပ်ပြုံးစစ ညိုလဲ့လဲ့အမူအရာဖြင့်။

'မြန်မာအမျိုးသမီးတွေ သနပ်ခါးလိမ်းတာ အင်မတန်ကောင်းပါတယ် ခင်ဗျာ။ ချစ်စဖွယ်ကောင်းတဲ့ မြန်မာ့ယဉ်ကျေးမှုတစ်ခုဖြစ်ပါတယ်။ ကမ္ဘာကျော်ချီလီကဗျာဆရာကြီး နီရူဒါက သူငယ်စဉ်မြန်မာပြည် ရန်ကုန်မြို့မှာ နေစဉ်က မြန်မာအမျိုးသမီးများရဲ့ ထူးခြားချက်ဟာ သနပ်ခါးရနံ့ပါတဲ့။ ပန်းမာလာထဲမှာတော့ ထူးခြားတာဟာ ပိတောက်ပန်းလို့ ပြောဖူးကြောင်းကြားရပါတယ်။ ကဗျာဆရာကြီးပြောတာ အင်မတန် မှန်ပါတယ်။ ကျွန်တော်သဘောတူပါတယ်'

မစ္စတာတေလာနှင့် ဇော်မင်းထွန်းတို့ သဘော်လက်ရန်းကိုမှီကာစကားပြောလျက်ရှိစဉ်၊ ခင်ဂမုန်းက အေဗွန်ကတ္တီပါတို့ပတ်မွှေးဖြင့် ကမန်းကတန်းမျက်နှာကို တဖတ်ဖတ် တို့လျက်ရှိသည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

မစ္စတာတေလာ၏ စကားသံကို ကြားဟန်မတူ။

'ဟုတ်တယ် ကိုထွန်းထွန်း။ သနပ်ခါးရဲ့ အမွှေးနံ့ဟာ အင်မတန်ထူးခြားပါတယ်။ မြန်မာဘုရင်မင်းမြတ်ရဲ့ မိဖုရား၊ သားတော်၊ သမီးတော်များဟာ သနပ်ခါးကို ရွှေနဲ့စပ်ပြီးလိမ်းတယ်လို့သိရပါတယ်။ အမွှေးနံ့သာမှာ အရှေ့တိုင်းက ကျော်ကြားပါတယ်။ ကမ္ဘာလှည့် မာကိုပိုလို ခေတ်ကတည်းက ကျော်ကြားတာပါခင်ဗျာ။ ကျွန်တော်တို့ အနောက်နိုင်ငံက ပေါင်ဒါဟာ မြန်မာသနပ်ခါးကို မမီပါဘူးခင်ဗျာ။ သဘာဝပြုပြင်တဲ့ အလှက ဘေးကင်းပါတယ်။ အခုအသားလှချင်တဲ့ အင်္ဂလိပ် အမျိုးသမီးတွေဟာ အသားလှအောင် အယ်ဘာဂါဒိုခေါ်တဲ့ ထောပတ်သီး အနှစ်နဲ့လိမ်းနေကြပါတယ်။ ထောပတ်သီးက ကျွန်တော်တို့ဆီမှာ သိပ်ဈေးကြီးပါတယ်။ သူဌေးကြီးတွေမှ စားနိုင်ပါတယ် . . .'

ခင်ဂမုန်းသည် မွှေးကြိုင်ဝင်းပစွာ ထွက်လာသည်။

'ထွန်းထွန်း အဝတ်လဲဦးလေကွာ'

'ရပါတယ်။ သွားစို့'

ခင်ဂမုန်းက ထွန်းထွန်း အဝတ်မလဲပဲလိုက်သည်ကို သိပ်ကြိုက်ပုံမရ။ သူကမူ လက်ကိုင်အိတ်အဝါနု၊ ရွှေရောင်ဒေါက်ဖိနပ်၊ ကီမိုနိုချယ်ရီပွင့်အနုများဖြင့် ကြွကြွရွရွကလေး။

သဘော်ာလှေကား အဆင်းတွင် မစ္စတာတေလာက ခင်ဂမုန်းဘက်လှည့်ကာ . . .

http://myanmarpyithar.net
ယွန်းရွှေအိမ်

၆၆ ဒဂုန်တာရာ

'ကျွန်တော်လဲ မပြည့်စုံတဲ့ သနပ်ခါးသမိုင်းကို ရွတ်ဆို နေတာ အချိန်ကြာသွားတယ် ထင်ပါတယ်။ ခွင့်လွှတ်ပါခင်ဗျာ၊ ဒီကချောမောလှပတဲ့ သတို့သမီးကို အနှောင့်အယှက်များ ပြုနေပါသလား'

ခင်ဂမုန်းက နားမလည်သဖြင့် သူ့ကို ကြောင်ငေးငေး ပြန်ကြည့်နေသည်။ ပြီးတော့မှ သူမက ပြုံးကာ ခပ်ရောရောလေသံဖြင့် 'ကိစ္စမရှိပါဘူးရှင်' ဟု ဝါး၍ပြောလိုက်သည်။ အမှန်အားဖြင့် ခင်ဂမုန်းမှာ အဝတ်ရှာ၊ ပေါင်ဒါသနှင့် အလုပ်ရှုပ်နေသဖြင့် မစ္စတာတေလာ ပြောနေသည်များကို ကောင်းစွာ ကြားနေရသည် မဟုတ်ပေ။

'ကျွန်တော် အင်္ဂလန်ကို ပြန်ယင်၊ ရှင်မတောင်သနပ်ခါး ဝယ်သွားမယ်လို့ဆုံးဖြတ်ထားပါတယ်။ ထောပတ်သီးက ဟိုမှာ သိပ်ဈေးကြီးပါတယ်'

'ဟုတ်ပါတယ်၊ ထောပတ်သီးက ရန်ကုန်မှာလဲ ဈေးကြီးတယ်။ ရှမ်းပြည်နယ်မှာဆို သိပ်ပေါတာ။ တစ်လုံးတစ်မတ်'

'မြန်မာပြည်ဟာ သယံဇာတ သဘာဝပစ္စည်းချမ်းသာတဲ့ နိုင်ငံဖြစ်ပါတယ်ခင်ဗျာ'

သူတို့ ဆိပ်ခံတွဲပေါ် ကူးလိုက်ကြပြီး မြေကြီးတွင် ဆက်ထားသော ကုန်းဘောင်မှာ တလှုပ်လှုပ်၊ ခင်ဂမုန်း လမ်းမလျှောက်တတ်။

http://myanmarpyithar.net

'လုပ်ပါဦး ထွန်းထွန်း'

လဲတော့မည်ပြု၍ သူ့ဘေးမှ အသားညိုညိုအဝတ်အစား ခပ်နွမ်းနွမ်း မိန်းမကြီးတစ်ယောက်က လှမ်းဆွဲ၍ တော်သေးသည်။

'ဟင် အဒေါ်ပါလား'

'ကလေးမက လမ်းမလျှောက်တတ်ဘူး သူငယ်ရဲ့'

ခင်ဂမုန်းက သူ့လက်ကိုဆွဲလိုက်သည့် ဆောင်ရွက်မှုကို ပင် မေ့ကာ သူ့အား လမ်းမလျှောက်တတ်ဘူးပြောလိုက်သည့် စကားကြောင့် မျက်စောင်းတစ်ချက်ပင် ထိုးမိလျက်သားဖြစ်သွား သည်။ ပြီးမှ သတိရကာ အားတင်း၍ ပြုံးလိုက်သည်။

'သူငယ်ကတွဲခေါ်မှပေါ့'

အဒေါ်ကြီးသည် သူ့စကားကို ဖြေသည့် သဘောလား မသိ၊ ထွက်သွားမှ ထွန်းထွန်းကို ပြောလိုက်သည်။

'ကိုယ်တို့ကို ပုဇွန်ဟင်း ချက်ပေးတဲ့ ကုန်းပတ်က အဒေါ်ကြီးလေ. . . မုန်းဖိနပ်ချွတ်၊ ကုန်းပေါ်ရောက်မှပြန်စီး'

မတတ်နိုင်တော့။ မုန်းသည် ဖိနပ်ချွတ်လိုက်ရသည်။

မစ္စတာ တေလာက 'ရွှေရောင်ဖိနပ် ကောင်းကင်ပျံနေပြီ' ဟု ပြုံးရယ်ကာ ခင်ဂမုန်းကို စနေသည်။

'ဖိနပ်က လူကိုစီးတယ်ဆိုတာ အဲဒါပေါ့ မစ္စတာတေလာ' ဟု ခင်ဂမုန်းက အရှက်ပြေပြောလိုက်သည်။

သူတို့သည် ကမ်းနားနှင့် ယှဉ်လျက်လမ်းမှ လျှောက်သွား

http://myanmarpyithar.net

ကြသည်။ ကျယ်ပြန့်သော ဧရာဝတီမြစ်ပြင်ကြီးကို ယှဉ်လျက်သွား နေကြသည်မှာ ဧရာဝတီနှင့် ရင်းနှီးသလို ခံစားနေရသည်။ မြစ်ကြီးမှ ငွေရောင်တဖိတ်ဖိတ်လက်နေသည်။ မြစ်ပြင်မှ ဖြတ်သန်းလာသောလေသည် အေးမြသန့်ရှင်းနေသည်။ အနည်းငယ်သွားမိလျှင် ဘုရားပရိဝုဏ်တံတိုင်းကို တွေ့ရသည်။ မြစ်ရေပြင်နှင့် ထုံးဖြူဖြူ ရွှေရောင်အထက် ဖောင်းရစ်မှာ လိုက်ဖက်သည်။ ဆည်းလည်းသံများ ကြားလာရသည်။ မျက်စိအာရုံအလှ၊ နားအာရုံအလှတို့ တွဲစပ်ထားသဖြင့် စိတ်မလှုပ်ရှားဘဲ မနေနိုင်ကြ။

မစ္စတာတေလာကမနေနိုင်တော့ဘဲ 'ခင်ဗျားတို့မြန်မာပြည်မှာ စေတီပုထိုး မတွေ့ရတဲ့နေရာ မရှိပါဘူးနော်။ သိပ်ချစ်ဖို့ကောင်းတဲ့ တိုင်းပြည်ပါပဲဗျာ။ ဘုရားက ဆည်းလည်းသံဟာလဲ ထာဝရတေးသံပါပဲခင်ဗျာ။ အမြဲတမ်း ချိုလွင်နေပါတယ်'

မစ္စတာတေလာ၏ မျက်နှာသည် ရွှန်းရွှန်းပလျက်ရှိသည်။

'မစ္စတာတေလာဟာ ခရစ်ယာန်တစ်ယောက် ဟုတ်ပါသလား' ဟု မေးလိုက်သည်။

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်ဟာ ရိုးရာခရစ်ယာန်တစ်ယောက်ဖြစ်ပါတယ်။ ဗုဒ္ဓယဉ်ကျေးမှုကို ကျွန်တော်ကြိုက်ပါတယ်။ လေးလဲလေးစားပါတယ်။ ဗုဒ္ဓတရားတော်ဟာငြိမ်းချမ်းရေးကို အခြေခံပါတယ်။ ကျွန်တော်သိပ်ကြိုက်တယ်။ ခရစ်ယာန်တရားတော်ဟာလဲ ငြိမ်းချမ်းရေးနဲ့ မေတ္တာတရားတွေမှာ အခြေခံ

ထားတာပါပဲ’

သူတို့သည် စကားတပြောပြောနှင့် လျှောက်လာကြရာ ဈေးသို့ ရောက်လာကြသည်။ သားငါးဈေးတန်းနား ရောက်သော အခါ ခင်ဂမုန်းက သိပ်မဝင်ချင်။ ကုန်းပတ်က အထက်အောက် ကုန်သည်အဒေါ်ကြီးနှင့် တွေ့ကြပြန်သည်။ ဈေးဝ၌ ရပ်စောင့် နေသည်။

‘ဘာတွေဝယ်နေသလဲ’ ဟု ဇော်မင်းထွန်းက နှုတ်ဆက် လိုက်သည်။

‘ငါးတွေလိုက်ကြည့်နေတာ’

‘လတ်တယ်နော်’

‘လတ်တယ်။ သူငယ်စားချင်တာပြော။ ဝယ်ချက်ပေးမယ်။ သူငယ်လေးအမျိုးသမီးက ကြေးရတတ်သားသမီးနဲ့ တူပါတယ်။ ချက်တတ်မှာမဟုတ်ပါဘူးနော၊ ဘာငါးစားချင်လဲ’

‘ဘာငါးဖြစ်ဖြစ်ပေါ့၊ ကကတစ်ရယင်လဲ ကောင်းသားပဲ၊ ငါးကြော်။ ပိုက်ဆံယူထား’

‘ရပါတယ်၊ ပြီးမှပေးတာပေါ့၊ လျှောက်ကြည့်ဦးမယ်၊ ကောင်မလေးက ငါးတန်းအပြင်ဘက်က စောင့်နေရှာတယ်။ သူ့ ရွှေဖိနပ်အားနာစရာတော်၊ ရုပ်ကလေးချောလိုက်တာ ယမင်းရုပ် ကျနေတာပဲ၊ အလှထိုင်ကြည့်နေဖို့ကောင်းတယ်။ သူငယ်လေး ငွေများများရအောင်ရှာနော်။ ကဲ. . . သွားကြဦး’

http://myanmarpyithar.net

အဒေါ်ကြီးက ပြုံးကာ ထွက်သွားသည်။ ဇော်မင်းထွန်းသည် ငွေရောင်တောက်လျက်ရှိသော ငါးသေးငါးခြောက်များ ဝယ်သည်။ သူအင်မတန်ကြိုက်သော ရခိုင်ပြည်ဘက်မှလာသည့် ငါးခြောက်ကလေးများ။

သူငါးခြောက်ဆိုင်မှထွက်သောအခါ မစ္စတာတေလာကို ရွှေဖရုံသီးဆိုင်ရှေ့၌ တွေ့လိုက်ရသည်။

'မစ္စတာတေလာ ရွှေဖရုံသီးကြိုက်သလား'

'ရွှေဖရုံသီးဟာ သိပ်အားရှိပါတယ်'

'ကျွန်တော်ချက်ပေးမယ် ပုဇွန်နဲ့ဆိုယင် သိပ်ကောင်းတယ်'

ဇော်မင်းထွန်းသည် ရွှေဖရုံသီးဝယ်ပြီး ခပ်လှမ်းလှမ်းရှိ ကုန်းပတ်က အဒေါ်ကြီးထံ သွားကာ ပုဇွန်ဝယ်ခိုင်းနေသည်။

'ကိုထွန်းထွန်းက ဟင်းချက်တတ်ပါသလား'

'ကျွန်တော်မချက်တတ်ပါဘူး၊ ကုန်းပတ်က ကျွန်တော့် မိတ်ဆွေ အဒေါ်ကြီးက ချက်ပေးမှာပါ'

'သတို့သမီးက အချက်မတတ်ဘူးနော် မြန်မာအမျိုးသမီး တွေဟာ ထမင်းဟင်းလျာ အချက်ကောင်းလို့ ကြားဖူးပါတယ်။ အိမ်ထောင်ထိန်းသိမ်းရာမှာ ကျွမ်းကျင်တဲ့ အိမ်ရှင်မကောင်းများ ဖြစ်ကြတယ်လို့ သိရပါတယ်'

ဇော်မင်းထွန်းက ပြုံးလျက် 'ကျွန်တော်တို့ မိဘများ လက်ထက်ကတော့ ဟုတ်ပါတယ်'

'ဒါဖြင့် လွတ်လပ်ရေးရပြီးခေတ်ကာလမှာ သည်လို ပြောင်းသွားတယ်လို့ ဆိုနိုင်ပါသလား'

'အင်း. . . ဒါကတော့. . . သည်ကိစ္စကို သိပ်လေ့လာ မကြည့်ရသေးပါဘူး။ လူ့အလွှာ၊ လူတန်းစားတွေပေါ် မှာလဲ တည်မယ်ထင်ပါတယ်။ ဆင်းရဲတဲ့လူတန်းစားမှာဆိုယင် အမျိုးသမီး တိုင်း ချက်တတ်ကြပါတယ်။

သူတို့သည် ကုန်စိမ်းတန်းကို ဖြတ်လာကြယင်း ခင်ဂမုန်း ရပ်စောင့်နေသည့် ဈေးထိပ်သို့ပင် မြင်နေရပေပြီ။

'ခင်ဗျားတို့ တိုင်းပြည်က သီးနှံသိပ်ပေါတယ်။ လတ်လတ် ဆတ်ဆတ် ဘာမဆိုစားရတယ်။ ကျွန်တော်တို့ဆီမှာ ဆောင်းတွင်း ဆိုယင် စည်သွတ်ဗူးကို အားထားနေရတယ်။ သည်မှာ သံပရာရည် လတ်လတ်ဆတ်ဆတ်ကို တစ်နှစ်ပတ်လုံး သောက်နိုင်တယ်။ သိပ်နေဖို့ကောင်းတဲ့ တိုင်းပြည်ဖြစ်ပါတယ်'

ခင်ဂမုန်းက သူ့အပါးသို့ ရောက်လာကြသော မစ္စတာ တေလာကို 'မစ္စတာတေလာ၊ သံပရာရည်သောက်ချင်ယင် ကျွန်မ ဆီမှာ လင်မွန်ဘာလီရှိပါတယ်'

'ကျေးဇူးတင်ပါတယ် ခင်ဗျာ' ဟု မစ္စတာတေလာက ပြုံးလျက်။

ခင်ဂမုန်းက ဇော်မင်းထွန်းလက်ထဲက ငါးခြောက်ထုပ်ကို လှမ်းမြင်၍

## ၇၂ ဒဂုန်တာရာ

'ထွန်းထွန်းကလဲကွာ ဘာတွေဝယ်လာရပြန်လဲ'

ခင်ဂမုန်းက နှာခေါင်းရှုံ့လိုက်သည်။

'ရခိုင်ကလာတဲ့ ငါးသေးသေးလေးတွေကို လုပ်ထားတဲ့ ငါးခြောက်တွေ၊ သိပ်စားကောင်းတာ မုန်းရဲ့'

ခင်ဂမုန်း၏ မျက်နှာတွင် အပြုံးရိပ်များ လျော့ဆင်းသွားလေပြီ။

'ထွန်းထွန်းကလဲကွာ၊ လုပ်ပြန်ပြီ၊ ငါးခြောက်က သိပ်နံတာ'

'ကြော်စားယင် သိပ်ကောင်းတာ၊ ကြွပ်ကြွပ်လေး'

မစ္စတာတေလာက သူတို့နှစ်ဦး၏ တင်းမာမှုကို အထုံးဖြေလိုက်သည်။

'ပင်လယ်ငါးခြောက်ဟာ အာဟာရဓာတ် အင်မတန်ပြည့်စုံပါတယ် ခင်ဗျာ။ ငွေရောင် တောက်ပနေတာ ကြည့်ပါ။ ဖော့စဖရပ် . . . ဘာတဲ့။ . . . မီစုန်းဓာတ် ကြွယ်ဝကြောင်း သက်သေခံနေပါတယ်'

ဇော်မင်းထွန်းက ခင်ဂမုန်း၏ အမူအရာအတွက် ရှက်နေသည်။

'ကိုထွန်းထွန်းက ဒီမနက်စာလဲ ရွှေဖရုံနဲ့ ပုဇွန်ဟင်းလျာနဲ့ ဧည့်ခံဖို့ကတိပြုထားပါတယ်' ဟု မစ္စတာတေလာက ပြုံးကာ ရယ်ကာ ပြောနေသည်။

ခင်ဂမုန်းလည်း ပြုံးလာသည်။ တင်းမာမှုများမရှိတော့။

http://myanmarpyithar.net
ယွန်းရွှေအိမ်

အားလုံးပင် ပျော်ပျော်ရွှင်ရွှင်နှင့် စျေးမှ တစ်ဘက်လမ်းမသို့ ကူးလိုက်ကြသည်။ ဟော မုန့်ဟင်းခါးဆိုင်ကို တွေ့ပါပြီ၊ တိုက်တစ်တိုက်၏ရှေ့၌ လူတွေကအုံလျက်၊ ရောင်းသူမှာ လက်မလည်။ မစ္စတာတေလာက နှစ်ပန်းကန်စားသည်၊ ခင်ဂမုန်းကလည်း သုံးပန်းကန်၊ ဇော်မင်းထွန်းက အကြော် အတော်များများ ထည့်စားသည်။ သူတို့စားပြီး၍ ထကြတော့မည့်ဆဲဆဲတွင် လင်းရိုဘာကားအစိမ်းတစ်စီး ထိုးဆိုက်လိုက်သည်။ ကားပေါ်မှ အပြာနုပေါ်မှာ ပန်းပွင့်လိမ္မော်နှင့် အဝါပြောက်ဂါဝန်နှင့် မျက်နှာဖြူအမျိုးသမီး၊ သူ့နောက်မှ မြန်မာအမျိုးသား၊ ကချင်လုံချည်အညိုရင့်နှင့်၊ သူတို့က ဇော်မင်းထွန်းတို့ လူသိုက်ကို လှမ်းကြည့်လိုက်ကြသည်။ မစ္စတာတေလာကို လှမ်းမြင်၍ဖြစ်မည်။ ဇော်မင်းထွန်းတို့ကလည်း ပြန်အကြည့်။

အနောက်နိုင်ငံသူနှင့် တွဲလာသူ ယောကျ်ား အသက်သုံးဆယ်ကျော်ခန့်က ခင်ဂမုန်းကို စိုက်ကြည့်ကာ 'နင်. . . ဟယ်လင်မဟုတ်လား' ဟု မေးလိုက်သည်။ ခင်ဂမုန်းက သတိဝင်ကာ မျက်နှာဝင်းပသွားသည်။

'ငါက နင်နဲ့ တူပါတယ်လို့ ကြည့်နေတာ၊ ခင်ဂမုန်းမဟုတ်လား၊ ငါက နာမည်ရုတ်တရက် ရှာမတွေ့လို့ ငယ်နာမည်ပေါ်တာလာခေါ်လိုက်ရတာ'

'အစ်ကိုကျော် ဒီမှာ ဘာလာလုပ်တာလဲ၊ ဘယ်တုန်းက'

http://myanmarpyithar.net

## ၇၄ ဒဂုန်တာရာ

ခင်ဂမုန်းမှာ ရှက်သွေးတစ်ဝက်၊ အပြုံးတစ်ဝက်နှင့် အသံက တုန်သလို၊ ခါသလို။

'ငါဒီမှာလုပ်နေတယ်၊ နှစ်နှစ်တောင် ရှိနေပြီ၊ တို့အိမ်နင်မရောက်ဘူးလား၊ ငါ့သတင်းမကြားရအောင်'

အမျိုးသားက ရင်းရင်းနှီးနှီးလေသံဖြင့် ထက်သန်စွာ ပြောသည်။ ခင်ဂမုန်းက သူ့လောက် ပျာပျာသလဲမရှိသလို အေးစက်စက်၊ ရှက်သလိုလို၊ အပြုံးကပင် အားတင်းထားရသော အပြုံး၊ ဇော်မင်းထွန်းတို့ လူသိုက်ကလည်း သူတို့နှစ်ယောက် စကားပြောနေသည်ကို ပြုံးကာဘေးမှ ရပ်ကြည့်နေကြသည်။

ထွန်းကျော်က အားမရ၊ စိတ်တိုလာသည်။

'နင်နဲ့ . . . ကျော်ကြီးကော'

စကားထစ်သွားသည်။ သူသည် စကားထစ်သွားကာ. . .

'ဟဲ့. . . နင်ပါလာတဲ့ မိတ်တွေတွေနဲ့လဲ မိတ်ဆက်ပေးဦးလေ'

'ဩော်မေ့နေလိုက်တာ. . . ဒါက မုန်းအမျိုးသားလေ၊ ထွန်းထွန်း. . . အဲ ဇော်မင်းထွန်း၊ ဒါက မစ္စတာတေလာ၊ မုန်းတို့နဲ့ သင်္ဘောမှာ အခန်းချင်းကပ်စီးလာကြယင်း၊ မိတ်ဆွေဖြစ်လာကြတာ၊ လန်ဒန်တက္ကသိုလ်က. . .'

'အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးပညာဌာန မြန်မာစာ လက်ထောက်ပါမောက္ခလုပ်ပါတယ်'

http://myanmarpyithar.net

မစ္စတာတေလာ မြန်မာစကားပီပီသသပြော၍ အမျိုးသားက အံ့သြနေသည့် အမူအရာ။ မျက်နှာကပြုံးရွှင်သွားသည်။ အနီးရှိ မုန့်ဟင်းခါးစားနေသည့် အနောက်နိုင်ငံသူက အသံအောအော မြန်မာစကားသံကြောင့် သူတို့ကို လှည့်ကြည့်သည်။

သူတို့သည် လက်ဆွဲနှုတ်ဆက်ကြသည်။

'ကျွန်တော့် နာမည် ထွန်းကျော်ပါ။ မြန်အောင်က ရေနံကော်ပိုရေးရှင်းမှာ လုပ်ပါတယ်။ ကျွန်တော့်ဇနီးနဲ့ မိတ်ဆက်ပေးရဦးမယ် ကက်သရီးနား'

မုန့်ဟင်းခါးပန်းကန်ကိုင်ထားသော ဂါဝန်ဝတ် အမျိုးသမီးကို ရုမေးနီးယားဘာသာဖြင့် ခေါ်လိုက်သည်။ ဂါဝန်အပြာနုလေး အနားရောက်လာသည်။

မိတ်ဆက်ပေးကြ၍ လက်ဆွဲ နှုတ်ဆက်ကြပြန်သည်။ မစ္စတာတေလာက ကက်သရီးနားကို ရုရှားဘာသာဖြင့်ပြောသည်။ ကက်သရီးနားက ရုရှားစကားလည်းပြောတတ်သည်။

'ကျွန်တော်က ရုမေးနီးယားကို ရေနံဗေဒပညာသွားသင်ယင်း သူနဲ့ ရသွားတာ' ဟု ပြောပြသည်။

'ရုမေးနီးယားပြည်ဟာ အရှေ့ဥရောပ နိုင်ငံထဲမှာ ရေနံတူးဖော်ရေးပညာမှာ နာမည်ရပါတယ်'

'ဟုတ်ကဲ့။ ကျွန်တော်တို့ မြန်မာပြည်ကနဲ့တော့ ရေနံလုပ်ငန်းပုံစံမှာ မတူဘူးပေါ့လေ။ ဒါပေမယ့် ပညာဆိုတာ ယူရ

http://myanmarpyithar.net

မှာပေါ့'

'ဟုတ်ပါတယ်၊ ဒီခေတ်က ရေနံခေတ်လို့ ပြောယင်တောင် ရတယ်ထင်ပါတယ်။ ရေနံနိုင်ငံရေးပရိယာယ်လို့တောင် ပြောကြသေးတာပဲ မဟုတ်လား'

ခင်ဂမုန်းကား ဘာမျှဝင်မပြော၊ သူ့အာရုံသို့ အတိတ်လှိုင်းတစ်လုံး လာရိုက်နေသည်။ ကက်သရီးနားက ခင်ဂမုန်းကို စိုက်ကြည့်နေသည်။ သူမ၏ မျက်လုံးက တောက်ပလျက်၊ ခင်ဂမုန်းက သူ့ကို ပြန်စိုက်ကြည့်နေသည်။

ထွန်းကျော်မှာ ဆန်နီကျော်ကြီး၏ အစ်ကိုအကြီးဆုံးဖြစ်သည်။ ထွန်းကျော်က အငယ်ဆုံး ဆန်နီကျော်ကြီးလောက် ရုပ်ကြည့်မကောင်း၊ ကိုယ်ထည်ကိုယ်ပေါက်က တုတ်တုတ်ခိုင်ခိုင်။ သန်မာတောင့်တောင့်၊ ပညာတော်သည်။ ဆန်နီလိုမဟုတ်၊ အမြဲစာကြိုးစားသည်။ ဆန်နီက သေးသေးသွယ်သွယ်၊ ပါးပါးလျားလျား ဆံပင်ရှည်ကုပ်ဝဲ၊ စကားပြောလျှင် အသံက ညင်းညင်းညံ့ညံ့ လေးလေးခွဲခွဲ၊ စကားအပြောကောင်း၊ ထွန်းကျော်ကတော့ ဟောဟောဒိုင်းဒိုင်း ယခုကြည့် စိတ်ထဲရှိတာ ပြောချလိုက်သည်။ သူ့ညီနှင့် ဘယ်တုန်းက ကွဲသွားသလဲဆိုသည့် သဘောမျိုးပြောချင်သည်။ မေးချင်သည်။ သူမနှင့်ပါလာသော ဇော်မင်းထွန်း တို့ကို တွေ့ရမှ စကားက ထစ်သွားသည်။ တော်သေးတာပေါ့ အစ်ကို ထွန်းကျော်ရယ်၊ အမှန်က ထွန်းကျော်ကစပြီး သူမကို စာပေးခြင်း

http://myanmarpyithar.net
ယွန်းရွှေအိမ်

ဖြစ်သည်။ မှတ်မိသေးသည်။ တစ်နေ့ အိမ်တွင် ဘယ်သူမှမရှိခိုက် ထွန်းကျော် ဝင်လာသည်။

'လာလေ. . . အစ်ကိုကျော်'

ထိုနေ့က တစ်အိမ်သားလုံး ဆွေမျိုးတစ်ယောက် အလှူ သွားကြသည်။ ကားတစ်စင်းလုံးအပြည့်။

ထွန်းကျော်သည် သူ့အနားရှိဆိုဖာတွင်ဝင်ထိုင်လိုက်သည်။

'နင် ဘာလုပ်နေလဲ'

'ဟင့်အင်း. . . ဘာမှမလုပ်ပါဘူး'

ထို့နောက် စကားသံတိတ်သွားသည်။

ခင်ဂမုန်းက မနေနိုင်၍ 'အစ်ကိုကျော်ဘာလုပ်ချင်လို့လဲ'

'ဘာမှမလုပ်ပါဘူး'

တိတ်သွားပြန်သည်။ စကားနည်းသည့် အစ်ကိုကျော်။

ခဏကြာမှ စာတစ်စောင်ကို သူ့လက်ထဲ ထည့်ကာ ပြန်ထွက်သွားသည်။

သူ့မှာကြောင်ကာ ကျန်ရစ်ခဲ့သည်။ ထွန်းကျော် ကား နောက်သို့ပင်လှည့်မကြည့်။ သူ့ရင်ထဲ၌ လှုပ်ရှားလျက်ရှိခဲ့သည်။ နောက် အစ်ကိုထွန်းကျော်သည် သူနှင့်ရင်မဆိုင်တော့။ တက္ကသိုလ် ရောက်သွားသောအခါ သာ၍ အတွေ့နည်းသွားခဲ့သည်။ သူ့ထက် ၂ နှစ်လောက် စောရောက်၍ အငယ် ဆန်နီနှင့်သာ တွဲမိသည်။ ဆယ်တန်း အတူတူတက်ခဲ့ကြသည်။ ဆန်နီကတော့ သူ့ကို

စာတစ်စောင်မျှ မပေးဖူး။ သူ့ကိုစာအုပ်ဝယ်ပေးသည်။သူလိုချင်တာ ဝယ်ပေးသည်။ လက်ဆောင်ပစ္စည်းလေးများ၊ ဝယ်လာတတ်သည်။ မွေးနေ့ဆိုလျှင် အဖိုးတန်လက်ဆောင်များ ပေးတတ်သည်။ အင်းလျားလိပ်၊ ကရဝိတ် စသည့် နေရာများတွင် ကျွေးသည်။ ရုပ်ရှင်ပြသည်။ သူနှင့် ပိုရင်းနှီးလာသည်။ သူနှင့်ဆန်နီ တစ်နှစ်တည်း ဆယ်တန်းအောင်၍ တက္ကသိုလ်တွင်လည်း အတူတူ။ အိမ်ပြောင်းသွားကြ၍ အစ်ကိုကျော်နှင့် အတွေ့နည်းသွားသည်။ ဆန်နီနှင့်ကတော့ အတွဲမပြတ်။ ဆန်နီက ကျောင်းကထွက်လျှင် သင်္ဘောသားလုပ်မည်ဆို၍ သဘောကျသည်။ မိဘချင်း မသင့်မြတ်သဖြင့် လူချင်းဝေးသွားခဲ့ရသည်ကော။

အစ်ကိုကျော် ဘူမိဗေဒ နောက်ဆုံးနှစ်တွင်တစ်ခါ သူနှင့်တွေ့သည်။ တက္ကသိုလ်များစာကြည့်တိုက်အဝင်ဝ လှေကားထစ်၌။

'ဟဲ့၊ နင်ဘယ်လာတာလဲ'

သူက ခေါင်းငုံ့ကာ 'စာအုပ်ငှားမလို့'

ပါးစပ်က ထွက်မိထွက်ရာ ဖြေလိုက်ခြင်းဖြစ်သည်။ အမှန်က ဆန်နီနှင့်ချိန်ထား၍ဖြစ်သည်။

'စာကြိုးစားနော်'

'အင်းပါ'

'ဆန်နီ အခုတလော အိမ်သိပ်မကပ်ဘူး၊ ဒီကောင်ကလေး ဆေးများစွဲနေသလားမသိဘူး၊ နင်ကြည့်ပြောဦး၊ ငါသွားမယ်'

http://myanmarpyithar.net
ယွန်းရွှေအိမ်

သူ မေးခွင့်မရတော့။ နောက်ဆုံး အစ်ကိုကျော်နှင့် တွေ့ခြင်း။

ငါ ဘာဖြစ်လို့များ နှုတ်လေးနေမိပါလိမ့်ဟု သူ့ကိုယ်သူ နောင်တရမိခဲ့သည်မှာ အမှန်။ ဆန်နီနဲ့ ကျွန်မ ဘာဆိုင်လို့လဲဟု ပြောမလို့ဟာ။ အစ်ကိုကျော်က သိပ်ရိုးတာပဲ။ အစ်ကိုကျော် နိုင်ငံခြားပညာတော်သင် သွားတာတောင်မသိလိုက်၊ ဟော အခု ရှုမေးနီးယားသူလေးနှင့်ရလို့ အစ်ကိုကျော်ရယ်. . . ။

ထွန်းကျော်က ရေနံအကြောင်း၊ ရှုမေးနီးယားအကြောင်း၊ ပြောပြနေသည်ကိုပင် ကောင်းကောင်း မကြားလိုက်မိ။

'ကက်သရီးနား အဖေက ရေနံဗေဒပါမောက္ခလေ' ဟူသော နောက်ဆုံးစကားသာ ကြားလိုက်ရသည်။ စကားဆက်မသိလိုက်ရတော့။

ကြားတွင်ဖြတ်၍ ကက်သရီးနားနှင့် မစ္စတာတေလာတို့က ရုရှားဘာသာဖြင့် ပြောကြသည်။

ဖော်မင်းထွန်းက မစ္စတာတေလာ ရုရှားစကားတတ်သည်ကို အံ့သြနေပုံရသည်။ မနေနိုင်၍ 'မစ္စတာတေလာက ဘာသာစကား ဘယ်နှစ်မျိုးတတ်သလဲ' ဟု ပြုံးကာ မေးလိုက်သည်။

မစ္စတာတေလာက ဟက်ဟက်ပက်ပက် ရယ်မောလျက်ရှိသည်။

'ကိုထွန်းထွန်းက ကျွန်တော့်ကို အထင်ကြီးသွားပြီနဲ့

http://myanmarpyithar.net

တူတယ်၊ ကျွန်တော်များများမတတ်ပါဘူး၊ ကျွန်တော်က ကပြား၊ အဖေက အင်္ဂလိပ်လူမျိုး၊ အမေက ချက်လူမျိုးဖြစ်ပါတယ်။ အမေ့ဆီက ချက်ကိုစလိုဗက်စကား တတ်ပါတယ်. . .'

ဇော်မင်းထွန်းကဖြတ်၍

'နေပါဦး၊ ရုရှားစကား ဘယ်လိုတတ်သလဲ'

'ဩော် ဒါလား၊ ကျွန်တော်နည်းနည်း လောသွားတယ်၊ ခွင့်လွှတ်ကြပါခင်ဗျာ၊ ချက်ဘာသာစကားနဲ့ ရုရှားက နီးစပ်မှုရှိပါတယ်၊ ဒါကြောင့် နည်းနည်းသင်ထားလို့ တတ်နေတာပါ။ အခု ဦးထွန်းကျော် ဇနီးကို တွေ့တော့ ပြောကြည့်တာပါ'

ကက်သရီးနားကတော့ မြန်မာလိုမတတ်၍ငေးနားထောင်နေသည်။

'နောက်ပြီး ကျွန်တော်က လီနင်ဂရက် တက္ကသိုလ်တို့ ပရာဟာက တက္ကသိုလ်တို့ အကယ်ဒမီတွေက အရှေ့တိုင်းလေ့လာရေး ပညာဌာနတွေနဲ့ ဆက်သွယ်ရပါတယ်။ ဒါကြောင့် သင်ထားရတာပါခင်ဗျာ'

'အစ်ကိုကျော့်ဇနီးက မုန့်ဟင်းခါးတောင် မပြီးသေးဘူးနဲ့ တူတယ်' ဟု ခင်ဂမုန်းက သတိပေးလိုက်သည်။

ကက်သရီးနားက ဆက်စားသည်။

'သူက မုန့်ဟင်းခါး သိပ်ကြိုက်တာ' ဟု ထွန်းကျော်က ပြောသည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

ကက်သရီးနား စားပြီး၍ ပြန်လာသောအခါ ထွန်းကျော်က 'ကဲ. . . လက်ဖက်ရည်သောက်ကြပါဦး'

သူတို့သည် လမ်းတစ်ဘက်ရှိ လက်ဖက်ရည်ဆိုင်တွင် ဝင်ကြသည်။ ရေနံတူးဖော်ရေး၊ ဆလမ်ဘာဂျာကုမ္ပဏီ၊ အာရပ်နိုင်ငံများမှ ရေနံသူဌေးကြီးများ၏ ကိုယ်ပိုင်လေယာဉ်တွင် ခင်းထားသော ကော်ဇောတန်ဖိုး၊ ကမ်းလွန်ရေနံလုပ်ငန်း၊ တနသ်ာရီ ကမ်းရိုးတန်း၏ ယူရေနီယံကြောရှိနိုင်ခြင်း၊ ထွေရာလေးပါး လက်ဖက်ရည်ဆိုင်တွင် ပြောကြပြီး လူချင်းခွဲကြသည်။

ထွန်းကျော်တို့ ဇနီးမောင်နှံက မြဇရော သဘော်ာပေါ် အထိလိုက်ပို့သည်။

ပြန်ခါနီး နှုတ်ဆက်သောအခါ ထွန်းကျော်က 'ညစာကျွန်တော်တို့ဆီမှာစားပါ'ဟု ဖိတ်ခေါ်လိုက်သည်။ ထွန်းကျော်အိမ်မှ စကားဝိုင်းတွင် ခင်ဂမုန်းက စကားသွက်သလောက် ဇော်မင်းထွန်းက ခပ်ဆိတ်ဆိတ်။

ညဘက် အခန်းပြန်လာကြသောအခါ ဇော်မင်းထွန်းက အိပ်ရာအစောဆုံးဝင်သည်။ ခင်ဂမုန်းက ဝရန်တာတွင် ရပ်နေပြီးမှ နောက်ကျဝင်သည်။

'ထွန်းထွန်း အိပ်ပြီလား'

ဇော်မင်းထွန်းက ဘာမျှပြန်မဖြေ

'ထွန်းထွန်းအိပ်ပြီလား' ခင်ဂမုန်းအသံကျယ်လာသည်။

http://myanmarpyithar.net

## ၈၂ ဒဂုန်တာရာ

'မေးတာမကြားဘူးလား'

'မုန်းပြောတာကြားလား'

'မုန်းပြောမယ်သိလား၊ ကက်သရီးနားက သိပ်မနာလို စိတ်များတာပဲကွာ'

ဇော်မင်းထွန်းက အင်းမလိုက်၊ ငြိမ်သက်လျက်။

'မုန်းပြောတာကြားလား'

'ကြားပါတယ်ကွ'

ထမင်းဝိုင်းတွင် သူတို့အားလုံး ရှူမေးနီးယားမှ နာမည်ကြီး ဆိုဖီယာ ဝိုင်အရက် သောက်ကြသည်။ ဇော်မင်းထွန်း အများဆုံး။

'မုန်းပြောမယ်၊ ကက်သရီးနားက သိပ်မနာလိုစိတ် များတာပဲ'

'ဘယ်သူ့ကို မနာလိုတာလဲ'

'မုန်းကိုပေါ့'

အတန်ကြာ တိတ်ဆိတ်နေသည်။

'ထွန်းထွန်းက သတိမထားမိလို့၊ အစ်ကိုကျော်က မုန်း ပန်းကန်ထဲ ဟင်းတွေထည့်ပေးရင် သူက မျက်လုံးကြီး ဝင်းဝင်း တောက်လို့'

ဇော်မင်းထွန်းက ဘာမျှပြန်မပြော တိတ်သွားပြန်သည်။

'ထွန်းထွန်း အိပ်ချင်နေလား၊ သူ ဝိုင်လေး သုံးလေးခွက်



ယှဉ်နှင်းရွှေအိမ်

သောက်တာ၊ မုန်းက အစ်ကိုကျော် ငှဲ့ပေးတိုင်း သောက်တာတောင် ဘာမှမဖြစ်ပေါင်'

တိတ်ဆိတ်သွားပြန်သည်။

အတန်ကြာမှ ဇော်မင်းထွန်းက

'မုန်းက ညီနဲ့လား၊ အစ်ကိုနဲ့လား'

ဇော်မင်းထွန်း၏ အသံက ခပ်မာမာ ခပ်ပြတ်ပြတ်။

ခင်ဂမုန်းသည် ဝုန်းကနဲ ဇော်မင်းထွန်း ကုတင်နား ရောက်လာကာ ခါးထောက်ရပ်လိုက်သည်။

'ပြန်ပြောစမ်းပါဦး'

'တို့ပြောတာ ရှင်းပါတယ်၊ မြန်မာစကားကို ရှင်းရှင်း ပြတ်ပြတ် ပြောထားတာပဲ'

'ဩော်. . . ဒီလိုလား'

'ဟုတ်တယ်၊ ဒီလိုပဲ'

'ဩော်. . . ဒီလိုလား၊ ဟုတ်တယ် နှစ်ယောက်စလုံး၊ ညီကသဘော်သား၊ အစ်ကိုက နိုင်ငံခြားပြန်၊ အင်ဂျင်နီယာ အရာရှိကြီး'

'မုန်း. . . တယ်စွံလိုက်ပါလား'

'ဟုတ်တယ် ဟုတ်တယ်၊ မသိဘူးလား'

'သိသားပဲ၊ အစကတည်းက သိတယ်'

နှစ်ယောက်လုံး တင်မာမှုက လွှမ်းသွားသည်။

http://myanmarpyithar.net

(၇)

ဧရာဝတီမှာ ကျယ်သထက် ကျယ်လာသည်။ မြစ်ရောမှာ တစိုက်စိုက် ခုတ်မောင်းလျက်ရှိသည်။ ကမ်းတစ်ဘက်တစ်ချက်တို့တွင် စိမ်းညို့သော တောင်တန်းများက မြစ်ရေပြင်တွင် အလှကြည့်နေကြသည်။ တစ်ဘက်က ရခိုင်ရိုးမ၊ အမျှင်အစတောင်လက်တက်များ၊ အရှေ့ဘက်ကမ်းတွင် ပဲခူးရိုးမ၏ အမျှင်အစများ၊ ရှေးနှစ်ပေါင်း များစွာကပင်လျှင် တောင်တန်းကြီးနှစ်သွယ်မှ ရေများသည် ဧရာဝတီမြစ်ဝှမ်းတစ်ဝိုက်သို့ စီးဆင်းကြပေလိမ့်မည်။ အထက်အညာ ဟိမဝန္တာ၊ တိဗက်၊ တရုတ်ပြည်စသည့် မြောက်ပိုင်းရှိ တောင်တန်းတို့မှလည်း မေခ၊ မလိခ တို့စီးဝင်ကာ အောက်အကျေသို့ စီးယင်း ဧရာဝတီမြစ်သို့ ပေါင်းစုပေလိမ့်မည်။ ရှမ်းရိုးမမောတောင်တန်းမှ ရေတို့သည် ဒုဋ္ဌာဝတီမြစ်မှတစ်ဆင့် ဧရာဝတီသို့ ပေါင်းဝင် စီးဆင်းသည်။ ဟိမဝန္တာ

http://myanmarpyithar.net
ယွန်းရွှေအိမ်

## ၈၆ ဒဂုန်တာရာ

တောင်မှ ရေတို့သည် ချင်းတွင်းမှတဆင့် ဧရာဝတီသို့ စီးဆင်းသည်။ ဧရာဝတီသည် မွန်ဂိုလျလူမျိုးပေါင်းစုံတို့၏ ဆုံရာဒေသသဘာဝရေမြေသြဇာဓာတ်တို့ ပေါင်းစပ်ထားသည့် ထူးခြားသော မြစ်ကြီးပေတကား။

ဧရာဝတီ မြစ်ရိုးတစ်လျှောက်တွင် မြို့တော်ရာဇဌာနီများတွင် ထီးနန်းစိုက်ထူခဲ့ကြသည်သာများသည်။ ပျူနိုင်ငံတော်၏ ပိဿနိုးမြို့တော်က အဘယ်ကြောင့် မြစ်ကမ်းဧရာဝတီပေါ်တွင် မတည်ထားခဲ့သနည်း။

ဤပုစ္ဆာကို မစ္စတာတေလာက စိတ်ဝင်စားနေသည်။

'ကျွန်တော် ပြည်မှာဆင်းနေပြီး ပိဿနိုးကို ဝင်ကြည့်မယ်၊ ပြီးတော့ ပုဂံကို ကားနဲ့သွားမယ်၊ ပုဂံမှာ ထပ်တွေ့ကြသေးတာပေါ့'

မစ္စတာတေလာနှင့် ဇော်မင်းထွန်းတို့သည် သင်္ဘောလက်ရန်းကိုမှီကာ ပြည်မြို့ဘက်သို့ ဦးတည်လျက်ရှိသော မြစ်ပြင်ကို ငေးလျက် စကားပြောနေကြခြင်းဖြစ်သည်။

ဇော်မင်းထွန်းမှာ အခန်းတွင် သိပ်မကပ်၊ နေ့လည်တွင် ကုန်းပတ်ရှိ ခရီးသည်များနှင့် သွားစကားပြောနေသည်။ ဇော်မင်းထွန်းမှာ ရောက်သည့် မိမိအရပ် ပတ်ဝန်းကျင်မှ လူများအကြောင်း သိချင်သည်။ သင်္ဘောပေါ်ရောက်ပြီး နှစ်ရက်သုံးရက်အတွင်း ခရီးသည်များနှင့် သိကျွမ်းနေပြီ၊ အထူးသဖြင့် ကုန်းပတ်ခရီးသည်များနှင့် သိကျွမ်းနေပြီ၊ ခင်ဂမုန်းနှင့်ပင် တစ်နေ့လုံး စကားမပြော

http://myanmarpyithar.net

ယွန်းရွှေအိမ်

ဖြစ်၊ ညကသူနှင့် စကားများပြီးကတည်းက ဆိုပါတော့၊ ခင်ဂမုန်းက တစ်နေ့လုံး အခန်းထဲမှမထွက်၊ သူကလည်း သူ့ခံစားမှုနှင့်သူ ဖြစ်မည်။

ခင်လေးမွန်၊ ခိုင်ယဉ်မွန်၊ ဆွေဆွေအောင်တို့၏ အချစ်ဝတ္ထုများကို ဖတ်နေသည်။ ဖတ်သည်ဆိုသော်လည်း စိတ်က ပျံ့လွင့်လျှက်ရှိနေသည်။ ဆန်နီ၊ ထွန်းကျော်၊ ကက်သရီးနားတို့၏ ရုပ်ပုံတို့က စာလုံးများနှင့် ရောထွေးကာ လိုက်တမ်းပြေးတမ်း ကစားနေကြသည်။ ဇာတ်လမ်းမေ့သွား၍ စာတစ်ပိုဒ် ပြန်ဖတ်ရသည်မှာ အကြိမ်ကြိမ်၊ ဝတ္ထုထဲတွင် ကောင်မလေးနှင့် ကောင်လေးတို့သည် အဆင်ပြေနေကြသည်။ အထင်လွဲလည်း ခဏမျှသာ၊ နောက်ဆုံးတော့ လက်ထပ်လိုက်ကြသည်။ ဝတ္ထုဖတ်ပြီး ခဏတော့ ပျော်သွားမိသည်မှာ အမှန်။ ဝတ္ထုဖတ်နေရင်း ဝရန်တာမှ ဇော်မင်းထွန်းနှင့် မစ္စတာတေလာတို့ စကားပြောနေကြသံကို ကြားနေရသည်။ ပြည် ဆိုက်တော့မည်ဆိုပါလား။

ခင်ဂမုန်းသည် ဝတ္ထုစာအုပ်ကို ချလိုက်သည်။ ဝတ္ထုမျက်နှာဖုံးထဲမှ ကောင်လေး၊ ကောင်မလေးများကား ချောလို့လှလို့၊ ငါဝတ်ပုံများပါကလား။ ဒါပေမယ့် ငါ့ဘဝနဲ့ တူရဲ့လား၊ ထွန်းထွန်းဝတ်ပုံကတော့ ဒီအဖုံးထဲကနဲ့ မတူပါဘူး၊ မျက်နှာဖုံးထဲက ဂျင်းဘောင်းဘီနဲ့၊ ထွန်းထွန်းကတော့ ကချင်လုံချည် အရောင်မှိုင်းမှိုင်းနဲ့။

'ဟောဟို. . . ပြာညို့ညို့က ဖိုးဦးတောင်လေ'

ခင်ဂမုန်းက စိတ်လှုပ်ရှားကာ အပြင်သို့ ထွက်လိုက်သည်။

သဘော်သည် ပြည်ဘက်သို့ တငြိမ့်ငြိမ့်ခုတ်မောင်းလျက်ရှိသည်။ ရခိုင်ရိုးမတောင်တန်းတွင် အနီရောင်ရဲနေသည်။ နေကိုကား မမြင်ရ။ တိမ်တိုက်မီးခိုးရောင်ရင့်ရင့်တို့က နေလုံးကိုကွယ်ထားသည်။ လေက တဖြူးဖြူးတိုက်လျက်ရှိသည်။ မြဧရာသည် အရှေ့ဘက်ကမ်းသို့ ဦးတည်ထားသည်။ လေကပို၍ ပြင်းလာသည်။ ဇော်မင်းထွန်း၏ လုံချည်မှာ ရွက်ကဲ့သို့ တဖျပ်ဖျပ် ရိုက်လျက်ရှိသည်။ ကြည့်နေယင်းပင် ကောင်းကင်သည် အပြာရင့်ရောင်ဖြစ်လာလေပြီ။ ရခိုင်ရိုးမပေါ်မှ နေလုံးမှာ ပန်းနုရောင် ပြေးလာသည်။ မြစ်ပြင်မှာ အနီရောင်လှိုင်းတို့ဖြင့် လက်နေသည်။ မြဧရာကား ခုတ်မောင်းလျက်။

ကြည့်နေရင်းပင် အပြာရင့်ရောင်ထဲတွင် အနက်မျှင်အနက်စများပျောက်ကာ ရခိုင်ရိုးမတောင်တန်းမှ ပန်းနုရောင်သည် ခရမ်းရောင်သို့ ပြောင်းလာသည်။ မဟူရာနေရောင် ဇာပဝါက လွှမ်းလိုက်ပြီ။

'ပြည် ဆိုက်တော့မယ်၊ ဟော. . . '

ပြည်မြို့သည် မီးရောင်ဖြင့် လက်လာသည်။ မှိုင်းညို့ပြာရီသော ပြည်မြို့သည် မီးရောင် ပြိုးပြိုးပြက်ပြက်ဖြင့် မြဧရာကို ကြိုဆိုလိုက်သည်။

http://myanmarpyithar.net

ယွန်းရွှေအိမ်

'ကဲ. . . ကျွန်တော် သွားလိုက်ပါဦးမယ်'

မစ္စတာတေလာက ခင်ဂမုန်းနှင့် ဇော်မင်းထွန်းတို့အား နှုတ်ဆက်သည်။

'ပုဂံမှာ ဆုံကြတာပေါ့'

ဇော်မင်းထွန်းတို့သည် အောက်ထပ်အထိ လိုက်ပို့ကြသည်။ လှေကားပြန်အတက်တွင် ကုန်းပတ်မှ အဒေါ်ကြီးနှင့် တွေ့၍ သင်္ဘော ပြည်တွင် အိပ်မည်ဖြစ်ကြောင်း သိရသည်။ ခင်ဂမုန်း ဝင်းပသွားသည်။

'အတော်ပဲ၊ မုန်း ရွှေဆံတော် ဖူးချင်တယ်'

မုန်းပါးစပ်က အလိုလိုထွက်သွားသည်။ သင်္ဘောပေါ်မှ ကြည့်လိုက်သောအခါ မီးရောင်များဖြင့် လင်းပြက်နေသော ရွှေဆံတော်ကို ကောင်းကင်နက်ပြာထဲမှ သပ္ပါယ်စွာ တွေ့လိုက်ရသည်။

ခင်ဂမုန်းက ဇော်မင်းထွန်းကို ပြုံးကြည့်ကာ. . .

'မုန်းကို လိုက်ပို့'

ဇော်မင်းထွန်း မနေသာတော့။

'ကဲ. . . အဝတ်လဲ'

'အပြင်မှာ စားရအောင်နော် မေမေလုပ်ပေးလိုက်တဲ့ ဟင်းတွေလဲ ကုန်ပြီ'

မနေ့ညက အုံကြွခဲ့သော ဆန်နီ၊ ထွန်းကျော်၊ ခင်ထားနု

http://myanmarpyithar.net
ယွန်းရွှေအိမ်

ပြဿနာတို့ တိမ်မြုပ်သွားလေပြီ၊ ခန်းခြောက်သွားသော မျက်ရည် နေရာတွင် ပန်းနုရောင် အပြုံးက ဝင်ရောက်လာသည်။

သူတို့သည် တရုတ်ဆိုင် တစ်ဆိုင်သို့ ဝင်ကာ ထမင်း စားကြသည်။

သူတို့သည် ရွှေဆံတော်သို့ လမ်းလျှောက်သွားကြသည်။ ညစျေးတန်း အသံချဲ့စက်မှ ကျယ်လောင်သောအသံ၊ ဓာတ်မီး ထိန်ထိန်နှင့် လူစည်ကားသော လမ်းကို ဖြတ်သွားကြရသည်။ ဓာတ်လှေကားမှ တက်လျှင်တက်ချင်း စေတီတော်၏ ရွှေရောင်က ဘုရားဖူးတို့အား စိတ်နှလုံးအကြည်ဓာတ်ကို ရိုက်ခတ်လေတော့ သည်။ နက်ပြာသော အမှောင်တွင် ပြိုးပြက်ဝင်းလက်သော ရွှေရောင်က အမှောင်ကို ခွင်းလိုက်သော လက်အရှက်အသိကို ပေးလိုက်သည်။

ဇော်မင်းထွန်းနှင့် ခင်ဂမုန်းတို့သည် ကြည်လင်သွားကြ သည်။ သူတို့စိတ်သည် ရင်ပြင်တော်၏ လှပအေးချမ်းခြင်းအာရုံ ရိုက်ခတ်သဖြင့် မနေ့ညက သူတို့နှစ်ယောက်၏ အတွင်းစိတ်ကို စွန်းပေထိခိုက်မိသော အညစ်အကြေးအစအနများသည် လျော ဆင်းသွားသလို မှတ်ရပေသည်။ ကြီးကြယ်သော အလင်း၏ အား ကြောင့် ခိုကပ်မှီနေသော အမှောင်ရိပ်များ မရှိတော့။

'ထွန်းထွန်းရေ သိပ် သပ္ပါယ်တာပဲနော်'

'ဟုတ်တယ်ကွ၊ တို့စိတ်ထဲမှာ ရန်ကုန်တောင် သွားသတိရ

http://myanmarpyithar.net
ယွန်းရွှေအိမ်

သလို. . . အဲ'

ခင်ဂမုန်းက ဇော်မင်းထွန်းကို ထပ်ကြည့်လိုက်သည်။ သူက ဘာသတိရတာလဲ၊ ဘယ်သူ့ကို သတိရပြန်တာလဲ။

'ဟိုလေ မုန်းမှတ်မိသေးလား၊ လမ်းလျှောက်ယင်း ရွှေတိဂုံ ဘုရားတက်ကြတာလေး'

ဇော်မင်းထွန်းက ခင်ဂမုန်း မျက်နှာရိပ်ကို အကဲခတ်မိ၍ သူမနှင့်အတူ သွားခဲ့သည့်အကြောင်းကို ဆက်ယူလိုက်သည်။ အမှန်အားဖြင့် ခင်ထားနုနှင့် တစ်ည ဘုရားသွားကြခြင်းကို သတိရကာ လွှတ်ကနဲ ထွက်သွားခြင်းဖြစ်သည်။ အချိန်မီဆယ်လိုက်ရသည်။ ခင်ထားနုသူငယ်ချင်း မော်လီနှင့် စန်းစန်းမေတို့လည်း ပါသည်။ ဘုရားပေါ်ရောက်စက နေဝင်ကာနီး၊ ရင်ပြင်တော်ကို လက်ယာရစ်ပတ်မိကြသောအခါ လှိုင်မြစ်ဘက်မှ ပန်းနုရောင် သမ်းနေလေပြီ၊ ဆောင်းဝင်စမို့ လေက အေးအေး၊ ခပ်စောစော နေဝင်၍ အနောက်ဘက်တွင် နီရဲနေပြီ၊ စေတီရံ ဂူထွတ်များထဲမှ ဖယောင်းတိုင်မီးရောင် ဝါကြင်ကြင်တို့မှာ လေကြောင့် လှုပ်ရှားနေကြသည်။ သူတို့အားလုံး စိတ်ကြည်ရွှန်းနေကြ၍ ဆည်းဆာ ပန်းနုရောင် ရွှေရောင် အလှတွင် ခံစားကာ ဖြည်းဖြည်းချင်း ပတ်နေသည်။

'ရင်ပြင်တော်ပေါ်ရောက်ယင် စိတ်ကို အေးကြည်သွားတာပဲနော်' ဟု ခင်ထားနုက ပြောလိုက်သည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

'ဟုတ်တယ်၊ မော်လီလဲဒီလိုပဲ စိတ်များညစ်လို့ ဘုရားလာလိုက်ယင် တစ်ခါတည်း ကြည်လင်ရွှင်ပျလာတာ'

'ဟုတ်တယ်ကွ၊ နေပါဦး၊ နင်ဘာများ စိတ်ညစ်စရာရှိလို့လဲ ပြောစမ်းပါဦး၊ နင်နော်' ဟု စန်းစန်းမေက ဇော်မင်းထွန်းဘက်မေးထိုးပြကာ၊ ယောကျ်ားလေးတစ်မ်း ရှိနေလို့ဟူသောသဘောဖြင့် ပြောလိုက်သည်။

ခင်ထားနုက ဇော်မင်းထွန်းနှင့် စကားပြောရင်းမို့ သူတို့ပြောနေသည်ကို အကုန်မကြား။

'နော်. . . ဟော့နု'

ခင်ထားနုက မကြားမိသလိုနှင့် ရွှေရောင်များကိုငေးကြည့်လိုက်သည်။

'လာဟော့၊ မိုးချုပ်တော့မယ် ပြန်စို့'

ခင်ထားနုက ရှက်နေသည်။ ဇော်မင်းထွန်းက မော်လီတို့ဘက်ကြည့်ကာ ပြုံးနေမိသည်။

'ထွန်းထွန်း ရွှေဆံတော်ကို အရင်က ရောက်ဖူးလား'

ဇော်မင်းထွန်းက ရွှေရောင်ဖောင်းရစ်ကို ငေးယင်း 'တို့ကဘုရားရောက်တိုင်း စိတ်ရင်ထဲမှာ အေးအေးသွားတာ အမှတ်ရနေတာနော် မုန်း'

ခင်ဂမုန်းက ဘာမျှပြန်မပြော၊ ဇော်မင်းထွန်း ဘာဖြစ်နေတာလဲ။

http://myanmarpyithar.net
ယုန်းရွှေအိမ်

'မုန်းကတော့ ရင်ပြင်တော်ရောက်ယင် လွတ်လွတ်လပ်လပ်သွားရလို့ ပျော်နေတာ၊ ထွန်းထွန်းကော မပျော်ဘူးလား'

'ပျော်သားပဲ'

ခင်ဂမုန်းက သူ့အသံလေးလေးကို သိပ်မကြိုက်။

သူတို့သည် စကားတပြောပြောနှင့် လျှောက်လာကြယင်း တစ်ပတ်ပြည့်သွားသည်။ ခင်ဂမုန်းက တန်ဆောင်းတစ်ခုရှေ့တွင် ဘုရားဝတ်ပြုနေသည်။

သူတို့သည် ပစ္စယံ အထက်မှနေ၍ အပြင်ဘက်သို့ လှမ်းကြည့်နေကြသည်။ မီးရောင်တို့ဖြင့် ကြဲပြောက်ထားသော မြို့၏ အပေါ်စီးပုံကားချပ်ကို ကြည့်နေကြသည်။ မြို့ထဲမှ ဆိုက်ကားဟွန်းသံ၊ မော်တော်ကားဟွန်းသံ၊ အသံချဲ့စက်သီချင်းသံ၊ လူသံ၊ အသံဗလံများ အဝေးမှ ပွဲ့တင့်ပျံ့လွင့်တက်လာသည်။ တစ်ဘက်ရှိ တန်ဆောင်းမှနေကြည့်လိုက်သောအခါ ရောဝတီမြစ်ပြင်ကို မြင်ရသည်။ ကြယ်ရောင်အောက်တွင် မြစ်ပြင်မှာ ကျောက်ကျောတုံးကဲ့သို့ မည်းနက်ပြောင်လက်နေသည်။ ကျောက်ကျော်လှိုင်း ရွှရွှများပေါ်တွင် မီးခိုးရောင် လှေကလေးများသည် မီးရောင် ဝါကြင်ကြင် တလက်လက်နှင့် တရွေ့ရွေ့ မျောနေကြသည်။ သူတို့သည် အတော်ကြာ ကြယ်ပြောက်ညမြင်ကွင်းကို ငေးမောတိတ်ဆိတ်နေမိကြသည်။ အတွေးကိုယ်စီဖြင့်။

မီးရောင် လက်လက်နှင့် လှေများမှာ စုန်သူရှိသလို၊ ဆန်

သူလည်းရှိကြသည်။ ခရီးသွားပုံချင်း မတူကြ၊ စုန်သူက နည်းနည်းမြန်ပြီး ဆန်သူက တရွေ့ရွေ့၊ သူတို့သည် ပြန်တွေ့ချင်မှ တွေ့ကြမည်။

'လှေကလေးတွေတွေ့လား၊ အစုန်အဆန် သွားနေကြတာ' ဟု ဇော်မင်းထွန်း တိတ်ဆိတ်ခြင်းကို ထွင်းဖောက်လိုက်သည်။

'တွေ့သားပဲ'

ခင်ဂမုန်းက စောစောက ဇော်မင်းထွန်း ပျော်သားပဲဟု ဖြေသောလေသံမျိုး။

'ဆုန်တဲ့လှေနဲ့ ဆန်တဲ့လှေ ပြန်တွေ့ကြဦးမလားလို့ . . မုန်းဘယ်လိုသဘောရသလဲ'

ခင်ဂမုန်းက သူ့ကို ဖြတ်ကနဲ လှမ်းကြည့်လိုက်သည်။ ပြီးတော့ တခွိခွိရယ်မောနေသည်။ ဇော်မင်းထွန်း မျက်နှာကတော့ မပြုံးမရယ်။

'ဒဿနဗေဒဆရာကြီး . . . တော်တော်တွေးယူရတယ်နဲ့ တူတယ်၊ အဲဒီအတွေးရအောင် ဘယ်နှစ်ညများ မအိပ်ဘဲ တွေးရသလဲ၊ ပြောစမ်းပါဦး ပါမောက္ခကြီးရဲ့'

ခင်ဂမုန်းက ထပ်ရယ်နေသည်။ ဇော်မင်းထွန်းလည်း မနေနိုင်တော့၊ သူလည်း လိုက်ရယ်နေသည်။ သူတို့ဘေးမှ ဖြတ်သွားသော တဘက်ကိုယ်စီပေါင်းထားသော ကျေးလက်မှ ဘုရားဖူးတစ်သိုက်က သူတို့ကို ကြည့်သွားကြသည်။ သူတို့အတွဲကတစ်မျိုး။

http://myanmarpyithar.net
ယွန်းရွှေအိမ်

ဟိုနားက အတွဲက နှစ်ကိုယ်ကြား တတွတ်တွတ်နဲ့။

'စုန်တဲ့လှေက ဘယ်ရောက်သွားမလဲ သိလား' ဟု ဇော်မင်းထွန်းက ပုစ္ဆာတစ်ခု ထုတ်ပြန်သည်။ သည်တော့ခင်ဂမုန်းက မရယ်တော့၊ သို့သော် ပြုံးစိစိမျက်နှာပေးဖြင့် ဖြေသည်။

'စုန်တဲ့လှေက ဘင်္ဂလားအော်ထဲ ရောက်သွားမှာပေါ့၊ ရေလှည့်သင့်ယင် ကိုကိုးကျွန်းတောင် ရောက်နိုင်တာပဲ'

'ဆန်တဲ့လှေကကော'

'မေခ မလိခ ဆံရာ ကျောက်ဆောင် ရေခဲတုံးကြားအထိ ပေါ့။ ထွန်းထွန်းက ဟားရတယ်ကွာ၊ ရယ်ရတာနဲ့ အူနာလိမ့်မယ်၊ ပြန်စို့'

ဓာတ်လှေကားမှ အဆင်းတွင် အသက် ၇၀ ခန့်ဟု မှတ်ထင်ရသော ခပ်အိုအိုပုံပန်း၊ ပိန်ပိန်ခြောက်ခြောက်၊ စုတ်ဖွာနေသော ပင်နီအင်္ကျီတိုက်ပုံ၊ လုံချည်နွမ်းနွမ်း၊ လူကြီးတစ်ယောက်က သူတို့ကို စိုက်ကြည့်နေသည်ကို တွေ့ရသည်။ လူကြီးလွန်သွားမှ ထိုလူကြီးက 'မောင်ရင်လေး' ဟု လှမ်းခေါ်သည်။ ဇော်မင်းထွန်းက လှည့်ကြည့်သည်။

'မောင်ရင်လေး'

သူကြားဖူးသော အသံ။ ဘယ်မှာ မြင်ဖူးပါလိမ့်၊ ဇော်မင်းထွန်း ခြေလှမ်းတုံ့သွားသည်။ ခင်ဂမုန်းက ရှေ့ရောက်သွားသည်။

'ထွန်းထွန်း မြန်မြန်'

http://myanmarpyithar.net
ယွန်းရွှေအိမ်

ဇော်မင်းထွန်း သူ့ထံသွားသည်။ ခင်ဂမုန်းကရပ်လျက်။

'မင်း သခင်ဗဂွမ်းသား မဟုတ်လား။ တူပါတယ် ကြည့်နေတာ'

'ဟုတ်. . . ဟုတ်ကဲ့. . . ဖေဖေ'

'အေး. . ဦးကသခင်စန်းမောင်လေ၊ မင်းတို့အိမ်မန္တလာ ရိပ်သာ မရောက်ခင်ကရောက်တယ်။ မင်းတို့အဖေက စိတ်မပြောင်းဘူး၊ အရင်အတိုင်းပဲ'

'ဖေဖေကလဲ ဦးအကြောင်းပြောပါတယ်၊ ဦးလေးတို့ လွတ်လပ်ရေး လှုပ်ရှားမှုတွေ အကြောင်း. . .'

ဇော်မင်းထွန်းက သူတို့ လက်ထပ်သည့် အကြောင်းပြောပြသည်။ သူကလည်း ရင်းရင်းနှီးနှီး။ သခင်စန်းမောင်ကလည်း ရင်းရင်းနှီးနှီး၊ ခင်ဂမုန်းက 'ထွန်းထွန်း' တစ်ချက်လှမ်းခေါ်လိုက်သေးသည်။ သူကတော့ စကားမပျက်။

'ကဲ သွားဦး၊ မင်းဖေဖေကိုသာ ဦးလေးနဲ့ တွေ့ကြောင်းပြောပြ။ ဦးလေးက သတိရပါတယ်။ အေး မကွေးရောက်ယင် သခင်စိမ်းဆိုပြီးမေး။ နောက်ပြီး ချောက်မှာလဲ သခင်ဝကြီးဆိုတာရှိတယ်၊ ပြောပြပေါ့ကွာ။ မင်းအဖေရဲ့ လုပ်ဖော်ကိုင်ဘက်တွေ၊ နောက်ပြီး မြင်းခြံက သခင်လေးမြင့်'

ခပ်လှမ်းလှမ်းမှ 'ထွန်းထွန်း' ဟု အသံထွက်လာပြန်သည်။

'အေး ပြောရရင်တော့ ဧရာဝတီမြစ်တရိုး ကုန်မှာမဟုတ်ဘူး၊

http://myanmarpyithar.net
ယွန်းရွှေအိမ်

ကလေးမစောင့်နေရတယ် ကဲ သွားပေဦး’

ဇော်မင်းထွန်းသည် ခင်ဂမုန်းထံသွားသည်။

‘ထွန်းထွန်းကလဲကွာ၊ ဒီအဘိုးကြီးနဲ့များ၊ ပိုက်ဆံပေးလိုက်ရသေးသလား’

‘ဖေဖေတို့ရဲဘော်’

‘ရဲဘော်’.....

ဇော်မင်းထွန်းက ဘာမျှပြန်မပြောတော့။ ထင်ချင်သလိုထင်တော့။

ခင်ဂမုန်း ထပ်မေးလျှင်လည်း သူဖြေမည် မဟုတ်။ ခင်ဂမုန်းကလည်းမမေး။ သူတို့သည် သင်္ဘောဆိပ်သို့ တိတ်ဆိတ်သွားကြသည်။ မြစ်ပြင်တွင် အနက်ရောက်ပေါ်တွင် မီးခိုးရောင်လှေများ မီးတလက်လက်နှင့် စုန်လိုက်၊ ဆန်လိုက်။

(၈)

မြဧရာသည် တရိပ်ရိပ် ပြေးလျက်ရှိသည်။

ပြည်က ထွက်ကတည်းက လေသည်လည်း ထန်လာသည်။

မြစ်ကလည်း ပို၍ ကျယ်လာသည်ဟု မှတ်ရသည်။ ခင်ဂမုန်းသည် အခန်းအပြင်သို့ပင် သိပ်မထွက်။ ခါတိုင်းဆိုလျှင် ဧည့်ခန်းတွင်းသွားကာ ထိုင်နေတတ်သည်။ လေတိုက်၍ သွားမထိုင် ဧည့်ခန်းမှာ သုံးဘက်မြင်ဖြစ်၍ မြင်ကွင်းကျယ်သည်။ ဧရာဝတီ မြစ်ရိုးကို တစ်ဆုံးကြီး ကြည့်၍ရသည်။

ဇော်မင်းထွန်းမှာ မြဧရာ၏ ခေါင်မိုးအပေါ်ဆုံး ဦးဘက် အထပ်ရှိ မာလိန်မှူး ပဲ့ကိုင်ခန်းသို့သွားကာ ရေကြောင်းပြမျှားနှင့် စကားပြောနေသည်နှင့်ပင် နေကုန်လုနီးသွားသည်။ အမြင့်မှဆီး၍ ကြည့်ရခြင်းဖြစ်၍ မြင်ကွင်းမှာ အထူးကောင်းသည်။

'သင်္ဘောသားတွေက အကုန် မြန်မာတွေချည်းပဲနော်'

http://myanmarpyithar.net
ယွန်းရွှေအိမ်

မာလိန်မှူးက ပြုံးကာ 'အကုန်မြန်မာတွေပဲပေါ့' ဟု ဇော်မင်းထွန်းမေးသည်ကို ဖြေလိုက်သည်။ လေတိုက်သဖြင့် ဇော်မင်းထွန်း ဆံပင်များ အကုန်ထောင်နေသည်။

'အင်္ဂလိပ်ခေတ်တုန်းကတော့ ကုလားတွေပဲ သင်္ဘော အလုပ်လုပ်ကြတာ၊ မြန်မာတွေက စိတ်မဝင်စားကြဘူးနဲ့တူတယ်'

ဒုတိယ မာလိန်မှူး ပြောသည်ကို မာလိန်မှူးကဝင်၍ 'စိတ်မဝင်စားတာတော့ ဟုတ်ချင်မှဟုတ်မယ်၊ ရှေးက လှေခေတ် ဆိုတော့ လှေသူကြီး လှေထိုးသားတို့တော့ လုပ်ကြပါတယ်' ဟု ပြောသည်။

'လွတ်လပ်ရေးရပြီးမှ မြန်မာတွေ သင်္ဘောသားလုပ်ကြ တာပေါ့နော်'

'ဟုတ်မယ်ထင်တယ်'

ဇော်မင်းထွန်းမှာ သူ့ဖခင် ပြောသော စကားများကို သွားသတိရမိသည်။ သူသည် တက္ကသိုလ်သို့ ရောက်သည့်နှစ်က သမိုင်းစာအုပ်တစ်အုပ် ဖတ်နေစဉ် စကားစပ်၍ ဖခင်က ဝင်ပြော ခြင်းဖြစ်သည်။ လွတ်လပ်ရေးရတယ်ဆိုတာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရတဲ့သဘော၊ ဘယ်သူ့ကိုမှ မမှီခိုဘူး။ မိမိဘာသာ ရပ်တည်ခြင်းဆိုတဲ့ အဓိပ္ပါယ်ရတယ်။ စီးပွားရေးအရ ဖြစ်စေ၊ နိုင်ငံရေးအရ ဖြစ်စေ၊ အမှီခိုကင်းရမယ်၊ လွတ်လပ်ရေးဆိုတာ အမှီခိုကင်းမဲ့ရေးပဲ။

http://myanmarpyithar.net
ယွန်းရွှေအိမ်

ဖခင်ပြောစဉ်က စကားလုံးများကိုကား မှတ်မိနေတတ်သည်။ ဖခင်က မှတ်မှတ်ရရ လေးလေးနက်နက် ပြောတတ်၍ မှတ်မိနေခြင်းလည်းဖြစ်သည်။ အတွေ့အကြုံရှိလာသောအခါ မိမိ၏ အတွေ့အကြုံနှင့် ဟပ်ကြည့်ပြီး နားလည်လာမိသည်ကို တွေ့ရသည်။ မိမိဖခင်ထံသို့ လာလည်ကြသော မိတ်ဆွေများနှင့် ဖခင်တို့ စကားဝိုင်းတွင် တိုင်းပြည်ရေးရာ အကြောင်း ငြင်းကြ ခုံကြယင်း ပါလာတတ်သည်။ ယခု မာလိန်မှူးနှင့် စကားပြောကြရင်း လွတ်လပ်ရေး အဓိပ္ပါယ်ကို တွေးမိရာက ဖခင်၏ စကားများကို အမှတ်ရလာခြင်းဖြစ်သည်။ ယခု ခရီးသွားဖော် နိုင်ငံခြားသားနှင့် စကားပြောသောအခါ မိမိတိုင်းပြည်နှင့် ပတ်သက်၍ တွေးစရာများရလာသည်။အစက အမှတ်တမဲ့နေခဲ့သောအကြောင်းအရာများကို သတိပြုမိလာသည်။ နီးလွန်း၍ မမြင်မိ၊ မျက်စိရှုန်းသွားသော အကြောင်းအရာများ ရှိနေတတ်သည်ကို တွေ့ရသည်။ နိုင်ငံခြားသားအဖို့ကတော့ လေ့လာစူးစမ်းရန် တမင်လာရောက်သူဖြစ်၍ အမြဲတမ်းစူးစမ်းရှာဖွေသောသတိက ရှိနေသည်မဟုတ်လား။

ဇော်မင်းထွန်းက မျှော်ကြည့်၍ မဆုံးသော ဧရာဝတီမြစ်ကို ငေးကြည့်ရင်း တွေးနေသည်။ သူ၏ အပေါင်းအသင်းများတွင် လေးနက်သူ သိပ်မရှိလှသည်ကို စဉ်းစားနေမိသည်။ စကားပြတ်သွားသဖြင့် အတွေးကိုယ်စီဖြင့် တိတ်ဆိတ်လျက်ရှိကြသည်။ သူ့အသိုင်းအဝိုင်းထဲတွင် စိုင်းသီဟ၊ သူသိပ်မဆိုး။ သူနှင့်

လေးလေးနက်နက် စကားစမြည်ပြော၍ရသည်။ သူသည် စာဖတ်သည်၊ သူ့အခန်းသွားလည်လျှင် အိပ်ရာပေါ် စားပွဲပေါ်တွင် စာအုပ်တွေ ပြန့်ကျဲလျက်။ သူအိမ်လိုက်လာလျှင် သူ့ဖခင်နှင့် စကားပြောတတ်သည်။ သူသိချင်တာတွေ သူ့ဖခင်အား မေးသည်။ ဖခင်ကလည်း စိတ်ရှည်လက်ရှည် ရှင်းပြသည်။

'အောင်မယ် မင်းက ငါ့အဖေနဲ့မှ အဖွဲ့ကျနေတာကိုးကွ ဟု သူကရယ်မောကာ စိုင်းသီဟကို စသည်။

စိုင်းကပြုံးလျက် 'မင်းဘာနားလည်လို့လဲ၊ မင်းတို့အဖေက ရှေ့မီနောက်မီကွ၊ တို့သိချင်တာတွေ မင်းအဖေကမှ ပြောနိုင်တာ'

'မင်းက စာတွေဖတ်နေသားပဲ၊ စာအုပ်တွေထဲမှာ မင်းသိချင်တာ မပါလို့လား'

'ပါတာတွေလဲပါတယ် မပါတာတွေလဲရှိသေးတယ်၊ ပြတ်နေတယ်ကွ'

ဇော်မင်းထွန်းက စိုင်းသီဟကို စိုက်ကြည့်လိုက်သည်။ ဘာပြတ်တာလဲဟု ထပ်မေးချင်သည့်သဘော။

'တချို့ သမိုင်းရေးတဲ့ ကျမ်းပြုဆရာတွေက တဆင့်ခံအသိနဲ့ ရေးကြတာကွ၊ ဟိုစာအုပ်က ကိုးကား ဒီစာအုပ်က ကိုးကားပြီး စုရတာ'

'သမိုင်းစာအုပ်ဆိုတာ ဒီလိုပဲ ကိုးကားရေးသားပြုစုရတာ

မျိုး မဟုတ်ဘူးလား၊ ငါတော့ ဒီလိုပဲ ထင်တာပဲလေ'

'ဟုတ်ပါတယ်၊ ကိုးကားရတာပါပဲ၊ ဒါပေမယ့် . . . အဲဒီ ကိုးကားတဲ့စာကမှားနေယင်ခက်တာပေါ့၊ ဟုတ်တယ်မဟုတ်လား'

'မင်းကလဲ၊ ကျမ်းပြုဆရာက သူမီတဲ့ခေတ် ရေးတာမှ မဟုတ်တာ၊ သူက အသက်ငယ်နေယင် ဘယ်မှာမီနိုင်မှာလဲ၊ ဒီလို သာပြောကြစတမ်းဆိုရင် မှန်နန်းရာဇဝင်တော်ကြီးကို လွှင့်ပစ် ရတော့မှာလား စိုင်းရာ'

ဇော်မင်းထွန်း က ရယ်မောနေခဲ့သည်။

'မင်းက ကပ်ပြီကွာ'

'ဘယ်ကကပ်ရမှာလဲ၊ ငါပြောတာ မဟုတ်ဘူးလား'

'ဘယ်ကဟုတ်ရမှာလဲ၊ ငါက အခုခေတ် မျက်မှောက်ခေတ် သမိုင်းစာအုပ်တွေကို ပြောနေတာ။ ကိုလိုနီခေတ်၊ လွတ်လပ်ရေး ရပြီးခေတ်တို့ကို ပြောတာ၊ ငါစိတ်ဝင်စားတဲ့ခေတ်တွေ ငါတို့နဲ့ ဆိုင်တာပေါ့။ အဲဒါတွေကျယင် မင်းတို့အဖေကို မေးရတယ်။ မင်းတို့အဖေက လွတ်လပ်ရေးတိုက်ပွဲခေတ်တွေကို မီတယ်။ မင်းတို့ အဖေဆိုရင် ၁၃၀၀ ပြည့် အရေးတော်ပုံကို ကောင်းကောင်း မီတယ်ကွ။ ဦးလေးက အဲဒီတုန်းက ကျောင်းသားဘဝ။ ဒါကြောင့် မင်းဆီလာယင် ဦးလေးကို မေးမေးနေရတာပေါ့'

'မင်းက ငါ့ကို ခင်လို့ လာလည်နေတာ မဟုတ်ဘူးပေါ့လေ'

သူတို့နှစ်ယောက်သည် ရယ်မောနေမိကြသည်။

စိုင်းသီဟမှာ သမိုင်းကို ဝါသနာပါမည့်သာပါသည် သူယူသော ဘာသာက ရူပဗေဒအဓိက။ သူနှင့်တွေ့မှ ရှမ်းလူမျိုးအကြောင်း ပိုသိလာရသည်။ သူသည် ရူပဗေဒတွင် ဂုဏ်ထူးဖြင့်အောင်သည်။ သူ့ကို ဇော်မင်းထွန်းက မဟာသိပ္ပံဆက်တက်ဖို့ပြောသည်။ ကျောင်းမှထွက်ပြီးနောက် သူနှင့်မတွေ့တော့။ စာရေးသော်လည်း စာမပြန်။ ယနေ့အထိ သူ့သတင်းဘာသံမျှမကြားရတော့။

နောက်တစ်ယောက်ကား. . . ခင်ထားနု။ နုနှင့်လည်းလေးလေးနက်နက်ပြော၍ရသည်။ အခြားအမျိုးသမီး တို့နှင့်မတူ၊ သူမသည် စာဖတ်လည်း ဝါသနာပါသည်။ သူမအသိုင်းအဝိုင်းကစာဖတ်ဝါသနာပါသူများဖြစ်သည်။

ဇော်မင်းထွန်းသည် အတွေးစကို ဖြတ်လိုက်သည်။ သူသည် မနက်စာကို သွားသတိရလိုက်သည်။

'လာပြုလည်ပေါ့၊ ဒီအပေါ်ကရှုခင်းကောင်းတယ်'

မနက်စာအတွက် ကုန်းပတ်က ဈေးသည်အဒေါ်ကြီးအားမှာထားသည်ကို အခုမှ သတိရသည်။ ခင်ဂမုန်းတို့အိမ်ကကြော်လှော်ပေးလိုက်သော ဟင်းလျာများကုန်သွားပြီ။ ခင်ဂမုန်းကမြို့တစ်မြို့ဆိုက်လျှင် ဆင်းကာ ထမင်းဟင်း တက်ဝယ်စေချင်သည်။ သူကတော့ အောက်ထပ်ရှိ မီးဖိုတွင် အဒေါ်ကြီးနှင့် ပူးပေါင်း၍ချက်ပြုတ်စေချင်သည်။ သင်္ဘောပေါ်က ထမင်းဆိုင်ကိုလည်း

http://myanmarpyithar.net
ယွန်းရွှေအိမ်

သူမကလည်း သွားမစားချင်။ ဟင်းကိုမကြိုက်။ သည်တော့ ဇော်မင်းထွန်းက နေ့စာညစာစီစဉ်သည်။ ကုန်းပတ်က အဒေါ်ကြီး က သဘောကောင်းသည်။ နံနက်စာညစာ ဇော်မင်းထွန်းပြော သည့်အတိုင်း ချက်ပေးသည်။

အခန်းပြန်ရောက်သောအခါ ခင်ဂမုန်းမှာ စားပင်နေပြီ။

'ထွန်းထွန်း ဘယ်သွားနေတာလဲ။ ကုန်းပတ်က အဒေါ်ကြီး က ထွန်းထွန်းကို ရှာမတွေ့တာနဲ့ လာပို့တယ်။ မုန်းလဲ ဆာတာနဲ့ စားနှင့်ပြီ၊ ထွန်းထွန်းလာလေ၊ မုန်းတောင် ပြီးတော့မယ်'

ခါတိုင်း ဇော်မင်းထွန်း က အဒေါ်ကြီးထံ သူကိုယ်တိုင် ချိုင့်နှင့်သွားယူသည်။ အဒေါ်ကြီးက လာပို့ပေးမည် ဆိုသော်လည်း သူက အားနာ၍ သွားယူသည်။ တစ်ခါတစ်ရံ အောက်ထပ် ချက် သည့်နေရာသို့ သွားက စကားစမြည်း ပြောရင်း အပေါ်ထပ်သို့ သယ်ပေးတတ်သည်။

'မုန်းကလဲ သွားယူတာမဟုတ်ဘူး။ လာပို့ရတာ အားနာ စရာကြီး'

'မုန်းမှ နေရာမသိတာ ဟုတ်တယ်၊ ထွန်းထွန်းကလဲ ကြာလိုက်တာ၊ စားချိန် သောက်ချိန် ပြန်လာတာမဟုတ်ဘူး'

ဇော်မင်းထွန်း ဘာမျှပြန်မပြောတော့၊ လက်ဆေးကာ ထမင်းစားပွဲသို့ ဝင်သည်။

'ထွန်းထွန်း ဘယ်သွားနေတာလဲ'

http://myanmarpyithar.net

'သဘော်အမိုးပေါ်က မာလိန်မှူးရဲ့ တက်မကိုင်အခန်းမှာ စကားကောင်းနေတာနဲ့'

'အဒေါ်ကြီးက ထွန်းထွန်းကို သဘော်အနှံ့လျှောက်ရှာတာ၊ မုန်းဆာနေမှာပဲဆိုပြီး လာပို့ပေးတာ။ အဒေါ်ကြီးက သဘောသိပ်ကောင်းတယ်။ ဒါပေမယ့်. . . သူ့ဟင်းက စားလို့ သိပ်မကောင်းဘူး'

ဇော်မင်းထွန်း ဘာမျှပြန်မပြော၊ ထမင်းသာဆက်စား နေသည်။

'ညနေ ဘယ်ဆိပ်ကမ်းဆိုက်မလဲ မသိဘူး' ဟု ခင်ဂမုန်း က စားပြီး၍ စားပွဲမှအထ ပြောလိုက်သည်။

'အောင်လံထင်တယ်'

'အောင်လံဆိုယင် ကြက်သား ကုန်းဘောင်ကြီးကြော် တက်ဝယ်ပေးပါလား'

ဇော်မင်းထွန်း ဘာမျှပြန်မဖြေ၊ ဆက်စားနေသည်။

'ထွန်းထွန်း မမေ့နဲ့နော်'

ဇော်မင်းထွန်းသည် ထမင်းစားပြီးလျှင် ကုန်းပတ်က အဒေါ်ကြီးထံသို့ သွားလည်သည်။

'ဟင်. . . မောင်ရင်လေး ဘယ်သွားနေတာလဲ၊ စားပြီးပြီ လား၊ ကျုပ်ချက်တဲ့ဟင်း စားလို့ကောင်းရဲ့လား'

သိချင်တာတွေ တစ်ခါတည်း ဆက်တိုက် မေးနေ၍

http://myanmarpyithar.net

ဇော်မင်းထွန်းက ဘာဖြေရမှန်း မသိတော့ပဲ ပြုံး၍သာ ကြည့်နေသည်။

'မပိုင်းဗုံကလဲတော်. . . အမေးလောဘကြီးလိုက်တာ' ဟု ဘေးမှ အဒေါ်ကြီးက ဖက်ဆေးလိပ်ဖွာယင်း လှမ်းပြောလိုက်သည်။

အားလုံး ရယ်မောကြသည်။ လွတ်လွတ်လပ်လပ်ရယ်မောသံများကြောင့် ဘေးမှခရီးသည်များ လှမ်းကြည့်ပြီး ပြုံးနေကြသည်။ တစ်ခရီးတည်း သွားဖြစ်ကြ၍ သူတို့သည် ရင်းနှီးနေကြသည်။

'အောင်မယ် အဒေါ်ကြီးနာမည်အခုမှ သိရတယ်' ဟု ဇော်မင်းထွန်းက။

'ကျုပ်နာမည် မွေးကတည်းက မပိုင်းဗုံပါတော်'

'အဒေါ်ကြီးက ဘာဖြစ်လို့ ထမင်းလာပို့ရတာလဲ၊ ကျွန်တော် လာယူနေကျဟာပဲ'

'ကျုပ်က မောင်ရင်လေးရှာတာ။ မတွေ့တာနဲ့ ကောင်မလေးလဲ ဆာလှပြီတဲ့၊ ဟုတ်တာပေါ့မောင်ရင် နေအတော် မြင့်နေပြီပဲဟာ'

ဇော်မင်းထွန်းက ဆက်မပြောတော့၊ မုန်းက အဒေါ်ကြီးကို အပို့ခိုင်းတာကိုး။ ဇော်မင်းထွန်းမျက်နှာ တစ်ချက်တင်းသွားသည်။ သို့သော် သူသည် သတိရပြီး မျက်နှာထားကို ပြင်လိုက်သည်။

'မောင်ရင်လေး ကောင်မလေးက အချောလေးတော့. .

ကျုပ်က ချစ်တယ်၊ ခြေမွေးမီးမလောင် လက်မွေးမီးမလောင် နေခဲ့ရတာနဲ့ တူပါတယ်'

ဇော်မင်းထွန်း စကားဖြတ်ကာ ရောင်ရေးဝယ်တာ အကြောင်းပြောနေသည်။ ညနေဘက်တွင် အောင်လံသို့ သင်္ဘောဆိုက်သည်။ ခင်မုန်းက တတွတ်တွတ်နားပူ၍ ကြားသားကုန်းဘောင်ကြီးကြော် အပြေးအလွှား တက်ဝယ်ပေးရသည်။ ကုန်တင်ကုန်ချ သိပ်မရှိ၍လားမသိ၊ မြဇရာက ကြာကြာမဆိုက်၊ ကြော်နေစဉ် သင်္ဘောဥသြမှုတ်၍ ကမန်းကတန်းပြေးတက်ခဲ့ရသည်။

'မုန်းကလည်းကွာ၊ အဒေါ်ကြီးချက်တာ မကြိုက်ယင် မုန်းစားချင်တာ အဒေါ်ကြီးပြောပြီး ဝိုင်းလုပ်ပေးပါလား'

'အို. . . မုန်းမှ မချက်တတ်တာ'

မြဇရာ စက်ခုတ်သံနှင့်အတူ ဇော်မင်းထွန်း ရင်ထဲတွင်လည်း စက်ခုတ်လျက်ရှိသည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

(၉)

မကွေးဆိပ်ကမ်းသို့ ဆိုက်သောအခါ နေရောင်သည် ရွှေရောင်နှင့် ပန်းနုရောင် ရောစပ်ပြေးလွှားလျက် ရှိနေပေပြီ။

ဇော်မင်းထွန်းနှင့် ခင်ဂမုန်းတို့သည် သင်္ဘောလက်ရန်းကို မှီကာ မကွေးဘက်သို့ ငေးကြည့်နေကြသည်။ မြစ်ရေမှာ ညအိပ်ရပ်နားသည်ပင်မရှိ၊ ခုတ်မောင်းလျက် ရှိခဲ့သည်။ ဆင်ပေါင်ဝဲ၊ မိကျောင်းရဲစသော ဆိပ်ကမ်းများတွင် မအိပ်။ ယင်းမြို့များပေါ်သို့ တက်ကြည့်ချင်သော ဇော်မင်းထွန်းမှာ အခွင့်မသာ။ ဆောင်းလရက်များမို့ သောင်ထွန်းနေကြ၍ သင်္ဘောကပ်သည့် နေရာမှာ သောင်စပ်ဖြစ်သဖြင့် မြို့နှင့်လှမ်းသေးသည်။ ညဘက်တွင် အဝေးမှ မီးရောင်များဖြင့်သာ မြို့ခင်းမြို့ကွက်ဟု ခန့်မှန်းရတော့သည်။ ညနက်ပြထဲမှ ကြယ်ရိပ်လရိပ်အဖြစ်သာ ပုံသဏ္ဌာန် ပေါ်နေတော့သည်။ တစ်နေရာတွင် သင်္ဘောသောင်ငြိ၍ ညဝက်ခန့်

http://myanmarpyithar.net
မြန်မာ့ရှေ့အိမ်

စောင့်နေရသေးသည်။ မြို့တက်လည်စရာ ပတ်စရာ မရှိ၍ ဇော်မင်းထွန်းသည် ညဘက်အိပ်ရာအစောကြီးဝင်သည်။ ခင်ဂမုန်းနှင့်ပင် စကားမပြောဖြစ်။ သူမှေးတေးတေးဖြစ်နေစဉ် ခင်ဂမုန်း၏ ‘ပျင်းလိုက်တာ’ ဟု ညည်းသံတစ်ချက်နှင့်အတူ စောင်ကို ဆွဲခြုံသံကြားလိုက်ရသည်။ သူမအိပ်သေးဘူးထင်၍ သူ့ကိုပဲပြောသလား၊ သူ့ဘာသာသူ ပြောသလားမသိ။ ဇော်မင်းထွန်းက အိပ်ချင်ယောင်ဆောင်ကာ ငြိမ်နေလိုက်သည်။ သူစိတ်ဝင်စားသည့် ဘာသာရပ်ကို ခင်ဂမုန်းက စိတ်မဝင်စား။ စကားလက်ဆုံသိပ်မကျ။ ချစ်စကားကြိုက်စကား ပြောစရာတွေက ကုန်နေပြီလား၊ ဘာလားမသိ။ သူ့ကိုယ်သူပင် အံ့သြနေမိသည်။ ကရဝိတ်၊ အင်းလျားလိပ်၊ ရွှေတိဂုံရင်ပြင်၊ သမ္မတ၊ ပပဝင်းတို့ တုန်းကပြောခဲ့သော စကားလုံးများရင်ထဲသို့ ပြန်ဝင်သွားသလား။ သို့မဟုတ် ရုပ်ရှင်ရုံထဲ၊ ဝတ္ထုစာအုပ်ထဲ ပြန်ရောက်သွားလေသလား။ ဇော်မင်းထွန်းသည် ပြုံးစစဖြစ်လာသည်။ မုန်းများ သူ့အပြုံးရိပ်ကို မြင်သွားမလား။ သူသည်မျက်စိစွေကာ ခိုးကြည့်လိုက်သည်။ သူ့ကို ကျောပေးလျက်ရှိသည်။ တော်ပါသေးရဲ့ မတွေ့သွားလို့ မေးယင်အခက်၊ ဘယ်လိုဖြေရပါ့။ အမှန်အတိုင်း ဖြေလို့ကမဖြစ်၊ ခင်ဂမုန်းထံမှ ရေမွှေးနံ့ လွင့်လာသည်၊ ခင်ဂမုန်းရဲ့ ရနံ့ဟု မထင်တော့။ ရေမွှေးရောင်းသည့် ဆိုင်ကပေးထားသည့် အမည် ရှယ်နယ် နံပါတ် ၉ ဟု သိနေရပါပကော။ ဟင်. . . သူသည် လန့်သွားသည်။ ငါချစ်တဲ့မုန်း၊ ငါ့ဇနီးမုန်း

ခင်ဂမုန်း၏ သက်ပြင်းချသံ ကြားလိုက်ရသည်။ အမျိုးသမီးတစ်ယောက်သက်ပြင်းချနေတာပါကလား၊ အမျိုးသမီးတစ်ယောက်ငါ့အခန်းထဲလာအိပ်နေပါကလား၊ မုန်းဘယ်ရောက်သွားလဲ၊ မုန်းရေ . . . မုန်း . . . မုန်း။ အမျိုးသမီးတွေပဲ တွေ့နေရပါကလား။ ဘယ်မှာလဲမုန်း၊ မိကျောင်းရဲအလွန် သောင်နှင့် မြရော ဝင်ငြိ၍ ညိတ်ကနဲ အသိမ့်တွင် ဇော်မင်းထွန်း၏ နိုးတစ်ဝက်စိတ္တဇသည် လန့်ကာ ရပ်သွားသည်။

နောက်တစ်နေ့တွင်လည်း ဇော်မင်းထွန်းသည် မနက်ဘက် အပေါ်ထပ် မာလိန်မှူး အခန်းသို့သွားကာ တက်မကိုင်ဘေးတွင် ရပ်လျက် စကားကောင်းနေမိသည်။ ထမင်းစားပြီးလျှင် အဒေါ်ကြီးနှင့် သွားစကားပြောနေသည်။ သူလာလည်ပြီဆိုလျှင် လက်ဖက်ပြင်ပေးသည်။ လက်ဖက်က သူ့အကြိုက်၊ ဆီရွှဲရွှဲ၊ ကြက်သွန်ကြော် များများ၊ မြေပဲတစ်ပုံ၊ ပုဇွန်ခြောက်တစ်ပုံ၊ နှမ်းတစ်ပုံ၊ အကြော်များ တစ်ပုံ၊ သူလာလျှင် ဆားတစ်ပုံပုံပေးသည်။ သူ့ဖခင်မိတ်ဆွေများ အိမ်လာလည်လျှင် လက်ဖက်ရည်ကြမ်း၊ လက်ဖက်နှင့် ဧည့်ခံတတ်မြဲဖြစ်၍ သူပါ လက်ဖက်ကြိုက်နေသည်။ သူလာလျှင် ဒေါ်ကြီး၏ မိတ်ဆွေများလည်း ဝိုင်းလာတတ်ကြသည်။ သူကသူတို့၏ အလုပ်အကိုင်၊ အရောင်းအဝယ်အကြောင်းတို့ကို မေးသည်။ သူက စိတ်ဝင်တစားမေးသည်။ သူ့ဖခင်က ‘ကိုယ်ရောက်ရာအရပ်မှာ လူတွေ နေထိုင်စားသောက်ကြပုံ၊ အလုပ်

အကိုင်ကို သိအောင် လုပ်ရတယ်၊ လေ့လာရတယ်၊ မဆိုင်သလို မနေရဘူး၊ စီးပွားရေး ပြေလည်မှ တိုင်းပြည်သာယာမှာ' ဟု ပြော လေ့ရှိသည်။

ညနေဘက် အခန်းပြန်လာသောအခါ ခင်ဂမုန်းမှာ ဝေဝေအောင်၏ ဝတ္ထုတစ်ပုဒ်ဖတ်နေသည်ကို တွေ့ရသည်။ သူ့ကို မြင်သောအခါ ခင်ဂမုန်းက'သိပ်ပျင်းစရာကောင်းတာပဲကွာ ရုပ်ရှင် လဲမကြည့်ရဘူး' ဟု တစ်ချက်သမ်းဝေကာ ပြောလိုက်သည်။

ဇော်မင်းထွန်းက ဘာမျှ ပြန်မပြော ပြုံး၍သာ နေသည်။

'သိပ်ပျင်းတာပဲ၊ သမ္မတမှာ ဂျိမ်းစဘွန်းကား သစ်ဝင်နေပြီ'

'ကုန်းပတ်ဘက် သွားပြုလည်ပါလား'

'မသွားချင်ပါဘူး၊ဝတ္ထုဖတ်နေတာကမှ ကောင်းသေးတယ်'

နှစ်ယောက်သား တိတ်ဆိတ်နေကြသည်။ ခင်ဂမုန်းသည် တစ်ဘက်သို့ စောင်းကာ ဝတ္ထုနောက်တစ်ခန်းကို ဆက်ဖတ်သည်။

'ရှေ့ ဆိပ်ကမ်းကဘာလဲ ထွန်းထွန်း'

'ဆင်ပေါင်ဝဲလား မသိဘူး'

'ထွန်းထွန်း ဟင်းတက်ဝယ်ပေးဦးနော်'

ခင်ဂမုန်းသည် တစ်ခန်းဖတ်ပြီးနောက် စာအုပ်ကို ရောက် သည့်နေရာ စာရွက်ခေါက်မှတ်ကာ ရင်ဘတ်ပေါ်တင်လိုက်သည်။

'သိပ်ပျင်းတာပဲကွာ၊ ရုပ်ရှင်လဲမကြည့်ရ၊ ဗိုလ်ချုပ်ဈေးလဲ မသွားရ၊ အိုက်စရင်လဲ မသောက်ရ'

'အင်းလျားလိတ်က ဗင်ဒါလူးကော မစားချင်ဘူးလား'

'ထွန်းထွန်းနေ>'

ခင်ဂမုန်းသည် မျက်စောင်းထိုးလိုက်သည်။ မျက်စောင်းနှင့်အတူ အပြုံးစများ ရောစပ်ထားသည်။ ဤကားမုန်း၏ ဝိသေသပင်။ ချစ်စဖွယ်ကောင်းသော၊ ဆန့်ကျင်ဘက်နှစ်ခု ရောစပ်ထားသော အမူအရာ။ မျက်စောင်းထိုးပြီး ဇော်မင်းထွန်းကို ကြည့်လိုက်ရာ၊ ဇော်မင်းထွန်း၏ တည်သော မျက်နှာပေးကို မြင်၍ သူမပါးပေါ်တွင် ရွှန်းပနေသော အပြုံးစပျောက်ကာ တင်းသွားသည်။ ငါ့ကို သူသရော်တာပဲ၊ မိထွန်းထွန်း။ မြို့တစ်မြို့ကို ကပ်တော့မည်ဟူသော သဘော်ဥသြသံမြည်ကျူးလာသည်။ ဥသြသံက သူတို့၏ တင်းမာမှု ရေခဲတုံးကို အရည်ပျော်သွားစေသည်။

'ဆင်ပေါင်ဝဲထင်တယ်၊ ဟင်းတက်ဝယ်ပေး'

ခင်ဂမုန်း၏ မျက်နှာမှာ ပြုံးချိုလာသည်။ ဇော်မင်းထွန်းက သူ့ကို သနားသွားကာ ပုဇွန်ဆီပြန်ဟင်း ဝယ်ပေးသည်။ ခင်ဂမုန်းညနေစာကို မြိန်မြိန်ယှက်ယှက်စားသည်။ ဇော်မင်းထွန်းက အဒေါ်ကြီးချက်ပေးသည့် ဆိတ်သားဟင်းနှင့်စားသည်။ ခင်ဂမုန်းကညှီသည်ဟုမဲ့ရွဲ့ကာ ပုဇွန်ဟင်းကိုပင်စားသည်။ သူမ၏မျက်နှာမှာ ကြည်ဝင်းလျက်ရှိနေသည်။ ဇော်မင်းထွန်းက မုန်း ပုဇွန်ကြိုက်သည်ကို သွားသတိရမိသည်။ ဇော်မင်းထွန်းက သူဝယ်လာသော ပုဇွန်ဟင်း ခင်ဂမုန်းကြိုက်သည်ကို ဝမ်းသာလို့နေသည်။ သနားပါတယ်။

ထိုညက ခင်ဂမုန်းက ဇော်မင်းထွန်းထက်ပင် အိပ်ရာစောဝင်သည်။

ပျင်းတယ်၊ ဗိုက်လေးတယ် ဆိုတာ တစ်ဘက်စောင်းပြီး စောင်ခြုံလိုက်သည်။

နောက်တစ်နေ့တွင် သူတို့နှစ်ယောက် ကြည်ကြည်သာသာရှိနေကြသည်။ ဇော်မင်းထွန်း အပေါ်ထပ် မာလီန်မှူးတက်မကိုင် မျှော်စင်မှ ခါတိုင်းလောက် နောက်ကျမဆင်းလာ မနက်စာ အတူ စားဖြစ်ကြသည်။

'ညနေ မကွေးဆိုက်မယ် ပြောကြတယ်'

'ဟုတ်လား'

ခင်ဂမုန်း ဝင်းပလို့ သွားသည်။

'မကွေးက မြသလွန် ဝင်ဖူးရမယ်၊ ပျော်လိုက်တာ'

ဇော်မင်းထွန်းက ခင်ဂမုန်းကိုသနားနေသည်။သည်မနက် ပျင်းတယ်မပြော။ ခင်ဂမုန်းမှာ မင်းလှက ထွက်ကတည်းက အလှပြင်နေသည်။ ရေမွှေးနံ့၊ ပေါင်ဒါနံ့မှာ ကြိုင်သင်းလာသည်။

မကွေးဆိပ်ကမ်းကို မြင်ရသည်နှင့် သူတို့နှစ်ယောက်သည် သင်္ဘောဝရန်တာသို့ ထွက်ကာ မြို့ကို ငေးကြည့်နေကြသည်။

အနောက်ရိုးမဘက်မှ နေဝန်းသည် မန်းတောင်ရိပ်မှ ဆင်းလာလေပြီ။

(၁၀)

ကမ်းပါးစောက်နေ၍ ရွှေရောင် ဒေါက်ဖိနပ်နှင့် ခင်ဂမုန်းကို ဇော်မင်းထွန်းက တွဲခေါ်ရသည်။ ဒေါ်ဗိုင်းဗိုတို့ အဒေါ်ကြီး တစ်သိုက်က ကမ်းပေါ်တက်သွားကြသည်မှာ ကြာပြီ၊ ဘုရားက အပြန် တရုတ်ဆိုင်တွင် ညစာဝင်စားမည်ဟု ခင်ဂမုန်းက သင်္ဘောမှ ဆင်းကတည်းက ပြောထားသည်။ ဧရာဝတီမြစ်ပြင်တွင် နေရောင်သည် နီရဲစပြုပေပြီ။

မြသလွန်မှာ မြို့ပြင်တွင်ဖြစ်၍ မြင်းလှည်းငှား၍ သွားကြသည်။ မြစ်နှင့်ယှဉ်လျက် လမ်းကြောင်းအတိုင်း သွားကြသည်။ ဖုန်ကတထောင်းထောင်း၊ နွားလှည်းတစ်စင်းနှင့် ရင်ဆိုင်တိုးပြန်သည်။ နေဝင်တော့မည်ဖြစ်၍ လုပ်ငန်းခွင်မှ ပြန်လာကြခြင်းဖြစ်ဟန်တူသည်။ ခင်ဂမုန်းက နှာခေါင်းကို လက်ကိုင်ပုဝါလေးဖြင့် ပိတ်ထားတတ်သည်။

http://myanmarpyithar.net

'လှည်းတစ်စီးလာပြန်ပြီ'

'နီးလာပြီလား လှည်းဆရာကြီး'

'တစ်ကွေ့ဆို ရောက်မှာပါ'

သစ်ပင်တို့မှာ မှိုင်းလာကြလေပြီ၊ ကောင်းကင်သည် အပြာရင့်သို့ ပြောင်းလာလေပြီ။

သူတို့ စောင်းတန်းမှ တက်လာသောအခါ ပြန်ဆင်းလာသူများနှင့်သာ တွေ့ရသည်။ ရင်ပြင်တော်ပေါ်သို့ ရောက်သောအခါ ရွှေရောင်၊ ဖန်ရောင်၊ မှန်ရောင်တို့သည် သူတို့ကို ပက်ဖျန်းလိုက်သည်။ စောစောက ဖုန်နံ့ကြောင့် မျက်နှာခပ်အိုအို ဖြစ်နေသော ခင်ဂမုန်းသည်ပင် ရွှန်းလက်သွားသည်။ ကုန်းမြင့်ပေါ်တွင် ဖြစ်သဖြင့် လေအေးကလေးက ညင်းညင်းညံ့ညံ့ တိုက်လျက်ရှိရာ အေးမြသွားသည်။ ပန်းနံ့၊ အမွှေးတိုင်နံ့၊ ဖယောင်းတိုင်နံ့တို့က သင်းပျံ့လာသည်။ ဘုရားကြည်ညိုသူတို့က သိပ်တော့ မများ၊ ဆည်းလည်းသံ ကြေးစည်သံများကို ခေါင်းလောင်းထိုးသံက ပုဒ်ဖြတ်ပေးနေသည်။ ဘုရားဝတ်ပြုပြီးနောက် သူတို့သည် ပစ္စယံကို တစ်ပတ်ပတ်ကြသည်။ ဧရာဝတီမြစ်ဘက်သို့ မျက်နှာမူထားသည့် ရင်ပြင်သို့ ရောက်သောအခါမှုကား နားလိုက်ကြသည်။ စိတ်မထိန်းနိုင်တော့။

'ကြည့်စမ်းပါဦး၊ လှလိုက်တာ'

တစ်ဘက်တွင် အပေါ်ကဆီး၍ မြင်နေရသော ဧရာဝတီ

http://myanmarpyithar.net

မြန်မာ့ရွှေအိမ်

မြစ်ကြီး၏ မြင်ကွင်းကျယ်ရှုခင်း၊ မြစ်ကျယ်လှသည်။ တဘက်ကမ်းရှိ မင်းဘူးမြို့မှာ ပျပျကလေး သေးငယ်ပါးလျားသော အတန်ကလေးမျှသာထင်ရုံ။ ပြည့်ခါနီး လဆန်းရက်ဖြစ်သဖြင့် မပြယ့်တပြယ်နေရောင်နှင့် ဆန်းစလရောင်တို့ ရောစပ်ကူးစက်ထားသောဆည်းဆာရောင်သစ်။ သောင်တို့ဖြင့် ပြောက်ကျားထားသော ကျယ်ပြန့်သော ဧရာဝတီရေပြင်ကြီးမှာ တစ်နေရာတွင် ရွှေရောင်၊ တစ်နေရာတွင်ပတ္တမြားရောင်၊ တစ်နေရာတွင်မြရောင်၊ တစ်နေရာတွင်နီလာရောင်၊ တစ်နေရာတွင်ငွေရောင်တို့ဖြင့် ဖိတ်လက်လျက်ရှိသည်။ တစ်ဘက်တွင် မြသလွန် စေတီတော်ကြီး၏ ရွှေရောင်၊ စေတီရံဂူထွက် တန်ဆောင်မုခ်ဝတို့မှ ဖန်ရောင်မှန်ရောင်တို့က ပြိုးပြက်လျက်ရှိနေသည်။

အမှောင်သည် တစတစ နက်လာသည်။ ညအရောင်မှာ နုပျိုလျက်ပင်ရှိနေသည်။ နေ့အရောင်ပြေးသောအခါလရောင် က ပြာလဲ့သော အလင်းဖြင့် ပိုဝင်းပိုလင်းလာသည်။ တစ်နေရာတွင်သာ သူတို့ထက် ငယ်ရွယ်သောစုံတွဲသည် သူတို့လိုပင် ဧရာဝတီမြစ်ပြင်ကို ငေးကာ စကားတတွက်တွက် ပြောလျက်ရှိကြသည်။ ထောင့်တစ်နေရာတွင်လည်း တစ်စုံတွဲ။

ဇော်မင်းထွန်းနှင့် ခင်ဂမုန်းတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြ၊ ငြိမ်သက်စွာ အတွေးကိုယ်စီဖြင့်။ ဧရာဝတီမြစ်၊ လ၊ ည၊ လေအေးမြ၊ ဆည်းလည်းသံ၊ ပန်းရနံ့၊

ဖယောင်းနံ့၊ စေတီတော်မှ ရွှေရောင်၊ လိုဏ်ဂူထွက်မှ ဖန်ရောင် မှန်ရောင်၊ ဖောင်းရစ်တော်မှ ပဲ့တင်ရိုက်ခတ် ပျံ့လွင့်လာသော ဘုရားဝတ်ပြုဆုတောင်းသံ၊ စသည်တို့သည် မြသလွန်ရင်ပြင်တော်၌ ထူးခြားသော ဝိသေသအဖြစ် တည်ရှိကုန်သည်။ ယင်းဝိသေသသည်ကား အေးငြိမ်းခြင်း၊ သာယာခြင်း၊ လှပခြင်းတို့၏ တည်ရာ မေတ္တာစိတ်ဓာတ်ဖြစ်သည်။ အာရုံအားလုံးတို့သည် ချစ်ဖွယ်ရာ အတိပြီးကုန်သည်။

ဇော်မင်းထွန်းစိတ်ထဲတွင် ကုန်လွန်ခဲ့သော ရက်အတွင်းက ခင်ဂမုန်းနှင့် ထွေလီကာလီဖြစ်ခဲ့သော ကတောက်ကဆ အဖုအထစ်များကို တဒင်္ဂတွင် မေ့သွားသည်။ မုန်းလေး သနားပါတယ်၊ ပျော်ပျော်ရွှင်ရွှင်နေရမည့် အခါမျိုးမှာ သူ့ခမျာမပျော်ရဘူး၊ နေ့လယ်ဆိုတစ်ယောက်တည်း၊ မုန်းကို ငါသည်းခံမှပဲ။ ခင်ဂမုန်းကလည်း တွေးလျက်ရှိသည်။ ထွန်းထွန်းခမျာ ငါနဲ့နေရတာ ငြီးငွေ့တယ်နဲ့ တူပါတယ်။ အပြင်ချည်း ထွက်နေရတယ်။ ညဆိုလဲ အစောကြီး အိပ်ရာဝင်၊ ထွန်းထွန်းကို ယုယတော့မယ်၊ ကြင်နာတော့မယ်၊ သည်းခံတော့မယ်၊ ထွန်းထွန်းလေးသနားပါတယ်. . ။

ရသေ့တစ်ပါး၏ ဝေနေယျအပေါင်း မေတ္တာပို့သံသည် ခေါင်းလောင်းသံနှင့်အတူ သူတို့ထံသို့ ပျံ့လွင့်လာသည်။

အချိန်သည် တိုင်းတာမှု အမှတ်အသား မရှိတော့။ ကြာသည်၊ မြန်သည်ဟူသော စကားလုံးမှာ ခံစားသူ၏ စိတ်ဝေဒနာကို

http://myanmarpyithar.net
မြန်မာပြည်သား

ဖော်ပြသော စိတ္တဇ စကားလုံးမျှသာဖြစ်သည်။ တိုင်းတာမှု အမှတ် အသားမဟုတ်။ မည်မျှကြာသွားသည်ဟု နာရီလက်တံကို မကြည့် မိကြ၊ ညအရောင်တို့ကလည်း မပြောင်းလဲ၊ အေးငြိမ်းသော အာရုံ သည် သူတို့ကို ဖမ်းထားနိုင်သည်။

'မုန်းတော့ ဆာပြီ'

'ဒါဖြင့် ပြန်စို့'

'မြင်းလှည်းက မုန်းတို့ကို စောင့်မှာနော်'

'စောင့်မှာပေါ့ ပိုက်ဆံတောင် မရှင်းရသေးဘူးလေ၊ နည်း နည်းတော့ ပိုပေးရမယ်၊ တို့ကြာသွားတယ်'

'အေးပေါ့'

သူတို့သည် စကားကြည်သာစွာ ပြောလျက် ဆင်းလာကြ သည်။ ဘုရားဖူးများ တော်တော်ရှင်းသွားကြပြီ။ မြင်းလှည်း သမားကြီးမှာ တေးတညည်းညည်းနှင့် သူတို့ကို စောင့်လျက်ရှိ သည်ကို တွေ့ရသည်။

'နည်းနည်းကြာသွားတယ်ထင်တယ်' ဟု ဇော်မင်းထွန်းက။

'ရပါတယ်။ ရောက်တုန်း ဖူးရတာမဟုတ်လား၊ ကဲ. . . တက်ကြ'

ဇော်မင်းထွန်းကခင်ဂမုန်းကိုလက်ကိုင်ကာတင်ပေးသည်။

'လှည်းခတော့ နည်းနည်း ပိုပေးနော်။ ဒီအချိန်ဆို မြင်းလှည်းကမရဘူး'

http://myanmarpyithar.net

'ပေးပါ့မယ်ဗျာ'

'ပေးရမှာပေါ့၊ ကျွန်မတို့က မြသလွန်ဘုရားကို ဖူးချင်နေတာ' ဟု ခင်ဂမုန်းကပါ ဝင်၍ လေပြေထိုးသည်။

'မြသလွန်က တန်ခိုးကြီးပဲ၊ ပွဲတော်ဆိုရင် တအားစည်တာ'

မြင်းလှည်းကလေးသည် ချူသံတချွင်ချွင်နှင့် ထွက်လာသည်။ မြို့ထဲသို့ ဝင်လိုက်သောအခါ သစ်ပင်အုပ်များအောက် မောင်းရ၍ အမှောင်ရိပ်များကို ဖြတ်သန်းရသည်။

လသည် သစ်ပင်များကြားမှ ပေါ်လိုက်၊ ပျောက်လိုက်။

ဇော်မင်းထွန်းသည် အခုမှ သတိရလာသည်။

'မြင်းလှည်းဆရာကြီး သခင်စိမ်းဆိုတာ သိသလား'

'ရေနံမြေအရေးတော်ပုံတုန်းက ခေါင်းဆောင်တဲ့ဆရာကြီး သခင်စိမ်းကို ပြောတာလား'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'

'သိတာပေါ့'

'သူ့အိမ်က ဝေးသလား'

'မဝေးပါဘူး လမ်းမှာတင်ပါပဲ'

'ဒါဖြင့် ကျွန်တော်တို့ကို လိုက်ပို့ပေးပါလားခင်ဗျာ၊ လမ်းသင့်ရင်'

မြင်းလှည်းသည် ချူသံတချွင်ချွင်နှင့် မောင်းလာရင်း အိမ်တစ်အိမ်ရှေ့တွင် ရပ်လိုက်သည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

'ဒီအရပ်မှာ ဆရာကြီးကို လူတိုင်းသိကြတယ်။ နေဦး မောင်ရင်လေး။ ကျုပ်သွားဆင်းမေးပေးမယ်'

လှည်းသမားကြီးသည် ပြောပြောဆို အိမ်ထဲသို့ ဝင်သွားသည်။ အိမ်မှာ ဝါးကပ်မိုး၊ ထရံကာ၊ တစ်ထပ်အိမ် ခပ်ကျဉ်းကျဉ်း။

'ဆရာကြီး ရှိလား၊ ဩော်. . . ရှိသားပဲ။ ဒီမှာဆရာကြီး ဧည့်သည်ပါလာတယ်၊ ဆရာကြီးနဲ့ တွေ့ချင်လို့တဲ့'

မြင်းလှည်းသမားကြီးက သူတို့ထံပြန်လာသည်။

'မုန်း ဒီမှာပဲ နေရစ်ခဲ့မယ် မြန်မြန်နော်'

'ဆင်းပါဦးလားမုန်း၊ ဖွေ့ဖွေ့မိတ်ဆွေ'

'ဟင့်အင်း၊ ဒီကပဲစောင့်မယ်၊ မြန်မြန်လုပ် ဆာလှပြီ'

ဇော်မင်းထွန်း အိမ်ထဲဝင်သွားသည်။ မြင်းလှည်းသမားကြီးက 'ဆရာကြီးက သိပ်စိတ်ကောင်းရှိတာ၊ ကျွန်တော်တို့ မြင်းလှည်းသမားတွေ၊ အလုပ်သမားတွေ အကျိုးကို ဆောင်ပေးတာ၊ အခုတော့ ပါးရှားနေရှာတယ်' ဟု ခင်ဂမုန်းအား ပြောယင်း ကျန်ရစ်သည်။

ဇော်မင်းထွန်းသည် အိမ်ထဲသို့ဝင်ကာ 'ကျွန်တော် သခင် ဘဂွမ်းသားပါ။ ပြည်က သခင်ဦးစန်းမောင်က ဦးလေး မကွေးမှာ ရှိတယ်ဆိုလို့ ဝင်နှုတ်ဆက်တာပါ။ အကြောင်းထူးမရှိပါဘူးခင်ဗျ'

သခင်စိမ်းမှာ သူ့ဖခင်ထက် ကြီးမည်ထင်သည်။ ပိန်ပိန် ပါးပါး အသားညိုညို၊ ကော်ကိုင်းမျက်မှန်နှင့်။ မျက်နှာက

http://myanmarpyithar.net
ယွန်းရွှေအိမ်

ကြည်လင်သည်။ ဇော်မင်းထွန်းက နှုတ်ဆက်စကား ပြောလိုက်သောအခါ ဝင်းပသွားသည်။ ဝမ်းသာအယ်လဲ ဖြစ်သွားသည်။ သူ့ဖခင်အား ကိုဘဂွမ်းဟု ခေါ်ကာ ညွှန်းသည်။

'မောင့်အဖေ ကျောင်းသားဘဝကတည်းက ဦးလေးနဲ့ သိတာ' ဟု အစချီကာ ရာဇဝင်ခင်းသည်။ သူကလည်း စိတ်ဝင်စားသွားသည်။ သူ့ဖခင်ကိုလည်း အခုမှ ပိုသိလာသည်ဟု ခံစားမိသည်။ သခင်စိမ်း၏ မှန်ကြေးမုံပြင်တွင် သူ့ဖခင်၏ ရုပ်ပုံက ပေါ်လွင်ထင်ရှားလာသည်။ ဇော်မင်းထွန်း မမြင်ဖူး၊ မသိခဲ့ဖူးသော ရုပ်ပုံ။ ဆရာကြီးမှာ ပြောယင်းခံစားမှုပါလာသည်။ ဇော်မင်းထွန်းကလည်း သမိုင်းစာမျက်နှာထဲ သူကိုယ်တိုင် ဝင်ရောက်သွားသည်။ လွတ်လပ်ရေးသမိုင်းတွင် စိတ်လှုပ်ရှားနေမိသည်။

'ထွန်းထွန်းရေ'

မြင်းလှည်းဆီမှ အသံ ခပ်ပျော့ပျော့ ထွက်လာသည်။

'ဘယ်သူလဲ။ မောင်ရင်နဲ့ ပါလာတာလား။ အိမ်ထဲခေါ်လေ။ ဦးလေးက ပါလာမှန်းမှ မသိတာ။ နာမည်ဘယ်သူ'

'ကျွန်တော့်အမျိုးသမီးပါ'

သခင်စိမ်းသည် တံခါးပေါက်မှ ထွက်ကာခေါ်သည်။ မြင်းလှည်းတွင်းမှ ဘာသံမျှ ထွက်မလာ။

'ဦးလေးနေပစေရတယ်၊ ဆက်ပါဦး'

'ကောင်မလေးက အချောသားပဲ။ မီးရောင်နဲ့ မြင်ရတာ

http://myanmarpyithar.net
မြန်မာ့စာအိမ်

လေ၊ ကျုပ်က မျက်စိမမှုန်သေးပါဘူး၊ ပြောရဦးမယ်. . ကျုပ်မိန်းမ က မြို့အုပ်သမီး။ ကျုပ်ကသခင်။ အလုပ်မရှိ။ သခင်ပေါက်စ ထောင်ခြောက်လတဲ့။ အဲဒီတုန်းက စကားပုံပေါ့ ဟားဟား. . .။ ကျုပ်လဲ မိန်းမနဲ့ ကွဲတာပဲမောင်ရင်ရေ။ ကျုပ်က ထောင်ထဲချည်း ဝင်နေရတာကိုး။ ဟား ဟား'

သခင်စိမ်းက ဇာတ်ကြောင်းပြန်နေသည်။ အတွင်းခန်းဆီ မှ 'ဘိုးဘိုးကလဲ' ဟူသော အမျိုးသမီးငယ်၏ အသံတစ်သံထွက် လာသည်။ အဘိုးကြီးမှာ နှင်းဆီရောင် ဝင်းပလှုပ်ရှားလျက်ရှိသည်။ သူ၏ ဇာတ်လမ်းကို နားထောင်ရင်း ဖော်မင်းထွန်းမှာ စိတ်လှုပ် ရှားလျက်ရှိသည်။

'ထွန်းထွန်း' ဟူသော အသံ မြင်းလှည်းမှ ထွက်လာပြန် သည်။ သည်တစ်ခါမူ အသံက သိပ်မပျော့။

သခင်ပေါက်စနှင့် မြို့အုပ်သမီးဇာတ်လမ်း ဆုံးကာနီး တွင် လက်ဖက်ရည်အချို့နှင့် ကိတ်မုန့်များ ရောက်လာသည်။ မြေး မလေးက လာချသည်။

'သူက ကျောင်းဆရာမလေ၊ အလကမှာလုပ်တယ်'

'သောက်ပါဦးရှင့်၊ အစ်မလေးကို သွားပို့ပေးပါမယ်'

'မုန်းရေ လာပါဦး၊ ဦးလေးကလဲ အလကားဒုက္ခရှာတယ်'

'ကျုပ်က ထမင်းကျွေးချင်တာ၊ မနက်ဖြန် သင်္ဘောမထွက် သေးယင် ဒီမှာလာစား၊ အခုကတည်းက ဖိတ်လိုက်တယ်'

ဇော်မင်းထွန်းက တံခါးဝမှ ထွက်ကာ 'မုန်းရေ ဆင်းဦး' ဟုလှမ်းအော်သည်။ ဘာသံမျှ မကြားရ။

ကျောင်းဆရာမလေးသည် ဗန်းထဲတွင် လက်ဖက်ရည် နှစ်ခွက်နှင့် မုန့်များကို ယူကာ သွားပို့သည်။

'သောက်ပါဦးရှင့်၊ ဦးလေးသောက်'

'ကျေးဇူးတင်ပါတယ်၊ ကျွန်မလက်ဖက်ရည်မကြိုက်လို့ပါ'

သူတို့နှစ်ယောက်ကတော့ ကြားသည်မထင်၊ သခင်စိမ်းက ဇာတ်လမ်းနိဂုံးတွင် သဘောချင်း မတိုက်ဆိုင်ကြတော့လဲ' . . . ဟု အဆုံးသတ်လိုက်သည်။

သခင်စိမ်းအိမ်မှ အပြန်တွင် တရုတ်ထမင်းဆိုင်ထဲသို့ ဝင်သောအခါ လူပင်ပါးနေပေပြီ။ ခင်ဂမုန်းကြိုက်သော ကြက်သား ကုန်းဘောင်ကြီးကြော်က ကုန်သွားပြီ။ ဝက်သားနှင့် မှာလိုက်ရသည်။ ခင်ဂမုန်းက မျက်နှာခပ်အိုအို။ ဇော်မင်းထွန်းက ဟင်းများ စုံအောင်မှာသည်။ ဝက်အူချောင်းနှင့်ကြက်ဥကြော်၊ အစိမ်းကြော်၊ ဘဲပေါင်း မြူစွမ်ဟင်းချို။ သို့သော် ခင်ဂမုန်းက ကောင်းကောင်း မစား။ ဇော်မင်းထွန်းက ဟင်းများထည့်ပေးသည်။

'အဆာလွန်နေပြီ၊ စားလို့မရဘူး။ ရှင့်ဆရာကြီးက ဘာများ အရေးကြီးလို့လဲ'

ခင်ဂမုန်းက ခပ်ပြတ်ပြတ်ပြော၍ ထသည်။

တရုတ်ထမင်းဆိုင်မှ သဘော်ာပေါ်အထိ တစ်လမ်းလုံး

http://myanmarpyithar.net

ယွန်းရွှေအိမ်

စကားမပြောကြ။ ရောဝတီမြစ်ကြီးကား နက်ပြာရောင် ငွေနားကွပ် ညဝတ်ရုံကို ခြုံလျက် အိပ်စက်နေလေပြီ။

အခန်းသို့ ရောက်သောအခါ ခင်ဂမုန်းက တံခါးကို ဆောင့်ဖွင့်လိုက်သည်။

'ဒါပဲပြောလိုက်မယ်ထွန်းထွန်း။ သဘော်ဆိုက်လို့ မြို့တက်ယင် မုန်းမလိုက်ဘူး'

'ဘာဖြစ်လို့လဲ'

'ဘာဖြစ်ဖြစ်၊ ရှင့်ဘာသာရှင်သွား'

နောက်ဆုံးစကားလုံးများမှာ အသံကျယ်သည်။ ငိုသံ၊ အက်သံပါသည်။ ခင်ဂမုန်းသည် လက်ကိုင်အိတ်ကို အိပ်ရာပေါ်သို့ လွှင့်ပေါက်ပစ်လိုက်သည်။

ဇော်မင်းထွန်းသည် အခန်းထဲမှ ထွက်ကာ အပြင်ဘက်ဝရန်တာလက်ရန်းကို မှီလိုက်သည်။ အဝေးမှ မီးရောင်များ လက်နေသော တောင်ကမူစွန်းဘက်သို့ ကြည့်လိုက်သည်။ မြသလွန်စေတီတော်မှ ရွှေရောင်သည် ညဉ့်ယံကို ထိုးဖောက်ကာ ပေါ်နေသည်။ စေတီတော်ကို ဖူးမြင်လိုက်ရသည်နှင့် စောစောက ခံစားခဲ့ရသော အေးငြိမ်းသည့် အာရုံသည် ပြန်လည်ရောက်လာသည်။ သူ့မနောကို ပက်ဖျန်းလိုက်သည်။

ဇော်မင်းထွန်းသည် ရောဝတီမြစ်ပြင်ကို ကြည့်လိုက်သည်။ ရွှေစငွေပြောက်များ ခတ်ထားသော နီလာတုံးကြီးပေါ်တွင် မီး

http://myanmarpyithar.net
ယူနီကုဒ်ဘာသာ

တလက်လက်နှင့် ခရီးသမားလှေများ ရေစုန်ရေဆန် သွားလာလျက်ရှိကြသည်။ စုတ်သူနှင့် ဆန်သူတို့ တစ်စင်းနှင့်တစ်စင်းမတိုးမိကြ။ မတိုက်မိကြ။ ကိုယ့်လမ်းကိုယ်သွားနေကြသည်။ အေးချမ်းစွ။

အခန်းထဲမှ ခင်ဂမုန်း၏ လူးသံလွန့်သံ၊ ဗယ်ညာစောင်းသံ၊ ရွှေ့သံ၊ သက်ပြင်းချသံများကို ကြားနေရသည်။သူကတော့ အပြင်ဘက်တွင် ငြိမ်သက်လျက်။ သူသည် လှေများကို ကြည့်နေသည်။ မြသလွန် စေတီတော်ကို ဖူးမြော်သည်။ သူ့ရင်တွင်း၌ ငြိမ်းချမ်းနေသည်။

အခန်းတွင်းမှ ဘာသံမျှ မကြားရတော့မှ သူသည် အခန်းတွင်းသို့ ဝင်လိုက်သည်။

မြဧရာသည် ရေနံချောင်း၊ ချောက် စသော မြို့များတွင် ညအိပ်သည်။ ဇော်မင်းထွန်းသည် တစ်ယောက်တည်းမြို့ပေါ်တက်လည်သည်။ ခင်ဂမုန်းကို သူကမခေါ်။ ချောက်သို့ရောက်သောအခါသူသည် သခင် ဖိုးဝကြီးထံသွားတွေ့သည်။ မကွေးတွင် သခင်စိမ်းနှင့် တွေ့ပြီးကတည်းက သူစိတ်ဝင်စားနေသည်။ သခင်ဖိုးဝကြီးက အိုနေသည်။ ရုပ်ကျသည်။ သခင်စိမ်းနှင့်မတူ။ တကယ့်အလုပ်သမားကြီး၊ သခင်စိမ်းကတော့ ပညာတတ်။ သူနှင့်စကားပြောရသည်မှာ သမိုင်းစာအုပ်ဖတ်ရသည်ထက် ခေတ်ကို နားလည်သွားသည်။ ဝတ္ထုကောင်းတစ်ပုဒ်ကို ရုပ်ရှင်ရိုက်ကူးသည့်ဇာတ်ကားကို ကြည့်ပြီး ထိတွေ့ခံစားလိုက်ရသကဲ့သို့ပင်။ အခန်းပြန်ရောက်

http://myanmarpyithar.net
ယွန်းရွှေအိမ်

တော့ ခင်ဂမုန်းမှာ အိပ်လို့ပင် ပျော်နေလေပြီ။

ညောင်ဦးသို့ မြဇရော ကပ်သည့်ညကား တန်ဆောင်မုန်း လပြည့်ည၊ သာလိုက်သည့်ည။ ပုဂံမြို့ဟောင်းပင် ငွေရောင်၊ မြရောင်ဖြင့် သစ်လွင်နေသည်။ ဘုရားပုထိုးဂူပြာသဒ်တို့သည် လရောင်ဖြင့် ခြယ်သဆင်ယင်ထားသဖြင့် လှပဆန်းတင့်နေသည်။ မစ္စတာတေလာလည်းရောက်လာသည်။ ခင်ဂမုန်းသည် မစ္စတာ တေလာနှင့် ရွှေစည်းခုံဘုရားပွဲသို့ သွားသည်။ ဇော်မင်းထွန်းသည် သူတို့ထွက်သွားပြီးမှ မြင်းလှည်းတစ်စီးငှား၍ အာနန္ဒာ၊ သဗ္ဗညု၊ မနုဟာ၊ ဂူပြောက်ကြီးစသော ဘုရားပုထိုးများသို့ သွားဖူးသည်။

မြဇရောမန္တလေးသို့ ရောက်သောအခါ ဇော်မင်းထွန်းနှင့် ခင်ဂမုန်းတို့သည် တစ်နေရာတည်းတွင် အတူတူ မတည်းကြ။ ခင်ဂမုန်းက မန္တလေးဟိုတယ်တွင် တည်းသည်။ ဇော်မင်းထွန်းက သူ့ သူငယ်ချင်းလည်းဖြစ်၊ စိုင်းသီဟ နှင့်လည်းခင်သော ကချင် ကျောင်းသားတစ်ဦး၏ အိမ်တွင်တည်းသည်။ နောက်တစ်ခေါက် ရန်ကုန်သို့ ပြန်စုန်သောအခါ မြဇရောပေါ်တွင် ဇော်မင်းထွန်း မပါ၊ ခင်ဂမုန်းလည်းမပါ။

**ဒဂုန်တာရာ**

**၇-၉-၈၅**

**(ဒဂုန်မဂ္ဂဇင်း ၁၉၈၅ အောက်တိုဘာ)**

http://myanmarpyithar.net
**ယွန်းရွှေအိမ်**

ကြည့်အေး

# ညတစ်ည

http://myanmarpyithar.net
ယွန်းရွှေအိမ်

(၁)

နောက်ဆုံးတော့ အိမ်ပြန် ရောက်လာရသည်မှာ စိတ်သက်သာစရာ ဖြစ်လေ၏။ သို့မဟုတ်လျှင် ဂျစ်ကားပေါ်တွင် လူနှင့် ပစ္စည်းကအပြည့်အညပ်၊ လူတွေကလည်း ယခုမှ မြင်ဘူးကြသည့် တစိမ်းချည်းဖြစ်၊ ခရီးစဉ်ကလည်း ဟိုဝင်သည်ထွက်နှင့် ဖြောင့်ဖြောင့်မရောက်နိုင်သည်နှင့် လူတိုင်းပင် စိတ်ညစ်၍မဆုံးတော့ဘူးထင်တာ ဒါကြောင့်ပင်ပို၍ စိတ်ညစ်နေရဦးမည်ဖြစ်လေ၏။ ကားပေါ်တွင် အဝတ်အစားနှင့် ဘီးမှန် မျက်နှာချေထည့်သော သေတ္တာများပါသည်။ ကာဖီကုန်နေသော ခတ်ဘူး၊ မကုန်နိုင်သဖြင့် ပါလာသောစမူဆာထုပ်၊အချိန်မရသဖြင့် မစားလိုက်မိသော ကြက်ဥပြုတ်များ ကြိမ်ခြင်းတောင်း တစ်လုံးနှင့်ပါသည်။ အရက်ပုလင်းများလည်းပါဦးမည်ထင်သည်။ အကြောင်းမှာ လူတိုင်းပင် အရက်နံ့ကို ရှူမိနေသောကြောင့်ပင်။ ဖိတ်များနေသလားမသိဘူး

ဟုတွေးကြသည်။ သို့သော် ဘယ်သူကမှ စ၍ မပြောကြ ကားမောင်းသမားကလွဲ၍ အားလုံး မိန်းကလေးချည်း ဖြစ်ကြ၏။ လူပေါင်း ၁၆ ယောက် စီးလာသည်။ သို့သော် မိန်းကလေး ကျောင်းဆောင်။ မိန်းကလေးများ ဂေဟာ၊ ကျောက်မြောင်းရပ် သွပ်မိုးအိမ်တစ်အိမ် စသည်တို့ကို လိုက်ပို့ပေးပြီး နောက်ဆုံး တယောဝိဇ္ဇာ ကိုအောင်ဝင်းတို့ လင်မယားအိမ်သို့ ဆိုက်သော် အင်းစိန်မှ အသားဖြူဖြူ ညီအစ်မနှစ်ယောက်၊ ပဲခူးမှ အသားညိုညို တူအရီးနှစ်ယောက် ထမင်းချက်သော အဒေါ်ကြီးတစ်ယောက် တို့သာ ကျန်တော့သည်။

အိမ့်ရှင်လင်မယားက ပြဇာတ်မှာ ကျန်ရစ်ခဲ့သေးသည်။ အရင်ရောက်လာနှင့်သော ဧည့်သည်လေးယောက်သည် အတော် စိတ်ရှုပ်လာရပြန်၏။ ပင်ပန်းလာပြီး အိပ်ရာထဲ ပစ်လှဲချင်စိတ် သာရှိသည်။ သို့သော် လေးယောက်သား ခပ်တည်တည်နှင့်ပင် အိမ်ထဲဝင်လာပြီး ဧည့်စားပွဲဟု အသိအမှတ်ပြုရသော်လည်း စင် စစ် လူဆယ်ယောက်စာ ထမင်းစားပွဲခုံ၌ ထိုင်ကြပြန်လေသည်။ ထမင်းချက် အဒေါ်ကြီးကမူ ဖျပ်လပ်စွာ ပစ္စည်းများကို ချသည်။ အိမ်ထဲသွင်းပြီး သူ့နေရာသူကျအောင်ချသည်။ 'ဆရာနဲ့ ဆရာ ကတော်တို့ မြန်မြန်သွားကြိုခဲ့နော်' ဟု ကားမောင်းသမားကို မှာ သည်။ မီးဖိုချောင်ထဲဝင်ပြီး ရေနွေးအိုးတည်သည်။ ကာဖီချိုင့်ကို အသင့်ဖြစ်အောင်ဆေးသည်။ ကော်ဖီဖျော်၍ ဧည့်သည်များထံ

ယူလာသော် မိန်းမလေးယောက်သည် စကားလေးလုံးလောက် ထက် ပို၍ ပြောရပုံ မပေါ်သေးချေ။

'ဟောဒီမှာ ကာဖီ-ကာဖီ' ဟု အဒေါ်ကြီးက ပြုံးပြုံးကြီး ပြောသည်။ သူ့အသံမှာ မာကျောကြမ်းတမ်းသော်လည်း မျက်နှာ ချိုလှ၍ ဘယ်သူမှ စိတ်မသက်မသာ မဖြစ်ချေ။ အဒေါ်ကြီးသည် ကုလားထိုင်များအားနေသော်လည်း ခွေးခြေချိချိနဲ့နဲ့ တစ်ခုကိုသာ ယူ၍ ထိုင်သည်။ 'အမယ်လေး၊ အဒေါ်ဖြင့် ရုံထဲမှာတုန်းက ငို လိုက်ရတာတော်' ဟု ရယ်ဟဟနှင့် ပြောလိုက်ပြန်ရာ မိန်းမလေး ယောက်၏ မျက်နှာများသည် အဒေါ်ကြီးမျက်နှာနှင့်တည့်နိုင်သမျှ တည့်အောင် လှည့်လာကြသည်။ အဲ-ခုမှ သူတို့မျက်နှာကိုကောင်း ကောင်းကြည့်ရမည်။ အသားဖြူဖြူ ညီအစ်မနှစ်ယောက်မှာ လှ လည်းမလှ၊ အရုပ်လည်းမဆိုး မျက်လုံးမျက်ခုံး နှာတံနှုတ်ခမ်း များအားလုံးရောသွားသည်။ မြင်ရသည့်အခါ ဘယ်လိုနည်းနှင့်မျှ စိတ်ထိခိုက်ခြင်းမရှိ။ မျက်စိအောက်က ပျောက်သွားပြန်တော့ လည်း ဘယ်တုန်းကဘယ်မှာ တွေ့ဘူးတယ်ဟူ၍ တစ်နေကုန် ထိုင်တွေးလည်း မေ့လျော့မြဲမေ့လျော့ပြီး နေတော့မည့်မျက်နှာ မျိုးဖြစ်လေသည်။ ဘုရားပွဲ၊ မြင်းပွဲ၊ ဧည့်ခံပွဲ၊ ဘယ်ပွဲမှာမဆို တွေ့နိုင် သော ပေါင်ဒါထူထူလိမ်းသည့် မထူးခြားလှသော မိန်းမများ၏ မျက်နှာမျိုးဖြစ်လေသည်။ မုန့်ဟင်းခါးသည် မကြော့၏ မျက်နှာ ကမှ အကြည့်တန်လှသော်လည်း နှစ်ခါပြန်ကြည့်မိသေးသည်။

http://myanmarpyithar.net

အဒေါ်ကြီးသည် သူတို့ညီအစ်မ၏ မျက်နှာထက် ဇာအင်္ကျီ၊ နီလာကြယ်သီး၊ နီလာရင်ထိုး ဖဲဆပ်တွန့် ထမီများကို ပို၍ စိတ်ဝင်စားကာ ခပ်ကြာကြာ ကြည့်သည်။ ညီအစ်မ နှစ်ယောက်သည် အလတ်တန်းစား အဝတ်ကို ဝတ်ထားသော်လည်း အိမ်မှာနေသလိုပင် သက်တောင့်သက်သာ ရှိသည်။ တောင့်မနေ။ ထိုင်ပုံ၊ လက်ထောက်ပုံ၊ စောင်းငဲ့ပုံ များကလည်း တစ်ယောက်နှင့်တစ်ယောက် အတော်ဆင်သည်၊ နွဲ့လည်းနွဲ့ကြသည်။

"အတော် ဗိုလ်ဆန်တယ်" ဟု အဒေါ်ကြီးက မှတ်ချက်ချလိုက်၏။

အသားညိုညို တူအရီးနှစ်ယောက်မှာ ဝတ်ပုံစားပုံ တောခပ်ကျကျပင်ထင်သည်။ အဒေါ်ဖြစ်သူမှာ အတော်ပိန်သည်။ ပါးလွှာသော အင်္ကျီမှ ဖောက်၍ အသားရောင်နှင့် ညှပ်ရိုးများကို မြင်ရ၏။ ဇာဘော်လီမှာ ပြောင်လက်ကာ ပိုးချည်ဖြင့် ဖောက်သည့် စက်ထိုးဇာပတ်လည် ဘော်လီပေတည်း။ ဘော်လီဝတ်ထားသည်မှာ ဘယ်ဘက်သို့ လည်နေလေရာ ကနုကမာကြယ်သီးများသည် တစ်ထပ်ထဲသာရှိသည့် အင်္ကျီဘယ်ဘက် ရှေ့ရင်ပတ်အောက်တွင် အစီလိုက်ပေါ်နေလေသည်။ ညာဘက်ဘော်လီ လက်ကြိုးသည်လည်း ပခုံးစွန်းပေါ်မှာ ရောက်နေကာ တစ်ချက်လှုပ်လိုက်လျှင် လက်မောင်းအိုးပေါ် ကျလာမည်ဖြစ်လေ၏။ မိန်းမ၏မျက်နှာမှာ ခပ်ပြားပြားရှည်ရှည်၊ မျက်လုံးနှင့် မျက်ခုန်းများက လှချင်ချင်ရှိ၏။

http://myanmarpyithar.net

နှာတံနှင့်ပါးစပ်က အရုပ်ဆိုးချင်သည်။ အမူအရာက သိပ်ပြီး မသိမ်မွေ့လှ၊ မျက်နှာထားလည်းတင်းသည်။ သူ့ကို အဒေါ်ကြီး မေတ္တာမရှိချေ။

တူမကလေးကိုတော့ သိပ်လှသည်ဟု အဒေါ်ကြီး ထင်သည်။ စင်စစ်တော့ သိပ်လှသည်မဟုတ် အဒေါ်ကြီး၏ အကြိုက်နှင့် တွေ့ခြင်းမျှပင်တည်း။ မိန်းကလေးသည် ထိုင်နေကြသူများထဲတွင် အသက်အငယ်ဆုံးလည်းဖြစ်သည်။ ကိုယ်ဟန်မျက်နှာထား အထင်ပေါ်ဆုံးလည်း ဖြစ်သည်။ သူ့ကိုယ်သူ ပိုင်နိုင်သောစိတ်ထားရှိပုံရသည်။ မျက်လုံးကြည့်ရှုပုံက တင်းမာ၏။ နှုတ်ခမ်းများကသာ ခပ်ရိုးရိုးပြုံးလျက်ရှိပြန်သည်။ သူ့ဝတ်စားပုံမှာ မှိန်လည်းမှိန်သည်။ အဖိုးလည်းသိပ်မတန်၊ သို့သော် ခေါက်ရိုးတစ်ချက်မပျက်။

"ဒီကောင်မလေးဟာ အငြိမ့်မင်းသမီးလေးလိုပဲ ချစ်စရာကောင်းလိုက်တာ" ဟု အဒေါ်ကြီး တွေး၏။ 'ကြည့်ပါလား၊ နဖူးပေါ်က ဆံယဉ်လေးတွေ ဝဲကျနေလိုက်တာ မျက်ခုံးမွေးကလေးကလဲ လုံးလုံးထူထူကလေး ပြီးတော့ တန်းနေတာပဲ' အဒေါ်ကြီးသည် လှသည့်အရာကို ချစ်တတ်သည်။ သူကိုယ်တိုင်က မှန်ကြည့်ချင်ဖွယ်ရာမရှိ။ သည်တော့ မှန်ကြည့်ပြီးသား အချိန်ကုန်နေဘို့ ကောင်းသူများကို ကိုးကွယ်လိုသည်။ လှသည်ဆိုယင်ပဲ ချစ်လိုက်ချင်တော့သည်။

မိန်းကလေးသည် သူ့ကို ပြုံးပြသည်ဟု ထင်ပြန်သည်။

http://myanmarpyithar.net

## ၁၃၆ ကြည်အေး

အဒေါ်ဖြစ်သူက သူ့တူမကို မျက်နှာထားနှင့် ကြည့်တတ်သည်ဟု ထင်၏။ အဒေါ်ကြီးသည် ကြားက မခံချင်ချေ၊ သူ့တူမကလေးသာ ဆိုလျှင် ဘယ်မျက်နှာထားနှင့် ကြည့်ရက်ပါ့မလဲ၊ ကောင်မလေး၏ ဝတ်ကြီးဝတ်ငယ်ကို ပြုလိုက်ချင်သည်။ အော်. . . ဒီလိုဆိုတော့ မနက်ဖြန် အဝတ်လျှော်ရဦးမှာပါကလား အဝတ်တွေပုံနေပြီ၊ မီးပူလည်းတစ်နေ့လုံး တိုက်ခဲ့ရသည်။ ဆရာနှင့် ဆရာကတော်လည်း ပြန်မလာကြသေး၊ ပြီးတော့ သူတို့ မိတ်ဆွေဇာတ်ဆရာက ပြန်လာလျှင် ထမင်းစားလိမ့်မည်ထင်သည်။ ဇာတ်ဆရာဆိုသူသည် စည်းကမ်း အင်မတန်မဲ့သည်။ ဆရာနှင့် ဆရာကတော်တို့က အင်မတန် မြှောက်စားကြလို့သာ အဒေါ်ကြီးကလည်း ကျေကျေနပ်နပ်ရှိရသည်။

အဒေါ်ကြီးသည် စိတ်ဝေ့သည် သွားရာကပြန်ရောက်သော် မိန်းမလေးယောက်တို့သည် ကာဖီပန်းကန်ကို ကိုယ်စီကိုင်နေကြပြီဖြစ်လေ၏။ အဒေါ်ကြီးစလိုက်သော စကားမှ ရှေ့သို့တိုးကာ ပြဇာတ်အကြောင်းပြောနေကြပြီ။ ပြဇာတ်နာမည်ကြီးလွန်း၍ သူတို့လာကြည့်သည့်ကြောင်း အိမ့်ရှင်တယောဝိဇ္ဇာနှင့် ဘယ်လိုခင်သည့်အကြောင်း အဒေါ်ကြီးချစ်သည့် ကောင်မကလေးကတော့ ပြုံး၍နေတာသာများသည်။ တစ်ချက်တလေမှ ဝင်ထောက်သည်။ အသံကလေးမှာ ငွေဆည်းလည်း သံကလေးပမာ သာယာသေးငယ်သည်။ ကြည်လိုက်သည်မှာ ပြောစရာမရှိ၊ စကားပြော

http://myanmarpyithar.net

လိုက်သည့် အသံအနေအသံထားမှာ သာလှ၍ သီချင်းဆို လိုက်တော့မလိုထင်ရသည်။

စကားအများဆုံးပြောသူမှာ အင်းစိန်က အစ်မကြီးဖြစ် လေ၏။ ပြဇာတ်ဘယ်လောက်လွမ်းစရာကောင်းပုံကို ဖွဲ့ဖွဲ့နွဲ့နွဲ့ပြော သည်။ သူ့မျက်လုံးများလည်း မို့နေသည်။

"ကျမဖြင့် မျက်ရည်မဆည်နိုင်ဘူး၊ တကယ်ပါပဲ။ ဇာတ် လိုက်ကလေး သေသွားတော့ ကျမဖြင့် အော်ငိုလိုက်ချင်တယ်"

မိန်းမအားလုံး ဘာကြောင့်လဲမသိ ရယ်လိုက်ကြသည်။

"ဒီလိုပါ၊ ဇာတ်လိုက်ကောင်လေးက ကျမရဲ့ မောင်လေး နဲ့ သိပ်တူတာကိုး၊ သိပ်တူတာပဲနော်၊ မတူဘူးလား (ညီမဘက်သို့ လှည့်၍မေးသည်) ကျမမောင်လေးက ရေနစ်ပြီး သေသွားတာဆို တော့ ကျမလဲ ရောငိုလိုက်တာပါပဲ"

ထိုနောက် အမကြီးသည် စတင်၍ ငိုလေသည်။

ညီမလုပ်သူက မျက်ရည်များဝဲလာသည်။ မျက်တောင် ခပ်လိုက်လျှင် မျက်ရည်များ ကျလာတော့မည်။ ထို့ကြောင့် မျက်လုံးများကို ပြူးကာ ရှေ့ကို ငေးစိုက်၍ ကြည့်နေသည်။ မျက်ရည် များ သွေ့သွားပြီးသော် အစ်မကို လက်ညှိုးဖြင့်တို့၍ သတိပေး လိုက်၏။

ပဲခူးမှ အဒေါ်ဖြစ်သူကမူ မျက်နှာထား အတင်းမပျက် ချေ။ ပို၍ တောင့်တင်းလာလေသလား။ သူသည် ညီအစ်မနှစ်

ယောက်ကို ရှုပ်ချချင်ဟန်နှင့် ကြည့်သည်။ တူမသည်ကိုလည်း အကြောင်းမဲ့မျက်စောင်းထိုးလိုက်သည်။ စင်စစ် သူသည် ပြဇာတ် ရုံထဲမှာလည်း မငိုချေ။ ပြဇာတ်ထဲမှာပါသည့် ဇာတ်လမ်းမျိုး လောက်ရှိတာ မရှိပြီ။

"ညည်းကော ငိုသေးလားအေ" ဟု တူမသည်ကို လှမ်းမေးသည်။

အင်းစိန်မှ ညီအစ်မနှစ်ယောက်သည် တုံ့ကနဲဖြစ်ကာ ပြောသူ့မျက်နှာကို ကြည့်ကြသည်။ တင်းမြဲသော မျက်နှာထားကို တွေ့၏။ သူတို့သည် အောင့်သီးအောင့်သက် ဖြစ်လာကြလေသည်။

တူမသည်ကတော့ ဘာမှပြန်မဖြေချေ။ သူ့မျက်လုံးများ ကားမှိုင်းသည်။ မျက်ရည်စ,တော့ မရှိချေ ဣန္ဒြေမပျက်ပြုံးလျက် ရှိသည်။ သို့သော် နှုတ်ခမ်းဖျားများ တစ်ချက်တစ်ချက် တုန်သည်။

အဒေါ်ကြီးကတော့ သူဘယ်လောက် ငိုခဲ့ရသည်ကိုသာ သတိရနေလေသည်။ ရှေ့ကမိန်းမတွေကို စိတ်မဝင်စားတော့ချေ။ စင်စစ်တော့သူသည် ပြဇာတ်ကို ရှေ့ကနေပြီး အစအဆုံး ကြည့်ရသည်မဟုတ်။ ဇာတ်ခုံနောက် အဝတ်အစားလဲရာအခန်းမှ စောင့်၍ ချွတ်ချသော အဝတ်များကို ခေါက်ရင်း ဆရာနှင့် ဆရာကတော်တို့ စားဘို့ အသင့်ပြင်ပေးရင်း၊ ကန့်လန်ကာ သုံးလေးထပ်ကြားမှ ဘေးတိုက် လှမ်းကြည့်ရခြင်းပေတည်း။ တစ်ခါတလေ မင်းသမီး

http://myanmarpyithar.net

၏ နှာခေါင်းတစ်ခုတည်းသာမြင်ရသည်။ အသံများကိုတော့ ပီသစွာ ကြားရလေသည်။ ဘေးက အရက်မူးပြီး ဆူမည့်သူမရှိသည့်အခါပေါ့၊ တီးမှုတ်သံများကို အကျယ်ဆုံးကြားရသည်။ သို့လျှင်ကောင်းကောင်း မကြည့်ရပါဘဲ၊ ဘာမှန်းမသိပါဘဲလျက် အဝတ်အစားခေါက်ရင်း၊ ပန်းကန်ခွက်ယောက်သိမ်းရင်း တရှုပ်ရှုပ်ငိုမိသည်။ ဆိုင်းတီးလေလေ ငိုလို့ကောင်းလေလေပင်တည်း။ ငိုရသည်မှာ အတော်ဝသွားသည်။ ပြဇာတ်ပြီး၍ ထွက်လာကြသည့်ပရိသတ် ထဲတွင် အငိုနိုင်ဆုံးပါဟု ဆိုရဲသူပင် အဒေါ်ကြီးရှေ့တွင်နှုတ်ဆိတ်နေမည်ထင်သည်။

သို့သော် ယခုတော့ ငို၍မရတော့ချေ။ အိပ်ချင်ခြင်းသာရှိသည်။

"ကဲ. . . ကဲ. . . ကာဖီသောက်ကြအုံးလေ" ဟု ပြောလိုက်ရသည်။ မြန်မြန်ပြီးချင်သည်။ လုပ်စရာရှိတာ မြန်မြန်လုပ်ပြီးအိပ်မည်။ မနက်ကျလျှင် စောစောထ၍ ကာဖီဖျော်ရဦးမည်။ ဒီညတော့ အိပ်ရေးဘယ်ဝ,တော့မှာလဲဟု ကံကြမ္မာကို ငြူစူမိလေ၏။

သို့သော်လည်း ကံ ချက်ခြင်း ကောင်းလိုက်သည်မှာလေချွန်သံ ကြားရခြင်းပေတည်း။ ဇာတ်ဆရာသည် အင်မတန်လေချွန်တတ်သည်။ စကားနည်းသမျှ လေချည်း ချွန်ပစ်သည်။ထင်သည်။ သူသည် ကျယ်လောင်စွာ ချွန်သည့်အခါ တပင်တိုင်ပင်

http://myanmarpyithar.net

က, နိုင်၍ လုံးတီးချွန်ပြန်တော့ သူ့ဘာသာပင်ကြားမှ ကြားပါ လေစ, ဟု သံသယဖြစ်ဖွယ်ရှိသည်။ သို့ပေမယ့် ကားသံမကြားပါ တကား။

ဇာတ်ဆရာသည် လမ်းလျှောက်၍ ဝင်လာသည်။ ကားနှင့် မပြန်လာတာသေချာပြီ။ ဆရာနှင့် ဆရာကတော်တို့က ဘယ်မှာ ကျန်ရစ်လေသလဲ၊ ဘယ်တော့ပြန်လာမှာလဲ၊ သို့သော် ဘာမှ မမေးရသေးခင် သူကပြောသည်။

"ကိုအောင်ဝင်းတို့ သီချင်းအသစ်တိုက်ရမယ်။ အရေး တကြီးပဲ၊ ဟိုမှာ အိပ်လိမ့်မယ်။ ဧည့်သည်တွေကို အိပ်စရာ နေရာ ပြလိုက်ပါတဲ့။ ကျွန်တော်ထမင်းဆာပြီ"

သူသည် မိန်းမများကို ဂရုတစိုက် မကြည့်ချေ။ အဒေါ်ကြီး က မကျေနပ်သလိုလို ဖြစ်မိသည်။ ကောင်မလေးကိုတော့ ကောင်းကောင်းကြည့်ထိုက်သည်။ အင်မတန် အပျင်းကြီးတဲ့ ဇာတ်ဆရာပဲ၊ ကြည့်ပါလား. . . သူ့အိပ်ရာထဲချက်ချင်း ထိုးဝင် လိုက်တာပဲ၊ ထမင်းမစားတော့ဘူးလား။ ဒါပေမဲ့ တာဝန်ကြေ အောင် ပြင်ပြီးအုပ်ထားလိုက်မယ်။ သေချာအောင် မေးလိုက်ချင် သော်လည်း မမေးရဲချေ။ အရင်ကဆိုလျှင် အဒေါ်ကြီးက မေးခွန်း တွေ ဆက်တိုက်ချည်းမေးတတ်သည်။ ယခုတော့ သူသည် ဘယ် တော့မှ အမေးမခံတော့ဘဲ ဦးအောင် ပြောချင်ရာ ပြောပြီး ချက် ခြင်းထွက်သွားတတ်သည်။

ထမင်းပွဲထ၍ ပြင်ရ၏။ အုပ်ဆိုင်းထားခဲ့ပြီး ပြန်လာသော် မိန်းမများသည် ကာဖီလည်းသောက်ပြီးဖြစ်ကာ အိပ်လည်းအိပ်ချင်နေကြပြီ။ စကားလည်း ဆက်မပြောတတ်ကြ။ ယောကျ်ားတစ်ယောက်ကလည်း သူတို့နှင့် မနီးမဝေးတွင် မှောက်လျက်သား အိပ်နေသည်။ သူတို့သည် နေမထိ ထိုင်မသာ ဖြစ်နေကြသည် ထင်၏။

သူတို့ကို အိပ်ရာပြင်ပေးရသည်။ တူအရီး နှစ်ယောက်အတွက် တစ်ကုတင်၊ ညီအစ်မနှစ်ယောက်အတွက် တစ်ကုတင် သာပေးနိုင်သည်။ မိန်းမတစ်ယောက်ယောက်ကများ 'အဲဒါက ဘယ်သူတုန်း' ဟု မေးလျှင် 'ဟိုပြဇာတ်ဒါရိုက်တာလေ' ဟု အားရပါးရ ဖြေချင်စိတ်ပေါ်လာလေသည်။ သည်လိုဆိုလျှင် ကျေနပ်စရာ ဂုဏ်ယူစရာလေလားမသိ၊ သို့သော် ဘယ်သူကမှလည်းမမေး၊ အိပ်ယာသာ ထိုးဝင်ကြသည်။မမေးသော်လည်း ဇွတ်ပြောတော့မည်ကြံ၏။ သို့သော် အခွင့်မသင့်တော့ချေ။

မကျေမနပ် ဖြစ်လှသည်နှင့် အိပ်ရာထဲ ရောက်သော် ခါတိုင်းလောက် မြန်မြန်အိပ်၍ မပျော်ချေ။ သို့သော် တစ်အိမ်လုံးတွင် အဒေါ်ကြီးသည် ပထမဆုံး အိပ်ပျော်သူဖြစ်၍ သူ၏ သွားကြိတ်သံသည် အံ့သြစဖွယ် ကျယ်လောင်လှလေ၏။

(၂)

အဒေါ်ကြီးသွားကြိတ်သည့်အခြေသို့မရောက်မီ အသက်ရှူသံ မှန်မှန်ပေါ်လာစဉ် အင်းစိန်မှ အစ်မကြီး မျက်တောင်စင်းလျက်ရှိလေပြီ။ သူသည် ယနေ့အဖို့ အတော်ပင်ပန်းနေလေသည်။ ညနေက ပြဇာတ် အမီ ဘတ်စ်ကားစီး၍ လာရာ မီမှ မီပါ့မလားဟု ပူရသည်နှင့်ပင် အတော်မောနေပြီ။ ကားကလည်း လူကြပ်သည်။ ကျနေကလည်း ပူရှိန်လှသည်။ လူကလည်း ခပ်တုတ်တုတ်မို့ ချွေးကထွက်ပြန်သည်။ သို့သော် ပြဇာတ်ကြိုက်တတ်သူမို့ မညည်းညူသာချေ။ ညီမငယ်ကိုပင် အတော်ခေါ်ရသည်။ သူ့ညီမမှာ ရုပ်ရှင်ကို ပိုကြိုက်တတ်၏။

ပင်ပန်းရကျိုးတော့ နပ်ပါပေသည်။ ကြည့်ဘူးသမျှထဲတော့ အကောင်းဆုံး ပြဇာတ်ပဲထင်ပါရဲ့၊ နဲနဲ အလွမ်းများတာသာ ရှိသည်။ အလွမ်းဇာတ်များကို မကြိုက်လှ၊ လွမ်းရတယ်ဆိုတာကို

http://myanmarpyithar.net
ယွန်းရွှေအိမ်

လည်း နားသိပ်မလည်။ တကယ်တော့ တစ်သက်နှင့်တစ်ကိုယ် တစ်ခါသာလွမ်းဘူး၍ ထိုအခါမှာ မောင်လေးရေနစ်၍ သေသွားစဉ်က ဖြစ်လေ၏။

ကဲ. . . မောင်လေးကိုချစ်ပေမယ့် မတွေးချင်ပါ။ မေ့ထားလိုက်မည်။ သည်လောက် ပင်ပန်းလာပြီး အိပ်ပစ်လိုက်တာထက် ဘယ်ဟာကများ ပို၍ သဘာဝကျဦးမလဲ။ တင်းကျပ်သော လည်ပင်းကြယ်သီးကို မှောင်ထဲတွင် စမ်း၍ဖြုတ်သည်။ လက်သည်ပင် လေးလှလေပြီ။ အိပ်ချင်လိုက်တာနော်. . . အိုးတိုးအင့်တင့် ရှိလှသည်။ ထို့ကြောင့် 'ဟိုဘက်နဲနဲ တိုးစမ်းပါဟာ နင်ကလဲ. . .' ဟု ညီမကို ပြောလိုက်၏။ စင်စစ် သူကပို၍ ဝ, သူမှို့ နေရာပိုယူထားပြီးသားဖြစ်သော်လည်း ကုတင်ပေါ် ကြပ်ကြပ်တဲတဲ လှဲနေရသည်မှာ ညီမကတိုးသည့်အတွက်ဟု ထင်သည်။

ညီမလုပ်သူက စိတ်ဆိုးဟန်ဖြင့် ဖြတ်ကနဲ ဟိုဘက်စောင်းသွားသည်။ ခဏကြာသော် ရှိုက်သံတစ်ချက် ကြားလိုက်ရလေသည်။

အစ်မကြီးသည် သိပ်ပြီး ဂရုမစိုက်ချေ။ ပြဇာတ်ကို သတိရပြီး ငိုလေသလား. . .၊ မောင်လေးကို လွမ်းလေသလား. . . မသိပြီ။ သိလည်းမသိချင်။ သူသည် ညီမကို သိပ်နားမလည်။ ညီမ အထွေးဆုံးကလေးမို့သာ အလိုလိုက်ထားရသည်။ လုပ်သမျှတို့မှာ သူ့မျက်စိထဲ ကန့်လန့်ချည်းဘဲထင်သည်။ တစ်ခါတစ်လေကျတော့

လည်း ညီမလေးသည် ရည်းစားထားတော့မည့်အခြေအနေ ရောက်နေသည်ထင်ကာ အတင်းဝင်၍ ဖျက်လိုဖျက်ဆီး လုပ်ရသည်။ ငယ်သေးသည်မဟုတ်လား။ ပြီးတော့ မိန်းကလေးဆိုတာ လိုလျှင်တိုး ပိုလျှင်လျှော့လို့ရသည့် အဆင့်မှာ ခြေမြဲမြဲရပ် ဘို့သာ အရေးကြီးဆုံးထင်၏။ ဘေးလည်းကင်းသည်။ လူအပြော လည်းလွတ်သည်။ လာဘ်လည်း မပိတ်၊ နောက်ဆုံးအချိန်၌ အကောင်းဆုံးသောလူကို ရွေးနိုင်သည်။ ညီမလေးက လှလည်း လှသည်ဟု သူထင်သည်။ မိမိကတော့ အရွယ်ရှိစဉ်က လိမ္မာ ပါးလျက်နှင့် ရုပ်သိပ်မပွင့်ခဲ့၍ ယခုအပျိုကြီး လုပ်နေရသည်။ ပြီးတော့ လင်တစ်ယောက်ရဘို့အတွက်တော့ နန့်နိုင်ပေါင်တော်ဟု တွေးသည်။ သူနှင့်ရွယ်တူများ ယောကျာ်းရသွားကြသည်မှာ နန့်နိုင်သည့်အတွက်ဟု သူက ရက်ရက်စက်စက်တွေးသည်။ တစ်ခါ တစ်ခါတော့လည်း ဘာမှန်းမသိ၊ မကျေမနပ်ဖြစ်ကာ လူ့ဘဝကို အပျင်းကြီးပျင်းလျက် ရှိနေလေတော့သည်။ ထို့ကြောင့်ပင် ပျော်ပျော်ရွှင်ရွှင် နေတတ်အောင် ကြိုးစားလေ့ကျင့်လာခဲ့သည်။ ယခုတော့ အင်မတန်မော်တဲ့ အပျိုကြီးပဲ၊ သူ့ဘာသူ သူအေးလို့၊ ရှုံးလခ, ကလေးလဲ မှန်မှန်ရလို့၊ သူနဲ့ စကားပြောရတာတောင်၊ ပျော်စရာကြီး၊ သူက ဟေးလားဝါးလားတော့ အနေတတ်သား၊ စသဖြင့် သူ့အကြောင်း ပြောသံကြားရသည်။

ဟုတ်သည်။ မိုးလင်းလာလျှင် ရေမိုးချိုး၍ အလှပြင်မည်။

http://myanmarpyithar.net
မြန်မာ့ရွှေအိမ်

## ၁၄၆ ကြည်အေး

မျက်ခုံးမွှေးကို နက်နေအောင်ဆွဲမည်။ ပြီးတော့ ထမင်းချိုင့်ပြင်ကာ ရုံးသို့သွားမည်။ ညနေကျတော့ ပြန်လာပြီး ရေတစ်ထပ်ချိုး။ အိမ်သားများနှင့် စကားဝိုင်းဖွဲ့မည်။ စကားဝိုင်းများတွင် သူ့အသံသည် အကျယ်ဆုံးဖြစ်ကာ သူသည် ရယ်စရာအပြောတတ်ဆုံးလည်း ဖြစ်လေသည်။ စကားက ရယ်စရာ တယ်မကောင်းတောင် သူ့ဘာသာသူ သဘောကျကာ ပလုပ်ပလောင်း ရယ်စရာအပြည့်ငုံထားမိသော ပါးစပ်လေသံနှင့် ပြောတတ်ရကား နားထောင်ရသူတို့လည်း အလိုလို အူမြူးလာလေတော့၏။

ထို့ကြောင့် စိတ်မချမ်းသာသော အပျိုအရွယ်ကလေးများ တွေ့လျှင် 'ဟဲ့. . . ငါ့လို အပျိုကြီးလုပ်ကြဟဲ့. . .' ဟု ပြောချင်သည်။ ထို့နောက် ဘဝ၏ ပျော်စရာကောင်းပုံကို ကျိုက်ထီးရိုးဘုရားဖူးသွားသော ဥပမာဖြင့်ပြသည်။သူသွားခဲ့သော ခရီးမှာတော့ ထူးခြားလှခြင်းမရှိ။ စွန့်စားခန်းမပါ။ သို့သော် ရယ်မောခြင်းအပြည့်ဖြင့် သွား၍ ရယ်မောခြင်းအပြည့်ဖြင့် ပြန်လာသောကြောင့် ပျော်စရာစင်စစ်ဖြစ်တာ အမှန်ပင်တည်း။

ရွှေစက်တော်ကို ရောက်ဘူးချင် သေး၏။ ညီမလေး ကျောင်းပိတ်မှ ရုံးမှခွင့်ယူပြီးသွားမည်။ ပျော်စရာ သိပ်ကောင်းမည်ထင်သည်။ တကယ်ပျော်စရာ မကောင်းတောင် ကိစ္စမရှိချေ။ လူမှာ အသည်းနှလုံးသာ အရေးကြီးသည်ထင်၏။ အပျော်အရွှင်ကို ရှာသော အသည်းနှလုံးက အပျော်အရွှင်ကို တွေ့လိမ့်မည်။

စက်သေနတ်ပစ်တုန်း၊ ဗုံးကြဲတုန်းတော့ သမ္ဗုဒ္ဓေ ရွတ်လိုက်တာပေါ့။ ဘေးကင်း ဥသြမှုတ်တော့လဲ တွင်းထဲက ထပြီး ဖက်ရှင်အောင်ငွေ အငြိမ့်ကို ကြည့်မည်။ ဂျပန်ခေတ်ကို သတိရလိုက်တာ။ အဲဒီတုန်းက အပျော်ဆုံးပဲ။

ထိုခဏ၌ ညီမငယ်ထံမှ ရှိုက်သံကြားရ ပြန်၏။ ကောင်မလေး ဘာဖြစ်နေပါလိမ့်။ သူ၏ ယုယကြင်နာသော လက်သည် ညီမလေး၏ မျက်လုံးများကို သွားစမ်းသည်။ မျက်ရည်ကို စမ်း၍မတွေ့၊ ယောင်နေတာ ထင်ပါရဲ့။ စိတ်အနည်းငယ် ပူသော်လည်း အိပ်ချင်ခြင်းကများနေသဖြင့် မျက်စိပင်ဖွင့်၍ မနိုင်။ ခေါင်းထဲမှာ ရိုးတိုးရိပ်တိတ်ဖြစ်လာသည်။

ဟိုဘက်ခန်းမှ တူအရီးနှစ်ယောက် စကားပြောသံကြားရသည်။ တိုးတိုးတိုးတိုးနှင့် ဘာတွေများပြောကြပါလိမ့်။ သူသည် မျက်စိအနည်းငယ်ဖွင့်လို့ရလာသည်။ နားစွင့်ထောင်သည်။ စကားလုံးများ ဘယ် ပီသ,နိုင်မလဲ၊ မြှော်လင့်ကောင်းသည်လည်းမဟုတ်။ သို့သော် မိမိတို့ ညီအစ်မနှစ်ယောက်၏ အတင်းကို ချမည်ထင်သည်။ အဒေါ်လုပ်တဲ့ မိအိုးမက ခပ်စွာစွာနဲ့တူရဲ့။

ထိုတူအရီးနှစ်ယောက် အဝတ်အစား တောကျပုံကို ညီမနှင့် ပြောချင်သည်။ ခါတိုင်းလို ဆိုလျှင်တော့ ပြောဖြစ်အောင် ပြောမည်ဖြစ်လေ၏။ ယခုတော့ ပင်ပန်းနေတာလည်းရှိသည်။ ကြည့်ချင်သည့်ပြဇာတ်ကို တကူးတကန့်လာ၍ ကြည့်ရသည့်

http://myanmarpyithar.net
ယွန်းရွှေအိမ်

အတွက် ကျေနပ်ကာ လောကကြီးနှင့် ခါတိုင်းလိုပင် သင့်မြတ်မြဲ သင့်မြတ်လျက်ရှိရာ သူတစ်ပါးအကြောင်းပြောခြင်းဟူသော အပို ဆာဒါအရသာကို မစုံမက်လှတော့ပြီ။ ပြီးတော့သူသည် အတင်း ပြောရာမှာလည်း မွေ့လျော်လှသူ မဟုတ်။ သူများအတင်းကို ရယ်စရာ လုပ်ပြီးသာ ပြောသည်။

"မမ - အိပ်ပလား" ဟု ညီမကမေးသည်။

အမကြီးသည် အိပ်ပျော်လုလုရှိရာက လန့်သွားသည်။ ကြည့်စမ်းကောင်မလေး မအိပ်သေးဘဲကိုး ခုနသူ့မျက်နှာစမ်းတော့ ပြုံးပြီးနေသည်။

"မအိပ်သေးပါဘူး"

"မနက်ကျတော့ ကိုအောင်ဝင်းတို့ကို စောင့်ပြီးမှ ပြန်မလား"

"ဒါပေါ့ဟဲ့၊ မနက်စာလဲ ဒီမှာပဲ စားရမှာ"

"အိပ်နေလိုက်ကြတာ ညော့သည်ချည်းပဲနော်"

"အင်း. . ."

"ဟို - အိမ်ရှေ့ကလူက ပြဇာတ်ဒါရိုက်တာ မမရဲ့"

"ဟေ . . . ဟုတ်လား၊ ငါဖြင့် မသိပေါင်"

"သိပ်တော်တာပဲနော်"

"အေး. . ."

အေး. . . ဟု ပြောလိုက်ရသော်လည်း အမကြီးသည်

တယ်ပြီး စိတ်မပါလှချေ။ မျက်လုံးလည်း အတော်ကျယ်လာပြီ၊ ခုနက ဂရုတစိုက် မကြည့်လိုက်တာ မှားပြီ။ ဒါရိုက်တာဆိုသူက လူငယ်လား၊ ညီမငယ်က စိတ်ဝင်စားစွာ ပြောသည့်အသံကို ကြားပြင်းကပ်သည်။ မခံနိုင်ပါဘူး၊ ကောင်မလေးက ဒါရိုက်တာတို့၊ စာရေးဆရာတို့၊ သီချင်းဆို သမားတို့ကို အင်မတန်အထင်ကြီးတတ်တယ်။

ခုလိုများ အိပ်ချင်မနေဘူး၊ သူများ အိပ်ရာမှာလည်း မဟုတ်ဖူးဆိုယင်တော့ ဒီလူတွေဟာ အလကားစိတ်ကူးယဉ်သမားတွေဆိုတာကို တရားဟောချင်သည်။

"ညည်းခုန ငိုနေသလား"

ညီမက ဘာမှမပြောချေ။

"ဘာဖြစ်လို့ ငိုနေတာလဲ"

"မမရယ် ကိုလေးသေပြီးကတဲက ဒီလိုပဲ ငိုနေကြရတာပဲ မဟုတ်လား" ဟု ညီမငယ်က ညည်းသည်။

အမကြီးသည် ယုံရမလား၊ မယုံရမလားတွေး၏။ ပြီးတော့ ဘာပဲဖြစ်ဖြစ် စိတ်မချမ်းသာစရာကို ခေါင်းထဲမှာ ကြာကြာမထားချင်၊ သူများကိုလည်း မထားစေချင်ရာ "အိပ်ခါနီးမှာ စိတ်မချမ်းသာစရာတွေ မတွေးပါနဲ့ အေ၊ သေခြင်းတရားဆိုတာ ဘယ်သူမှ လွတ်နိုင်တာမှ မဟုတ်ဘဲ" ဟုပြောလိုက်၏။ သို့သော် သူ့အသံလည်း ဝမ်းနည်းခြင်း အဖျားခတ်ကာ အဆုံးသတ် တိမ်သွားသည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

"ကျမက ကိုလေးသေတာကို မဝမ်းနည်းတာမဟုတ်ဖူး"

"ဒါဖြင့် ဘယ်သူသေလို့လဲ၊ ညည်းရည်းစားလား"

သူဒေါချက်ခြင်းပွပြီးမေးပြန်သည်။

"အော်. . ခက်လိုက်တာ။ သူသေလို့ မဟုတ်ဖူး၊ သေရတဲ့ အဖြစ်ကို ပြောမဟုတ်ဖူး၊ သေဖို့ ဖန်လာတဲ့ အကြောင်းရင်းကို ပြောတာ"

အမကြီးသည် နားမလည်နိုင်ချေ။ သည်ကောင်မလေးသည် စကားကြီးစကားကျယ်များ ပြောတတ်သည်။ ပြီးတော့ သူ့စကားကို ဆုံးအောင် နားမထောင်ဘဲ၊ နားလည်အောင် မစဉ်းစားဘဲ မိမိက အရင်ဦးအောင် မှတ်ချက်ချတတ်ရကား ညီအစ်မနှစ်ယောက်သည် ဘယ်တော့မှ စိတ်ချင်း မနီးစပ်ချေ။

"မမ-မသိပါဘူး မမရယ်"

သည်တော့မှ အမကြီးသည် စိတ်ဆိုးကာ ညီမကို ဆောင့်ဆောင့်ကျောပေး၍ မျက်စေ့နာနာပိတ်လိုက်ရာ ခဏချင်းတွင်ပင် အိပ်ပျော်သွားလေတော့သည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

(၃)

အမကြီး အိပ်ပျော်သွားသည့် အချိန်ထိ ညီမငယ်သည် စိတ်ထဲက ထပ်တလဲလဲပြောလျက် ရှိလေသည်။ မမ - မသိပါဘူး မမရယ်၊ မမ - မသိပါဘူး မမရယ်။ သိအောင်လဲ ပြောမပြချင်ပေ၊ ဘာအကျိုးကျေးဇူး ရှိမှာမို့လဲ။ ပြီးတော့ အမကြီးကလည်း နား ထောင်ချင်မည့် စကားမျိုး မဟုတ်၊ မသိသော အရာတစ်ခုကို မသိလိုက်မသိဖာသာပင် အဆုံးသပ်လိုက်စေခြင်းက ကောင်းသည် ထင်သည်။

စောစောကတော့ သူသည် မျက်ရည်မဆည်နိုင်ရှိလေ သည်။ အများက ရိုးရိုးရေနစ်၍ သေသည်ဟုထင်ကြသော ကိုလေး ၏ အဖြစ်ကို မခံချိဖြစ်မိသည်။ ကိုလေးမြတ်နိုးခြင်း၏ တည်ရာ ပြဇာတ်မင်းသမီး ခင်မာ ကိုလည်း နီးနီးကပ်ကပ် ကြည့်ခဲ့ရလေပြီ။ မိမိကိုယ်တိုင်လည်းတစ်ဝက်တစ်ပျက်မျှသာ ရိပ်မိရသည့်ဇာတ်လမ်း

http://myanmarpyithar.net

သည် ယခုတော့ လူတိုင်း ရှုစရာ၊ ဥပမာပြပါမည်ဆိုသည့် အလား ဇာတ်ခုံပေါ်ထ၍ ကပြကြရသော အစ်ကို့အတွက်လည်း နာသည်။ သို့သော်လည်း တကယ့်အလွမ်းဇာတ်ပါပေပဲဟု ကြေကွဲဝမ်းနည်း ရခြင်းမှာလည်း အရသာပေါ်သည်။

သူ့မျက်စိထဲတွင် မဖျောက်သာအောင် စွဲနေသည့် အခန်း တစ်ခန်းမှာတော့ ဇာတ်လိုက်မင်းသားရေနစ်နေစဉ်ကို ခင်မာ က လှေပေါ်မှ လက်ပိုက်၍ စိမ်းစိမ်းကြည့်နေသည့် အခန်းပေတည်း။ ဇာတ်စင်ပေါ်တွင် ရေစပ်ကမ်းစကလေးကိုသာ ပေါင်းမြက်ရှုပ်ရှုပ် နှင့်မြင်ရသည်။ ကမ်းစပ်ကို ဘေးတိုက် ကပ်ထားဟန် လှေပဲ့ပိုင်း တစ်ခြမ်းထဲကိုသာမြင်ရသည်။ လှေပဲ့ပိုင်းတွင် တက်မကို တင်းတင်း ဆုပ်ကာ ခင်မာထိုင်သည်။ ရေနစ်နေသော ဇာတ်လိုက်မင်းသား ကို မမြင်ရ။ ဝလုံး ဝထွေးအော်သံသာ ကြားရသည်။ အောက်ပုံက တော့ "ခင်ရေ. . . ခင်" ဟု အော် သလိုပါပဲ။ သို့သော် ဖြစ်ပျက်ပုံ အလုံးစုံကို ခင်မာ က အမူအရာနှင့် အားလုံးဖော်သွားသည်။ ရက်စက်ချင်ဟန်နှင့် နှုတ်ခမ်းထောင့်ကလေး ကော့ဟန်၊ သို့သော် ရှိုက်သံ တစ်ချက်က နှုတ်ခမ်းများကို လျော့ပြေစေဟန်။ မီသေး သလား၊ နောက်ကျသွားပြီလား၊ ကြည့်မြဲဘဲ ကြည့်နေရမလား ဝေခွဲမနိုင်ဟန်။ နောက်ဆုံးတော့ ဘဝမှာဘာတစ်ခုကိုမှ မမူတော့ဘဲ ဖြစ်ပျက်လာသမျှကို မျက်လုံးအကြောင်သားနှင့်သာ ကြည့်နေဟန်၊ ထိုခဏမှာရေနစ်သူ၏ နောက်ဆုံးညည်းသံနှင့် ပလုံစီထသံတို့ကို

http://myanmarpyithar.net

ဆိုင်းဝိုင်းဆီက အခိပ်ပွါယ်ဖော်လိုက်စဉ် ခင်မာ သည် ကမ်းပေါ် ခုန်တက်လိုက်ပြီး ရှုံ့နှံ့တောထဲထိုင်ချ၍ မျက်စေ့စုံမှိတ်ကာ ဘုရား ရှိခိုးသည်။

အင်းစိန်မှ ညီမငယ်သည် ဘေးမှလူများကို ဂရုမစိုက် တော့ဘဲ မျက်ရည်များ စီးဆင်းလျက်ရှိသည်။ ရင်မှာလည်း ကြည်နူးပြီး ဟာလျက်ရှိသည်။ ကိုလေးကိုတော့ ကိုးကွယ်ခဲ့သည့် အချစ်နတ်ကပဲ ဖမ်းစားသတ်ဖြတ်ခဲ့ပြီဟု ဆိုချင်သည်။ သေတာပဲ ကောင်းပလေရဲ့၊ ရှင်နေတော့ကော ဘာထူးအုံးမှာလဲ၊ ဒိုင်ယာရီ ထဲတွင် ကိုယ့်စိတ်ဒုက္ခကို နေ့စဉ် ရေးချဘို့ မဟုတ်လား၊ သူတို့ မောင်နှမသည် ဒိုင်ယာရီထား၍လဲဖတ်လေ့ရှိခဲ့၏။ သို့သော်သူတို့ နှစ်ယောက်လုံးပင် အရွယ်ရောက်လာပြီး လျှို့ဝှက်စရာများ တွေ့ လာသော်၊ ဒိုင်ယာရီကို ကိုယ်စီဖွက်ကြလေတော့သည်။ သို့သော် တစ်ယောက်၏ ဒိုင်ယာရီကို တစ်ယောက်ဖတ်ချင်နေကာရှာဖွေပြီး ခိုးဖတ်ကြလေသည်။ လျှို့ဝှက်သည့်ကိစ္စများ (ရည်းစားထားသည့် ကိစ္စများ) ကို သိကြရသော် တစ်ယောက်ကိုတစ်ယောက် စိတ်ဆိုး ကြသည်။ သို့သော်လည်း ခိုးဖတ်ကြသည်ကို ပေါ်မည်စိုး၍ မသိ ချင်ယောင်ဆောင်နေကြလေသည်။ တစ်ယောက်က တစ်ယောက် အကြောင်းကို ကောင်းကောင်းသိရပြီကောဟု ကြိမ်းသည်။ ကိုယ့် အကြောင်းတော့ ကိုယ်လုံလှပြီဟု ထင်ကာ စိတ်အေးလျက် ရှိကြ လေတော့၏။

http://myanmarpyithar.net

စင်စစ်တော့ အစ်ကိုဖြစ်သူက ပို၍ စိတ်ဆိုးလေသည်။ ညီမငယ်ကမူ ရယ်လည်းရယ်ချင်၊ သဘောလည်းကျတာက ပိုများသည်။ သူသည် အစ်ကိုကို ဆရာတင်ကာ ကိုးကွယ်ခဲ့သူဖြစ်လေရာ ကိုယ့်ဘုရား၏ မယားဘက်ပါပုံကလေးတွေ တွေ့ရ၍ စိတ်ပျက်သလိုလိုလည်း ဖြစ်သည်။ ယခုပင်ချသည့် ပင်ရေကျ ပုဇွန်ဆိတ်ခုန်ကို တဝသောက်မိသည့်ပမာ ချစ်ရကောင်းမှန်းသိသည့် အရွယ်မှာ ဒရောသောပါး ချစ်ချင်စိတ်ဖြင့် မူးယစ်မွေ့လျော်သော အဖြစ်ကိုလည်း ရွယ်တူ စိတ်တူချင်းမို့ တန်ဖိုးမြင့်စွာ ထားသည်။

ကိုလေး၏ ဒိုင်ယာရီတစ်မျက်နှာတွင် ရေးထားသည်မှာ-

**"ပုံခိုင်းရရင် မုန်တိုင်းကျတဲ့ ညတစ်ညပေါ့ မာရေ့ - မင့်အသည်းနှလုံးလေးက နွေးကို မနွေးတတ်လို့ ဆိုယင်တော့ ရှိပါစေတော့. . . .**

**အခုတော့ ငါ့အပေါ် အေးသလောက် သူ့အပေါ်မီးလိုတောက်တာ ငါ့အရိုးထဲက နာလွန်းလို့ဟေ့။**

**ဒါပေမယ့် ချစ်တယ် မုန်းတယ် ဆိုတာမျိုးက တိုက်တွန်းကောင်းတာ၊ မြင်ကောင်းတာ မဟုတ်လေတော့ မာ့သဘောပဲ မာရေ့. . .။**

**အရင်တုန်းက လိုများ မိုက်သေးယင်တော့ မင်းရဲ့ တစ်နေရာမှာ အေးပြီး တစ်နေရာမှာ နွေးတတ်တဲ့ သွေးကို သမအောင်နှောမယ်လို့ မင့်လည်တိုင်ဖြူလေးကို ဒါးမြှောင်**

http://myanmarpyithar.net

**နဲ့ဖောက်ပြီး ငါ့လက်ခုပ်နဲ့ ခံချင်လိုက်ချင်သေးတယ်. . . မာ။ ခုတော့ မင်းနဲ့ပဲပြိုင်ပြီး ငါက အေးပြလိုက်ပါ့မယ်။ ရေထဲမှာ ခုနစ်ရက်လောက် ဆက်တိုက်စိမ်လိုက်ယင် အေးသွားတာပါပဲ မဟုတ်လား ကွယ်. . . "**

ထို့နောက်တော့ သူသည် အစ်ကို့ဒိုင်ယာရီကို ရင်တထိတ်ထိတ်နှင့် လှန်ခဲ့လေ့ရှိလေတော့သည်။ ကိုလေးသည် ဒိုင်ယာရီထဲတွင် စိတ်ပျက်ခြင်းကြောင်းချည်းဘဲ ဖွဲ့လာ၏။ ခင်မာ နှင့်လည်း မကြာခဏတွေ့၏။ ခင်မာကို အိပ်မက်များမက်သည်။ အိပ်မက်များသည် အမြဲမှောင်ကာ ယမမင်းနိုင်ငံလို ကြောက်စရာအတိပြီးလေ၏။ ထို့နောက် ဒိုင်ယာရီကို မှန်မှန်မရေးတော့ချေ။ မှတ်မိသေး၏။ ထိုအခါလောက်တွင် ကိုလေးသည် မျက်လုံးများအရောင်ပြောင်းကာ ထူးဆန်းသော ကြည့်ခြင်းမျိုးဖြင့် လူကို ကြည့်တတ်၏။ အိမ်လည်းမြဲလာ၏။ အဝတ်အစား သပ်ရပ်လာ၏။ တစ်နေ့တော့ ရေသွားပြီး ကူးဦးမည်ဟု ပြောသည်။ ကြိမ်သေတ္တာကလေးထဲကိုလည်း အသားညှပ်ပေါင်မုန့်များ၊ ကော်ဖီပန်းကန် နှစ်လုံး၊ သစ်သော့သီးနှစ်လုံးနှင့် ချိုချဉ်များ၊ ဆီးသီးခြောက်များ၊ စပျစ်သီးယိုများထည့်သည်။ ညီမငယ်ကပင် ဟာလဝါ သုံးဆယ်သားခန့် ထည့်ပေးလိုက်ရ၏။ ကိုလေး သူ့ရည်းစားသွားခေါ်မှာပဲ ပျော်ပွဲစားကြမလို့ထင်တယ်ဟုပင် တွေးသေး၏။ သိပ်ပျော်မှာပဲဟု အားကျသလိုလိုပင်ဖြစ်သေး၏။ သို့သော် ညနေကျတော့ ကိုလေးပြန်မလာ

http://myanmarpyithar.net

တော့ချေ။

ကိုလေးမသာချပြီး အင်းစိန်ကို ပြောင်းမလာခင် ပစ္စည်းများသိမ်းဆည်းကြရာ စာအုပ်ကြားထဲတွင် ကဗျာစာရွက်ကလေးများတွေ့ရသည်။

**"တစ်ခါတုန်းကတော့**
**ချစ်အုံးမလိုလို**
**အပြုံးချိုချိုနဲ့**
**စာဆိုမြှော်နေရက်အောင်လား**
**လက်ကလေးကမ်းခဲ့တယ်။**
**စပယ်ဖြူ ဘယ်လိုသင်းပေမယ့်**
**ဧကရီ မြေညီဆင်းပြန်တော့**
**နင်းစရာ ပန်းကော်ဇောပါပဲ. . . "**

ကိုလေး၏ ကဗျာသည် အဆုံးမသတ်ခဲ့ချေ။ သို့သော် သူ၏ အဆုံးမသတ်သော ကိစ္စအဝဝသည် ဆက်လက်၍ အသက်ရှင်နေသေးသည်။ အကြောင်းကား ညီမငယ်က မဆုံးသောကဗျာကို ကျက်၊ မရေးဖြစ်သော ဒိုင်ယာရီစာမျက်နှာကိုလည်း အမိပွါယ်ကောက်ကာ အစ်ကိုတွယ်တာခဲ့သော ခင်မာ ကို သံယောဇဉ်တစ်မျိုးဖြစ်နေပြန်သောကြောင့်ပင်။

ညီမငယ်သည် နကိုက သိပ်ပြီး စိတ်မဝင်စားလှသော်လည်း (ပြဇာတ်မင်းသမီး မဟုတ်ပါလား) ယခုတော့ သိပ်ပြီးတွေ့

ချင်မြင်ချင် စကားပြောချင်သည်။ အစ်ကို သေခါစကတော့ စိတ်နာသည်။ ရွံရှာသည်။ လက်စားချေလိုက်ချင်သည်။ မြွေဟောက်မဟု ဆဲရေးမိသည်။ တဖြေးဖြေးနှင့်အဆွေးနယ် ထိုင်လာသည်လို့ခေါ်ရမလား၊ အဲသလို ဖြစ်လာတော့ အစ်ကို၏ မပို့ဖြစ်သော ရည်းစားစာများ၊ သူ့ရည်းစားဆီက ဝတ်ကြေဝတ်ကုန်ပို့သော ရည်းစားစာများ၊ သူ့ရည်းစားဆီက ဝတ်ကြေဝတ်ကုန်ပို့သော နှစ်သစ်ကူးဆုတောင်းကဒ်ပြားများကို ရှေးဟောင်းပစ္စည်းတူးဖော် ကောက်ရသလို တယုတယသိမ်းဆည်းကာ ထိုအကို့ ဒဏ္ဍာရီပုံဝတ္ထုနှင့်ပင် ဆက်လက်၍ အတူနေထိုင်နေလေ၏။

နောက်ဆုံးတော့သူသည် အသိတစ်ဆင့်က နှစ်ဆင့်ကမ်းကာ" မတော်လိုက်ရတဲ့ ယောင်းမ ကလေးက တွေ့ချင်နေတယ်" မင်းသမီးက မလှုပ်ချေ။ သို့နှင့် တတ်နိုင်သမျှ အောင့်အည်းနေပြီး မအောင့်အည်းနိုင်သည့်အခါတော့ စာတစ်စောင် ရေး၍ပို့လိုက်မိသည်။ စာလည်း ပြန်မလာချေ။ ရောက်မှ ရောက်ပါလေစဟု အောက်မေ့သည်။ ထို့နောက်တော့ ရှက်သလိုလို နာသလိုလို ဖြစ်ကာ သည်အတိုင်း နေလိုက်သည်။

ညနေကတော့ အမကြီးသည် အင်မတန် ပြဇာတ်ကြည့်ချင်နေသည်။

"သိပ်ကောင်းတာပဲဟဲ့ နင်ကြည့်ယင် ကြိုက်မှာ ခါတိုင်း ပြဇာတ်မျိုးမဟုတ်ဘူး၊ မင်းသမီးကလဲ ခင်မာလေ မင်းသားက

http://myanmarpyithar.net

ကိုတင်နွဲ့ပါကော၊ နှစ်ယောက်လုံး ထပ်ထိပ်ကြဲကြီးဘဲ သိပ်ကောင်း တာကွ”

“နေပါအုံးကြည့်ဖြင့်မကြည့်ရသေးဘဲနဲ့ ဘယ့်နှယ် သိပ် ကောင်းနေတာလဲ”

“အော် - သူများက ပြောတာကိုးဟဲ့”

ပြဇာတ်ကြည့်ကြတော့မှပင် “အော်. . . ကိုလေးသေတာ ဒီအတိုင်းနေမှာပါဘဲ” ဟု ယူစွဲမိသည်။ တကယ့်အဖြစ်အပျက်တွေ ပြနေတာပဲ၊ ဒါကြောင့် ကျော်တာကို၊ အမလေး ကြောက်စရာ ကောင်းလိုက်တဲ့မိန်းမ၊ ကိုလေးရေနစ်တုန်းကလဲ ဒီအတိုင်းမျက်နှာ တင်းတင်းနဲ့ ဆင်းမဆယ်ဘဲ ကြည့်နေတာပဲ ထင်ပါရဲ့ ပါးရိုက် ချင်တယ်၊ သို့သော် ခင်မာ၏ မျက်နှာမှာ လှပသည်။ ချစ်စရာ ကောင်းသည်။ မုန်းလို့မရ။

ပြီးတော့ ကိုယ့်အတွက် လူတစ်ယောက် သေသွားရသည့် အဖြစ်မျိုးမှာ ခမ်းနားကြီးကျယ်သည်။ လူဖြစ်ကျိုးနပ်လောက်သည်။ မိန်းကလေးများထဲတွင် အဖိုးအတန်ဆုံးသော ကြွားလုံးတစ်လုံး ပင် ဖြစ်ပေမည်။ မိမိကိုယ်တိုင်လည်း သည်လိုနေရာမျိုး ရောက်ချင် သားပင်၊ သို့သော် သူသည် စိတ်နှလုံး သိမ်မွေ့သည်ဟု ကိုယ့် ကိုယ်ကို ထင်ရကား ခင်မာလိုတော့ ပြောင်ကြီး ကြည့်နေနိုင်မည် မဟုတ်၊ ရောက်ရာကို ထွက်ပြေးပြီး တောနက်ချုံပုတ်မှာတိုးလို့ ငို လိုက်မည်။ ကယ်လို့တော့ မဖြစ်သည်မှာ အမှန်ပင်တည်း။

ကယ်လိုက်လျှင် အလွမ်းဇာတ်မဖြစ်တော့ပြီ၊ (ပြီးတော့ ကိုလေး သေတာကြပြီဖြစ်၍ သည်လို တွေးဝံ့တာပဲထားပါတော့) ထို့နောက် တော့ သူသည် တစ်သက်လုံး ဝမ်းနည်းနေလိမ့်မည်။

သူသည် ညှိုးနွမ်းသော မျက်နှာများကိုမှ အဓိပ္ပါယ်ရှိသည် ထင်လေသည်။ ပြဇာတ်ကို မကြိုက်ဖူးဘူးသည်မှာ သည်လိုကြေကွဲ ခြင်းနှင့်ဆုံးသည့်ပြဇာတ်မျိုး မရှိဘူးဟု ထင်သောကြောင့်ပေတည်း။ ပြဇာတ်ဆိုလျှင် ရယ်စရာများသည်ဟုထင်သည်။ ယခုတော့ ကျေနပ်သည်။ စိတ်က ညှိုးညှိုးပန်းပန်း နိုင်တတ်သည်ထင်သည်။ သို့သော် ကြာရှည်မခံ။ သူတို့အိမ်၊ အပေါင်းအသင်း၊ အသိုင်းအဝိုင်း ရှိသမျှမှာ ပျော်စရာကောင်းသည်။ ဘယ်လိုလုပ်ကြံ ကြိုးစား၍မှ နွမ်းနယ်၍မရ၊ အလွမ်းဝတ္ထုဖတ်၍ မျက်ရည်ကျတာသာ အတတ် နိုင်ဆုံး အနုပညာပေတည်း။ ထို့ကြောင့် အမကြီး အိပ်ပျော်ပြီး မကြာခင်ပင် သူလည်း အိပ်ပျော်သည်။

http://myanmarpyithar.net
မြန်မာ့ရွှေအိမ်

(၄)

ပဲခူးမှ တူအရီးနှစ်ယောက်သည်၊ အိပ်ရာထဲ ချက်ခြင်းဝင်ကြသည်။ သူတို့သည် မျက်နှာချင်းဆိုင်ပြီး လှဲကြသည်မှာ သည်နှစ်အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်း မဆိုင်မိအောင် နေကြသည်မှာ ကြာပြီ၊ မုန်းတီးခြင်း အပြည့်အသိပ်ဖြင့် နေကြသည်။ တစ်ယောက်ကိုတစ်ယောက်ရော ကိုယ့်ကိုယ်ကိုရော မုန်းတီးခြင်းကြီးမားပြင်းထန်စွာရှိကာ တစ်ခါ တစ်ခါတော့ ဘာရယ်လို့မသေချာ ဘယ်သူက ဘယ်သူ့ကိုရယ်လို့ မခွဲခြားတော့ဘဲ ဘဝနှစ်ဘဝသည် မုန်းတီးခြင်းနှင့် လုံးထွေးရှုပ်ပွလျက် ပတ်ချာလည်နေလေတော့၏။

နောက်ဆုံးတော့ သူတို့သည် မုန်းတီးရလွန်း၍ မောလာကြလေသည်။ ကိုယ့်ကိုယ်ကို သနားလာကြသည်။ မုန်းတီးရသည်ဆိုသည်မှာလည်း ကိုယ်ကသူများအပေါ် စိတ်ထားရခြင်း ဖြစ်

http://myanmarpyithar.net
ယွန်းရွှေအိမ်

သော်လည်း ကိုယ့်မှာပို၍မောလှသည်။ မောလှသောကိုယ့်ကိုယ်ကို ပြန်၍သာသနားလာမြဲပင်။ ကိုယ့်ကိုယ်ကို သနားလာသည်နှင့် သူတို့နှစ်ယောက်သည် တစ်ယောက်အပေါ်တစ်ယောက် သနားလာမိလျက်သား ဖြစ်နေပြန်လေ၏။

ထို့ကြောင့် ယနေ့ ညနေတော့ ပါးစပ်က ဘာမှဖွင့်၍ မပြောသော်လည်း တစ်ယောက် ကျေနပ်အောင် တစ်ယောက် လုပ်ချင်စိတ်ရှိကာ ပြဇာတ်သို့လာကြသည်။ နှစ်ယောက်လုံးပြဇာတ်ကို သိပ်မကြိုက်ကြ။ မိုးအလင်းကြည့်ရသည့် ဇာတ်ပွဲများကိုသာ ကြည့်လေ့ ရှိကြသည်။ သို့သော် သူတို့သည် လုပ်စမြဲမဟုတ်သော အလုပ်တစ်ခုကို မလုပ်ချင်ဘဲ လုပ်ခြင်းဖြင့် တစ်ယောက်ကို တစ်ယောက် ကျေနပ်အောင် လုပ်မည်ကြံသည်။

သို့သော်လည်း ပြဇာတ်က ချီးမြှောက်ပြသလိုက်သော အချစ်အတွက် အသက်စွန့်ခြင်း၏ ကြီးကျယ်ခမ်းနားပုံက သူတို့နှစ်ယောက်၏ ညနေက ရည်ရွယ်ချက်ကို နှင်းဆီရိပ်ကလေးလို လွင့်ပါး ပျောက်ပြယ်၍ သွားစေသည်။ နက်မှောင်သော ညပမာ မုန်းတီးသည်းခံခြင်းသာ ကျန်ရစ်ပြန်သည်။

တူမသည် ကတော့ တစ်သက်လုံး မကျေချမ်းနိုင်တော့ဘူး ဟုထင်သည်။ သူစမ်းအိမ် သူစိမ်းများ ရှေ့တွင် "ညည်းကော ဝိုသေးသလားအေ" ဟု မေးရက်သော စိတ်ကို အံ့သြသည်။ နားထဲမှာ ခါးလှသည်။ ရင်နာသည်။ စင်စစ်တော့ငါဟာ ဒုက္ခအကြီး

အကျယ်ခံစားခဲ့ပြီ၊ ကျေနပ်ဖို့ ကောင်းပြီဟုထင်သည်။ နာကြည်းခဲ့ဖူးသူကို ထပ်၍ နာကြည်းအောင် လုပ်ချင်လုပ်ပါ။ ခံနေကျအတိုင်းပင် ခံမည်ဖြစ်သော်လည်း ထိုသို့ တင်းကျိတ်၍ ခံခြင်းသည် တခြားဖြစ်၍ ထပ်မံနာကြည်းခြင်းက တခြားဖြစ်သည်။

သည်နှစ်တစ်နှစ်လုံးပင် တူမသည် ကလေးသည် အိပ်ရာထဲမှာ လဲလျက်နေသည်။ တူအရီးနှစ်ယောက်အကြားမှာရှိသောရန်ပွဲသည် ဖျားနာခြင်းအသွင်ကိုဆောင်၍ သူကလေးကို နှိပ်စက်ခဲ့လေသည်။ ပထမတော့ တူမငယ်သည် စိတ်ကောက်၍ ထမင်းမစားဘဲ အိပ်ရာထဲ မှောက်နေခြင်းကစသည်။ ထမင်းစားပြန်လျှင်လည်း မျက်နှာချင်းဆုံမိသည်။ ပါးစပ်က ပြောဖို့မလို၊ တစ်ယောက်နှင့်တစ်ယောက် သိနေကြသည်။ ထုတ်မပြော သော်လည်း တစ်ယောက်၏ အပြစ်ဆိုသံကို တစ်ယောက်က ကျယ်လောင်စွာကြားသည်။ ထို့ကြောင့် ထမင်းဖြောင့်ဖြောင့်မဝင်ပြီ။ တစ်ယောက်နှင့် တစ်ယောက် မျက်နှာချင်း မဆိုင်ချင်ပြန်တော့ ညအိပ်သည့်အချိန်ကလွဲ၍တစ်ကွဲစီနေကြသည်။ သူတို့ တစ်ကွဲစီစ၍နေကြသောအချိန်သည် ပြင်းပြလှသော ဝေဒနာကိုပေးသည်။ သို့သော်လည်း မာနနှင့်နေကာ ဘယ်သူကမှအလျှော့မပေး၊တူမသည်ကတစ်နေ့လုံးအခန်းအောင်းနေလေသည်။ အိပ်ရာပေါ်မှာ ကွေးကာ မလှုပ်မယှက်နေသည်။ လှုပ်ရှားချင်စိတ်ကိုမရှိ။ ထမင်းစားရေသောက်ဖို့ပင် အပြင်မထွက်ချင်တော့။ သို့လျှင် အိမ်ရှေ့ကြမ်းပြင်ကို လုံးဝ

## ၁၆၄ ကြည်အေး

မနင်းမိသော ရက်များစုပေါင်းကာ သီတင်းပတ်ဖြစ်လာသည်။ သီတင်းပတ်များ စုပေါင်းကာ လဖြစ်လာသည်။ အညောင်းမိလွန်း၍ အိပ်မပျော်ချေ။ စိတ်များသည်လည်း လေလွင့်ခဲ့သည်။ မျက်လုံးများ ကြောင်သလိုပင် စိတ်များလည်း ကြောင်လေ၏။

ထိုအခါ အဒေါ်က တစ်ကိုယ်လုံး ဆတ်ဆတ်တုန်အောင် ဒေါသဖြစ်သည်။ ဆွေမျိုးမတော်စပ်သော သူစိမ်းတရံဆံ ယောကျ်ား တစ်ယောက်ကို ညအိပ်မပျော်အောင် စွဲလမ်းရပါမို့လားဟု မခံချိ မခံသာဖြစ်သည်။ တကယ်တော့ ယခုအရွယ်ထိ ကျွေးမွေးသုတ်သင် ပေးခဲ့ရသူက ဘယ်သူပါလဲ။ ဒင့်. . . မိဘများမျက်နှာကို ဒင်း မမှတ်မိဘူး ဆိုတာက အံ့သြစရာမရှိ။ အဒေါ်ဖြစ်သူ မျက်နှာကို မမြင်နိုင်အောင် ဖြစ်ရတာကို အသည်း နာလှသည်ကွယ်။ သူကတော့ ဘဝ၏ ပြုံးပြုံးပြက်ပြက်လက်လိုက်သည့် ပျော်ရွှင်စရာ လမ်းကြောင်းများကို စွန့်ပစ်ခဲ့ပြီး တူမသည်၏ အရိပ်ပမာသာ အဖြစ်ခံခဲ့သည်။ မိန်းမအဖြစ်နှင့် မွေးဖွားလာခဲ့သော်လည်း မယား မဖြစ်ခဲ့။ မိခင်မဖြစ်ခဲ့။ အဒေါ်သာဖြစ်ခဲ့သည်။ လုပ်ခဲ့သည်။ ဒင်း ကလေးအူဝဲသာအော်တတ်စဉ်က နဖူးဆံစကထွက်သည့် ချွေးကို ပင် တရှိုက်မက်မက် နမ်းခဲ့သေးသည်များ၊ ဒင်း . . . ကလေး တစ်ည အအေးပတ်ကာ ချောင်းတစ်ချက်ဆိုးတိုင်း၊ ကိုယ်က တစ်ချက် အသက်ရှူမှားကာ အိပ်၍မပျော်နိုင်သည်များကို ခုတော့ တန်ဘိုးမထားတော့ပြီ။

http://myanmarpyithar.net
ယွန်းရွှေအိမ်

အဒေါ်သည် သူစိမ်းယောက်ျားကို ချစ်ကြင်ရဲသည့် တူမ အတွက် ကာလကြာရှည် မျက်ရည်ပေါက်ပေါက် ကျပြီးသော် ကြမ်းတမ်းရမ်းကားလိုစိတ်များ ပေါ်လာသည်။ ပွေ့ဖက်ဖျစ်ညှစ် လိုက်လျှင်ပင် နာလေမည်ကို စိုး၍ သူ့ကိုယ်ကလေးကို မထိမခိုက် လက်နှင့်သိုင်းကာ အံကြိတ်ခြင်းဖြင့်သာ ကျေနပ်ခဲ့သူသည် တစ်ခါ တော့ ပါးနားကိုပင် ရိုက်နှက်မိသည်။

"သည်လောက်ပဲ လင်လိုချင်သလားဟဲ့၊ နင့်မှာ ဘာများ ပူပင်စရာရှိလို့လဲ ဒီလောက်အေးအေးနေရတဲ့ဘဝများငါဒီလောက် အကြိုက်ဆောင်ထားရက်နဲ့များ. . . ဟင်. . . "

သို့လျှင် ညတိုင်၍ အိပ်ရာထဲသို့ အဒေါ်လာလှဲလျှင် တူမလေးက ချက်ခြင်းထကာ အိမ်ရှေ့၌ ငုတ်တုတ်ထိုင်ခြင်းများ စလာသည်။ တကွဲစီပျော်အောင် အိပ်၍တော့မရ၊ မတွေးစကောင်း သော ကိစ္စလိုဖြစ်သည်။ အိမ်ရှေ့၌ တူမက အအေးဖြင့် ခိုက်ခိုက် တုန်နေစဉ် အဒေါ်သည် အိပ်ရာထဲ၌ ကိုယ့်ဖာသာ လုံအောင် စောင်မခြုံရက်နိုင်ဘဲ မျက်နှာကျက်ကို စိုက်ကြည့်ကာ တစ်ညလုံး စိတ်သွတ်တွတ်တွတ် ဖြစ်နေသည်။

ချောင်းဆိုးသံများ ဆက်တိုက်ပေါ်လာပြန်သည်။ ရင်ကို မ,၍ အသက်ရှူမှားခြင်းများလည်း နောက်ဆက်တွဲလိုက်ပြန်ချေ၏။ တစ်ဘက်နှင့်တစ်ဘက် လွန်ဆွဲသောကြိုးသည် တင်းသည်ထက် တင်းကာ ပြတ်လုဆဲဆဲရှိနေစဉ် တစ်ညတော့ အဒေါ်သည် မာနကို

http://myanmarpyithar.net

ချိုး၍ အသည်းကွဲခံကာ လျှော့လိုက်သည်မှ - ။

“ညီမလာခဲ့ - ဒီမှာလာအိပ်ချည်”

သို့သော် သည်လိုလေသံမျိုးကို ကြားနေကျမရှိသော သူက ပိုတိုး၍ပင် နာသည်။

“အစ်မပြောစကားနားထောင်လေ. . လာအိပ်ချည်ညီမ”

ထိုအခါ တူမသည်က ကိုယ့်အင်္ကျီကို ကိုယ်ဆုပ်ဆွဲသည်။ ကိုယ့်လက်စုံကို ကိုယ်ကိုက်သည်။ ဒေါသဖြင့် မူးမိုက်ခမန်းဖြစ်သည်။ လိုချင်တာက ငယ်ငယ်ကလို အနားလာ၍ မထိရက်ထိရက်နှင့် ပါးပြင်ချင်း အပ်ခြင်းမျိုး၊ စောင်နှင့်ထွေး၍ အပြင်က နေပြီး ကျပ်ကျပ်ပိုက်ခြင်းမျိုးသာဖြစ်လေ၏။ သည်လိုများဆိုလျှင် အဒေါ်စိတ်ချမ်းသာအောင် ထမင်းကြိုးစား၍ စားပြလိုက်ပါ၏။ မျက်စိမှိတ်၍ အိပ်ချင်ယောင် ဆောင်လိုက်ပါ၏။

အဒေါ်သည်လည်း သူ့ရင်နှင့် အနီးကပ်ဆုံးသော သူ၏ ဖြစ်ပုံကို သိသည်။ ဒေါသဖြစ်ရမည့်သူ စင်စစ်က ဘယ်သူလဲဟု သံသယဖြစ်သည်။ သေချင်လဲ သေပေစီတော့ ကြည့်နေလိုက်တော့မည်။ အမိုက်မျိုးပြုတ်ကရော့၊ မနေနိုင်လို့ ကိုယ်ပါလိုက်သေရမည် ဆိုလျှင်လဲ လိုက်သေလိုက်ရတာက ကောင်းလိမ့်ဦးမည်။ လူနှစ်ယောက်ပင်ဖြစ်သော်လည်း တစ်ဘဝထဲ အတူနေလာခဲ့သူများ ယခုလို တကွဲစီ ဖြစ်ရမည်လောက်တော့ ဘယ်ဟာကမှ မဆိုးဘူး ထင်သည်။ သည်တော့ သေပါစေဟု ဆုတောင်းမည်။ ထိုအတွေး

http://myanmarpyithar.net
ယွန်းရွှေအိမ်

ဖြင့် ရင်သည် ပွင်ခမန်းတုန်လှုပ်သော်လည်း နောက်ဆုံးတော့ ပါးစပ်ကပင် ထုတ်၍ ကျိန်ဆဲသော အခြေသို့ ဆိုက်လေသည်။ အကျိန်ဆဲခံရသူကလည်း သေလမ်းကို ရှေးရှုသည်။

နှစ်ယောက်ပြိုင်၍ ဒုက္ခခံကြသော ညများ၏ နောက်ဆုံး တစ်ညတွင် ရာသီသည် ကြမ်းတမ်းရက်စက်လှလေ၏။ ထိုည သည် အဒေါ်ကအိပ်ရာပေါ် ဆောင့်ကြောင့်ထိုင်ကာ ခန်းဆီး ပျဉ်ချပ်ကိုနားကပ်၍ ထောင်သောညဖြစ်လေ၏။ တူမက အိမ်ရှေ့ ပြူတင်းပေါက်ကို ခေါင်းမှီ၍ အသက်ရှင်နေထိုင်ခြင်း၏ အဓိပ္ပါယ် ကို ရှာမတွေ့ဘဲနေသောညဖြစ်လေ၏။ ညဥ့်နက်လှသော အပြင် ၌ တိတ်ဆိတ်ခြင်းသာရှိသည်။ အိမ်တွင်းမှာတော့ ပရမ်းပတာ လှုပ်ရှားရမ်းခါနေသော ဝိညာဉ်များရှိလေသည်။ တစ်လောကလုံး သေငြိမ်နေသလိုထင်ရသည်။ အကြောင်းကား သူတို့နှစ်ယောက် ၏ တိုက်ပွဲသည် ကြမ်းကြုတ်လွန်းလှ၍ သာမန်လူတို့နားနှင့် မကြားသာသော အသံဗလံများဖြင့် ဆူညံ ပွေလီလှသောကြောင့် ပေတည်း။

ခြေသံမျှပင် မကြားရ၊ ထမီခတ်သံမျှပင် မကြားရဘဲ တူမလေးသည် ခုတင်နံဘေးသို့ရောက်လာသည်။ မှောင်ပြာပြာ တွင် ဖြူရော်နွဲ့လျသော ကိုယ်ဟန်ကို မြင်ရသည်။ မျက်လုံးများ သည် ဆန်းပြားစွာ ပြောင်လက်၍နေသည်။ မျက်ရည်တော့မဟုတ် တန်ရာပါဘူး၊ သူတို့သည် တစ်ယောက်မြင်အောင် တစ်ယောက်ငို

လေ့မရှိကြ။ ငိုလိုက်လျှင် နှစ်ယောက်လုံးသည် ခွေလျော့ပြေကျကာ အရှုံးကြီးရှုံးရမည်ကို ကြောက်သည်။ တူမလေးသည် ညလည်ခေါင်တွင် ပြုံး၍များနေသလိုလို၊ အဒေါ်ကို နူးညံ့သိမ်မွေ့စွာ ကြည့်နေသည်။ အဒေါ်သည်လည်း ရင်ထဲမှ ငိုရှိုက်ကာ စကားစ၍ ပြောလေသည်။

"ပင်ပန်းလိုက်တာညီမ"

တူမက အတန်ကြာတိတ်ဆိတ်နေပြီးမှ. . . ။

"မောတယ် မမရယ်. . ."

မောသူကလေးက တစ်ဖက်သို့ လှည့်သွားပြီး တစ်ခါထဲ အိပ်ရာထဲဝင်သည်။ စောင်ကိုယူမခြုံ၊ ခြေပစ်လက်ပစ် တစ်စောင်းကလေးလှဲသည်။ ယူကျုံးမရနှင့် စောင်ခြုံပေးကာ နဖူးကိုစမ်းလိုက်သော် အေးစက်၍ ချွေးစီးများ ပြန်နေသည်။ အလန့်တကြားနှင့် လက်ဖျားခြေဖျားကို စမ်းပြန်တော့ အနွေးငွေ့ကလေးရယ်လို့မှ မကျန်ချေ။ သတိလစ်ရုံသာ လစ်မှန်းသိသော်လည်း "အမယ်လေး သေတော့မှာထင်ပါရဲ့" ဟု တရှိုက်ငင်ငင် ပြောဆိုမိကာ လက်သီးဆုပ်များကို ရင်မှာကပ်သည်။

တူမကို ပျော်စရာအိပ်မက် မက်ခွင့် မပေးနိုင်သောအဒေါ်သည် ထမင်းလုံးတစ္ဆေခြောက်ခွင့်လည်း ဘယ်ပေးနိုင်မည်လဲ။ အဒေါ်သည် မကုန်ခမ်းနိုင်သော အင်အားကို သုံးပြန်လေ၏။

ထွက်ပြေး၍ မလွတ်နိုင်မှန်းသိသည့်တစ်နေ့၌ တူမကလေး

http://myanmarpyithar.net
ယွန်းရွှေအိမ်

သည် အိပ်ရာကထနိုင်လာလေသည်။ သူတို့သည် မုန်းတီးလာကြသည်။ နောက်ဆုံးတော့ အဒေါ်ကိုယ်တိုင်ပင်လျှင် သည်းမခံနိုင်တော့ဘဲ လွတ်ရာလွတ်ကြောင်းကို ရှာချင်လာလေတော့၏။ နှစ်ယောက်လုံးပင် ခွဲခွာလိုကြ၏။ နှစ်ယောက်လုံးပင် မခွဲခွာနိုင်ကြ။

သည်ညအဘို့တော့ စိတ်ပျက်ခြင်းက အကြီးအကျယ်ဆုံးဖြစ်လေ၏။ ဖြစ်ချင်ရာဖြစ်ဟူသော သဘောမျိုးလည်း ထားကြလေ၏။ ထို့ကြောင့် မျက်နှာချင်းဆိုင်၍ လှဲကြသည်။

ခေါင်းအုံးနှင့် ပါးပြင်ကပ်မိသည့်အခါ တူမက စေ့ကျပ်ထားသော ပါးစပ်ကို ဟပေးလိုက်ကာ ရှိုက်လိုက်ခြင်းနှင့်အတူ နေကောင်းပြီးစမို့ ဘာမှပြော၍ မထွက်ခဲ့ရသော အဒေါ်ကလည်း "ညည်းသေသွားယင်ကောင်းမယ်ညီမရယ်" ဟု သွားစေ့၍ ဆိုသည်။

တူအရီးနှစ်ယောက် စကားများကြသည်။

"ဘယ်သူက မသေချင်လို့လဲမမ၊ အဲဒီတုန်းက ဘာဖြစ်လို့ ဒီအတိုင်း ကြည့်မနေလိုက်သလဲ၊ ဘာဖြစ်လို့ ဆေးဆရာပင့်သေးလဲ သေလဲငရဲ ရှင်လဲငရဲပါဘဲ မမ မထူးပါဘူး"

"ကောင်းပါပေရဲ့ အေ. . . ညည်းကတော့ ငါနဲ့ နေရတာ ငရဲခံရသလို အောက်မေ့တာပေါ့၊ ငါ ကျွန်ခံခဲ့ရတဲ့ အကျိုးက တော့ ဒါပါပဲ၊ ငါကတော့ ဒီလိုဖြစ်ရလိမ့်မယ်လို့ ဘယ် တွေးမိပါ့ မလဲ၊ ဟုတ်ပါတယ် ညည်းကတော့ ညည်းအကောင်နဲ့ နေရမှပဲ နတ်ပြည်လို့ထင်တော့မှာပဲ၊ အေးလေ တစ်နေ့တော့ သိလိမ့်မယ်၊

ညည်းရဲ့ နတ်ပြည်က တကယ်တော့. . .”

“အို. . . တော်ပါတော့မမ၊ မလိုပါဘူး၊ အရင်ကပြောခဲ့သမျှနဲ့ကို လုံလောက်ပါတယ်။ မမစကားတွေ ကျမဘယ်မေ့မှာလဲ တကယ်တော့ ညဦးက ဟိုမိန်းမတွေ ရှေ့မှာ ပြောလိုက်တဲ့ဟာတောင် အင်မတန်ပိုနေပါသေးတယ်၊ ပိုနေပါသေးတယ်၊ ကျမမှာ ထူးပြီး နာစရာမရှိတော့ပါဘူး၊ ဒီထက်ပိုပြီးနာရယင်လဲ သေရချည်ရဲ့ မမ. . .”

“ဒီလိုလေး . . . နာရမှာက ငါပါ ညီမရဲ့၊ ဘယ်သူက အစာဝတော့ ဌာနပြန်တာတုန်း၊ ဘယ်သူက ကျေးဇူးရှင် ရင်ပတ်ခြေနဲ့ကန်တာတုန်း”

“တော်ပါတော့မမရယ် ကျမရန်မဖြစ် ချင်ပါဘူး၊ ဒါပေမဲ့ ကျမ အို-ကျမများ ဒီထက် နဲနဲကလေး ပိုလို့ မိုက်ယင် လင်နောက်လိုက်ပြေးတာကြာလှပြီ”

“ပြေးပါလားအေ့ ဘာဖြစ်လို့ မပြေးတာလဲ. . . ညည်းကို ကျုပ် အထုပ်အပိုးတောင် တစ်ခါပြင်ပေးပြီးပြီကော. . .”

တူမဖြစ်သူက နှုတ်ခမ်းများကို လျှာနှင့် သပ်သည်။ သို့သော်လည်း ထိုအထုပ်အပိုးပြင်ပေးသည့်အခါကပင် အဒေါ်က မတ်တတ်ရပ်နေသော တူမ၏ ဒူးခေါင်းများကို ပွေ့ဖက်ကာ ဆံပင်ဖားလျားကျသော ခေါင်းကိုစိုက်၍ ငိုခဲ့သည်ကို သတိရသည်။ မိမိ၏ မျက်ရည်များလည်း ရင်ဘတ်ပေါ် တစ်ပေါက်ပေါက် ကျ၍

http://myanmarpyithar.net
ယျွန်းရွှေအိမ်

အကျီပင် ရွှဲစိုလေ၏။

သည်အကြောင်းကို ပြောလိုက်လျှင် အနိုင်ရမည်ကိုသိပါ၏။ အဒေါ်ရင်ကွဲမည်ကို ပို၍ သိသည်။ ထို့ကြောင့်မပြော၊ ညှာလိုက်၏။ ပြီးတော့ အဒေါ်၏စကားသံကလေးမှာ တုန်လှုပ်ခြင်း အပြည့်ဖြင့် ငိုသံပါနေသည်ကို သိသည်က ကျေနပ်စရာကလေး တစ်ကွက်ဖြစ်လေသည်။

တူမက ဘာမှ မပြောဘဲ ငြိမ်နေသည့် အတွက်လည်း အဒေါ်က ကျေးဇူးတင်လေသည်။ တကယ်တော့ ပြောနိုင်လျက်နှင့် ညှာလိုက်သည်ဆိုတာကို သိသည်။ ထို့ကြောင့် ကျေနပ်ကာ တစ်ပြန်ပြန်၍ ညှာပြီး ပါးစပ်ဖျားမှာ ပြောချင်နေသောစကားကို သိမ်းဆည်းလိုက်သည်။

သူပြောချင်သည့် အကြောင်းမှာတော့ ညဦးက မိန်းမငါးယောက် အိမ်ရှေ့စားပွဲတွင် ကော်ဖီသောက်စဉ်က တူမကလေး တိတ်တဆိတ်ငိုသည့် အကြောင်းပင်တည်း။

ပြဇာတ်မှာတုန်းက သူကလေးမ ငိုသည်ကို သိသည်။ တစ်ချိန်လုံး အနားကပ်၍ အကဲခတ်နေသည်။ ပြဇာတ်ထဲက လုပ်ကိုင်သမျှသည် သူ့အဖို့ ဒေါသမုန်တိုင်း ထန်ချင်စရာချည်း ဖြစ်လေ၏။ သူကလေးများ ကိုယ့်ဆီက တစ်ခါတည်းထသွားတော့မည်ဟု ထင်သည့်အခါထင်ကာ တူမ၏ သေးသွယ်ပိန်ပါးသော အသားအရေဖြစ်စ လက်မောင်းအိုးကို ဖမ်းကိုင်ဆုပ်ယူမိသည်။

မလွှတ်တော့ချေ။ ဒင်းအကောင်များ စနည်းနာပြီး လိုက်လာလေ မလားဟု ပူပင်သည်။ ပြဇာတ်ရုံတစ်ရုံထဲ အမိုးတစ်မိုးအောက်ထဲမှာ တူမနှင့် တူမကချစ်သည် အတူနေလိုပါသည်ဆိုသောသူ အတူရှိနေမည်ကို တွေးပင်မတွေးရဲ။ မိမိစိတ်တွေ ဂနာမငြိမ်နိုင်သလိုပင် သူကလေးလည်း ပြဇာတ်ကြောင့် ထိခိုက်ရသည်ကိုတွေ့သည်။ တူမလေးက ငြိမ်ကာ စိုက်ကြည့်နေပြီး နောက်ဆုံးတော့ ဘာကိုမျှမမြင်နိုင်၊ ကြောင်တောင်ကန်းမျက်စိများဖြင့် ပေါ်လာသမျှကို ကြည့်ကာ စိတ်က နစ်မြောနေသည်ကို သိရသည်။မှားပြီ။ ပြဇာတ်ကြည့်မိတာ မှားပြီဟု ကိုယ်ကိုယ်ကိုလည်း အပြစ်တင်သည်။ အိမ်ကိုသာ ထပြန်ပြေးချင်သည်။ နောက်ဆုံးတော့ သည်ဒုက္ခများ၏ အကြောင်းရင်းခံ မိန်းကလေးကိုသာ အသေသတ်ပစ်လိုတော့ကာ တစ်ချိန်လုံး ရန်ရှာလိုစိတ်ဖြင့် ကြည့်နေခဲ့သည်။

ကော်ဖီသောက်ကြသော် အင်းစိန်မှ မမကြီးဆိုသူက ငိုရသေးသတဲ့၊ ဖြစ်မှဖြစ်ရပလေ၊ သူ့ကိုယ်ခန္ဓာ ဝဝတုတ်တုတ်နှင့်မှ မလိုက်ဖူး. . .၊ ဒီရွှံ့စရာ ပြဇာတ်အကြောင်းကို မြိန်ရေရှက်ရေ ပြောချေသေးသည်။ ညီမငယ်ကလေးကလဲ တူတူပါပဲ၊ ပြဇာတ်ရူးတွေ. . .။ ဒါ ဘာမှမဟုတ်ဖူး၊ သူတို့ဇာတ်လိုက်ကောင်ကို ကြိုက်နေတာနဲ့ လုပ်သမျှ ဟုတ်တယ်ချည်း ထင်နေတာ။

ဒါဖြင့် လောကကြီးတစ်ခုလုံးကို စိတ်ဆိုးစဉ် ခပ်ငေးငေးနေသော တူမကိုမြင်သည်နှင့် မနေနိုင်တော့ဘဲ၊ "ညီးကော

. . . ငိုသေးသလား” ဟု မေးလိုက်မိသည်။ ကိစ္စမရှိပါ။ ရှိုင်းတယ်-ယဉ်တယ်-စသည့် စည်းကမ်းများသာ ဒီလောက်စိတ်ဒုက္ခ ဖြစ်ရသူများအဖို့တော့ အပိုစည်းစိမ်ခံရာ ပစ္စည်းလောက်သာ အရေးကြီးပါပေတယ်။

နောက်တော့မှ သိသည်။ တူမကလေးသည် ပါးစပ်ကစကားပြောလျက်၊ နှုတ်ခမ်းများကော့၍ ပြုံးလျက်က၊ မျက်ရည်ပေါက်ကြီးများ ကျနေသည်။ တတ်နိုင်ပါပေရဲ့၊ အသံလည်းတစ်ချက်မတုန်. . .၊ နှုတ်ခမ်းဖျားကလေးမှ ပုံမပျက်၊ သူ့မျက်ရည်ပေါက်များက ကော်ဖီပန်းကန်ထဲကျကုန်သည်။ တစ်ပေါက်နှစ်ပေါက်က ပါးပြင်ဘေးမှ ကော်ဖီပန်းကန်ကိုင်ထားသောလက်မောင်းပေါ် ကျသည်။ သူမျက်ရည်များသည် မီးရောင်မှာလက်၍ မြင်လောက်စရာပင်ဖြစ်သော်လည်း အင်မတန်အစွမ်းသတ္တိနှင့် ဣန္ဒြေဆောင်ကာ ပြုံးရယ်၍ အခြေမပျက်နေပုံက ချီးမွမ်းလောက်သည်။ မျက်ရည်ကိုမြင်၍မှ မျက်ရည်ဟုထင်နိုင်စရာမရှိ။ ဘယ်သူမှလည်း မထင်ခဲ့ဘူးလေ။

သို့သော်၊ အဒေါ်စိတ်ထဲက ယခုလို ချီးမွမ်းမိနေစဉ်မှာတူမကလေးသည် ကိုယ့်မျက်ရည်အတွက် ကိုယ်ရှက်၍နေသည်။ သူမျက်ရည်ကျခဲ့သည်မှာမှန်သည်။ ပြန်တွေးလျှင် ရှက်စရာကောင်းလောက်အောင်ကို ဘဝမှာ ငိုယိုခဲ့ရသည်။ ငိုတိုင်းပင်ရှက်ရသည်။ မာနကျိုးရသည်။ ပို၍ စိတ်ဆင်းရဲဖြစ်ခဲ့ရသည်။

သည်တော့ မငိုပါဘူးဟုတင်းခဲ့လေ၏။ ထိုနောက် စိတ်ကြီးဝင်ကာ နာကြည်းသူများ၊ ဝမ်းနည်းသူများကို ကြင်နာချင်သေးသည်။ နားလည်ချင်လာသည်။ နှစ်သိမ့် လိုက်ချင်သည်။ လူ့ဘဝကို စိတ်ချမ်းသာခြင်းနှင့်သာ တိုင်းထွာချင်လေသည်။ ညနေကပြဇာတ်မှာတော့ သူသည် ဝေဒနာနှစ်မျိုးကိုမြင်ခဲ့လေသည်။ ဆင်းရဲခြင်းကို စိမ်းစိမ်းကြည့်ရသည့်ဝေဒနာနှင့် ဆင်းရဲခြင်းကို ကိုယ်က ခံပြရသည့် ဝေဒနာပင်တည်း။ ငါနှင့် မမဖြစ်ပုံနှင့် တူလေခြင်းဟု သတိရသည်။ ဘဝ၏အနက်မထင် ဟန်သည် ပြန်၍လာပြန်သည်။ ချစ်ခြင်း၊ မုန်းခြင်းဟူသော လေးလံလှသည့် ဝန်ထုပ်ကြီးဖြင့် မွေးကထဲက အဖိခံခဲ့ရပါသည်တကားဟု အဒေါ်ဖြစ်သူကို စိတ်ဆိုးပြန်သည်။ နောက်ဆုံးတော့ ဖော်ပြခြင်းငှာ မတတ်နိုင်သော စိတ်မချမ်းသာခြင်း ဖြစ်လာကာ မျက်ရည်များ လျှံဝေ၍ကျသည်။

မျက်ရည်ကြားက မာနကကွဲသည်။ ကြည့်ပါအုံး. . . ဖြစ်ရတဲ့ဘဝများ။ ကိုယ့်မျက်ရည်တောင် ကိုယ်အောင့်နေရပါပြီကော၊ မျက်ရည်များသည် ကော်ဖီနှင့်ရော၍ သွားသည်။ ရှက်လိုက်တာ၊ သို့ပေမယ့် . . . ဒါ-ဒါ နောက်ဆုံးဘဲကွဲ့ နော် . . . နေခြည်မရောက်သော်လဲ နှင်းရည်တော့ မသောက်ပြီဘူး။ တော်ပါသေးရဲ့၊ အဒေါ်ဖြစ်သူတောင် မျက်ရည်ကို မမြင်မိဘူး။

သို့လျှင် သူတို့သည် မောလည်းမော၊ ကျေနပ်ခြင်းလည်း ကိုယ်စီဖြစ်ကာ အိပ်ရာမှ လူးလှမ့်ပြီး မျက်စိကြောင်နေပြီးမှ

http://myanmarpyithar.net
ယွန်းရွှေအိမ်

တဖြည်းဖြည်း အိပ်ပျော်ကြသည်။ သန်းခေါင်ကျော်လေပြီ၊ ခုန ကပင် နာရီပြန်နှစ်ချက်တီးသွားသည်။ သူတို့သည် ခြောက်ခြား ကာ အိပ်မက်များတော့ မက်လေသေးသည်။

http://myanmarpyithar.net
ယွန်းရွှေအိမ်

(၅)

သူသည် အနှစ်တစ်ရာလောက် နေခဲ့ရပြီ-ဟု ပြဇာတ်ဒါရိုက်တာက ထင်၏။ သို့သော် လွန်ခဲ့သောလက နှစ်ဆယ့်သုံးနှစ် ပြည့်ခဲ့ရုံသာရှိသေးသည်။ သူ့ကို သုံးဆယ့် နှစ်နှစ်လောက်ရှိပြီဟု အများတကာက ထင်ကြသည်။ သူကတော့ စိတ်ထဲ၌ အိုမင်းလှလေပြီ။ လူဘဝမှာ နေလိုက်ရတာ အတော်ဝပါပြီဟုထင်သည်။ ယခုတော့ ပျင်းလှသည်။ တစ်ခါတစ်ခါ ပျင်းလွန်းတာနှင့်ပင် ကိုယ့်အသက် ကိုယ်စီရင်မိမှာစိုးရသည်။ လမ်းလျှောက်သွားရင်းနှင့် ပျင်းလာကာ မော်တော်ကားဘီးအောက် လှဲဝင်လိုက်ချင်သည်။ သို့သော်. . . မတ်တတ်နေရာက လှဲလျက်သားဖြစ်အောင် လှုပ်ရှားခြင်းတစ်မျိုး အသစ်လုပ်ဖို့ရာကို ကိုပျင်းလှချေရဲ့။

သို့သော် ကံကောင်းထောက်မ၍ ယခုတော့ သိလာရသည်မှာ ပျင်းပျင်းနှင့်ပင်သူသည် ဆက်လက်၍ နေသွားနိုင်သေး

http://myanmarpyithar.net

သည် ဆိုတာပင်ဖြစ်၏။ သုံးလေးနှစ်တော့ ခံပါလိမ့်ဦးမည်။ ဘာကိုမှ သတိမရဘဲ အမေ့ကြီးမေ့နေအောင် နေတတ်ပြီဖြစ်၏။ သို့လျှင် အရက်ကို ခွက်ဆင့်သောက်ရခြင်း ဖြစ်ပါသည်ဟု သူက တွေ့ရသော မိန်းမငယ်ကလေးများကို ပြောခဲ့လေသည်။ အမြဲတမ်းချည်းသာ သတိရှိနေရမည်ဆိုလျှင်တော့ သူသည် ရူးဘို့သာ ရှိသည်ထင်၏။ ဘာကြောင့်ဆိုတော့ ကိုယ့်ကိုယ်ကို သိမြင်လွယ်လှသည်ဟု ယုံကြည်သည့်သူများကိုလည်း သိမြင်သည်။ မိမိကိုယ်ကိုယ်လည်း သိမြင်သည်။ ကိုယ့်ကိုယ်ကိုတော့ သိပ်မသိမြင်လိုပေ။ သိမြင်လွန်းလှတော့ ဘာပဲလုပ်လုပ် အလိုအလျောက် သဘာဝကျကျ လုပ်ခြင်းမဟုတ်တော့ချေ။ ဟန်ဆောင်၍နေခြင်းလိုလို၊ မရိုးဖြောင့်တော့ခြင်းလိုလို ဖြစ်လာသည်။ မသိ၍ မှားယွင်းရခြင်းရယ်လို့ မရှိတော့။ အပြစ်ရှိသည်ဆိုလျှင် ကိုယ်ကသာ တာဝန်ယူ၍ ခံနိုင်ခွင့် ရလာတော့သည်။ ယခုကြည့်လေ . . . သူသည် မျက်စိနှင့် တပ်အပ်မြင်ဖို့မလိုဘဲ သည်အိမ်ထဲမှာ အိပ်နေကြသော သူတို့၏ လျှို့ဝှက်သမျှကို အကုန်သိသည်။ ဒါကကိစ္စမရှိ၊ မိမိ၏ စိတ်သည် ဘယ်လောက် ပျက်စီးနေပြီဆိုတာကို ကိုယ့်ဖာသာသိရသည်က ဆိုးလှသည်။ ပျက်စီးခြင်းကို ခံမင်ကာ ပျက်စီးခြင်းနှင့် မခွဲနိုင်မခွာရက်ကို ဖြစ်နေပြီ။ သည်အပြစ်ကိုပင် သဘောအကျကြီး ကျနေပြန်တော့ လွတ်မြောက်ရန်လမ်းစ မပေါ်တော့ချေ။ ပျက်စီးခြင်းစခဲ့သည်မှာ နှစ်နှစ်ခန့်ရှိပြီ။ သို့သော် အနှစ်နှစ်ဆယ်ခန့်

http://myanmarpyithar.net
ယွန်းရွှေအိမ်

ကြာပြီဟုထင်သည်။ အကြောင်းကား အနှစ်နှစ်ဆယ်လောက် အချိန်ယူမှသာ ဖြစ်နိုင်သော လုပ်နိုင်သော ကိစ္စများသည် နှစ်နှစ် အတွင်း သူ့အဖို့ဖြစ်လာကြသည်။ သူကလည်း လုပ်ခဲ့သည်။ ထို့ကြောင့် သူသည် မှန်သည်မှားသည် ကောင်းသည်ဆိုးသည်ကို ဖယ်၍ လူတကာထက် နှစ်ဆမကတော့ ကြီးကျယ်သည်ဟုထင်ရ သည်။ သို့လျှင် ပညာအရာ၌ ဇတေဒက်ရသော သာရိပုတ္တရာထေရ်ကို မျက်စိမှေး၍ ကြည့်မြင်မိသည်။ သူသည် ဘာကိုမှ မယုံကြည်တော့ချေ။ ဘုရားဟောသော သစ္စာတရားများလည်း သူ၌ ပျက်ခဲ့၏။ လောက၌ သူ့အဖို့ဘာမှ မကျန်တော့ချေ။

ထိုအခါ မာရ်နတ်နှင့် အဆွေခင်ပွန်း ဖြစ်ဖို့ရှိသော်လည်း မဖြစ်ချေ။ အကြောင်းကား မာရ်နတ်ပင်လျှင် မဆင်ခြင်နိုင်အောင် ဆိုးဝါးယုတ်မာခြင်းကို သူက တီထွင်နိုင်သည်ဟု ထင်သောကြောင့် ဖြစ်လေ၏။ သို့လျှင် ရန်စနှစ်စ၏ အလယ်မှနေ၍ မိုးသီးမိုးပေါက် များ ကျလာသမျှကို ရေတွက်နိုင်လိုခြင်း ပြင်းပြနေလေ၏။ သူ၏ ဝိညာဉ်ကို ပျံ့လွင့်ချင်တိုင်း ပျံ့လွင့်ကာ စကြဝဠာအနှံ့ သွားစေ လေ၏။ အလည်လွန်ကာ ပြန်မလာနိုင်ဘူးဆိုလျှင်လည်း သူက နောက်တွန့်မည်မဟုတ်။

သူသည် ဘာကိုမှ နောက်မတွန့်တော့သော စိတ်လို မရည်ရွယ်ဘဲ အပြစ်ကျူးလွန်မိ၍ ရူးသွပ်မတတ်ယူကျုံးမရ ဖြစ်ရ ခြင်းက စသည်ဟုထင်သည်။ ပြန်၍ သတိရရခြင်းမှာ ကြောက်မက်

http://myanmarpyithar.net

ယွန်းရွှေအိမ်

ဘွယ် ကောင်းသော အချိန်များဖြစ်ခဲ့ဘူးသော်လည်း ယခုတော့ ထပ်တလဲလဲ ပြန်၍ ပြုံးကာ ဝေဒနာကို ရှာသော်လည်း မရနိုင်သောအခြေသို့ ဆိုက်လေပြီ။ မျက်စိထဲ၌ အသေးစိတ်၍ပင် မပေါ်တော့ချေ။ အသည်းထဲ၌ ကွဲရာကြီးထင်နေသလို ဖြစ်သော်လည်း အစုံအစေ့တော့ သတိမရတော့ချေ။ မေ့လေပြီ။

သတိရသမျှ ပြောရလျှင် သူသည် တစ်ခါက အလွန်ငယ်ရွယ်၍ ထိုအရွယ်နှင့်မှ မစပ်ဟပ်သာသော အကြံတစ်ခုကို ကြံသည်။ ထိုအခါကတော့ သူသည် ရှင်လူထွက် စဖြစ်လေသည်။ သက်န်းကို မနိုင်အနိုင်ရစ်ပတ်ကာ သူသည် သုသာန်ဇရပ်ပျက်၌ စမအင်းများချသည်။ သူ့ဝိညာဉ်နှင့် တစ္ဆေများသည် ရောထွေးကာ ကိုယ့်ကိုယ်ကို သေလေသလား၊ ရှင်နေသလား မသိတော့ချေ။ ထို့နောက် သူသည် အဟောင်းအမြင်းများစုပုံပစ်ထားရာ ပင့်ကူအိမ်အမြွေးမြွေးကပ်သည့် ပုဏ္ဏက သုံးနှစ်တစ်ခါတိုက်မြဲဟု ကျော်ကြားသော အခန်းချောင်မှ စောင်းအိုတစ်လုံးကို ပြင်ဆင်၍ တီးလေတော့သည်။ စိတ်မနှံ့သော ကိုရင်ကြီးက သူ့ကို ကြိမ်လုံးနှင့်ဆော်၍ 'တေးလေး ဒျန့်ဒဒူလေ' ရွတ်၍ သင်လေ၏။ ကိုရင်ကြီးကစည်းဝါးကို နားကွဲအောင်တီး၍ သီချင်းဆိုပေးသည်။ (ကျောင်းထိုင် ဘုန်းတော်ကြီး မသိအောင် သူတို့၏ ခိုလှုံရာ သုသာန်ဇရပ်သို့ပင် သွားကြရသည်) ကိုရင်ကြီး၏ အသံမှာ အက်နေသော ကြေးစည်ကို အုတ်ခဲနှင့်ထုသကဲ့သို့ နားမချမ်းမသာဖြစ်

ရလှသော အသံမျိုးတည်း။ တစ်ခါတရံမခံနိုင်လွန်း၍ အိမ်ပြန်ပြေးမည်ကြံလည်း အိမ်၌ မပျော်ပိုက်ချေ။ သူသည် 'ဘုံပျံနေနန်း' ကို တက်စဉ် ကိုရင်ကြီးသည် သုံးလေးရက် ပျောက်သွားပြီး ကိုရင်ပျံအဖြစ်နှင့်သာ ပြန်လာတော့လေ၏။ ထိုအခါမှာ သူ့အဖို့ ဘဝ၌ ပထမဆုံး ရှုံးခြင်းကြီးကို တွေ့ဖူးခြင်းဖြစ်လေ၏။ သူသည် ပူဆွေး၍ လုံးထီးနေခြင်း၏ အဆုံးစွန် ဒုက္ခ၌ မိမိ၏ ငယ်ရွယ်နုပျိုခြင်းနှင့်မှ မစပ်ဟပ်သာသော အကြံကို ကြံသည်။ သို့လျှင် အိမ်သို့ပြန်၌ ကျိတ်ကြံပြီးသော် နှမထွေးကလေးကို ပက်လက်အိပ်စေ၍ စိတ်ညို့သည်။ ကိုရင်ကြီး၏ အက်ကွဲသောအသံသည် ကလေးမ၏ ပါးစပ်မှ ထွက်လာသေးသည်ဟု သူယုံကြည်သည်။ နောက်ဆုံးတော့ နှမထွေးကလေးသည် နကိုသံကိုပါ မပြုနိုင်တော့ချေ။ လုံးဝ ပြန်၍ မနိုးသောကြောင့်ပင်။ သူသည် ပြန်၍မနှိုးတတ်တော့ချေ။ သို့လျှင် ကမ္ဘာပေါ်ရှိ ပေါ်များလှသော သတ္တဝါပုပုရွရွများထဲမှ အသက်တစ်ချောင်းသည် ဖြုတ်ခနဲပျောက်သည်။

ထိုကိစ္စ၏ အနောက်၌ကား သူသည် သာမန်လူတို့နေထိုင်သလို နေထိုင်ခဲ့သည်။ သူ့ကို မိဘများက မြို့သို့ပို့၍ အင်္ဂလိပ်ကျောင်းအပ်သည်။ သူ့ကိုဝိုင်း၍ ကြင်နာမှုပြသည်။ သူ့ဘဝကတော့ ချောက်ချားခြင်းအတိနှင့်ပြည့်တော့သည်။ မိမိ၏ နာကျင်နေသော ဦးနှောက်ကို စာအုပ်များထဲ၌ နှစ်ရသည်။ သို့သော် အတန်းထဲ၌ စာအဖျင်းဆုံးပေတည်း။ ၁၆ နှစ်မှာတော့ ဘယ်လို

http://myanmarpyithar.net

## ၁၈၂ ကြည်အေး

နည်းနှင့်လဲမသိ ဆယ်တန်းအောင်လေသည်။ အိမ်သို့ ပြန်မသွားတော့ချေ။ အလုပ်လည်း မလုပ်ချင်ပေ။ လူမသေသော်လည်း စိတ်သေနေသည်။ အသိမိတ်ဆွေများအိမ်မှာ လှည့်လည် စားသောက်ပြီးနေလေသည်။ ဘဝ၌ ယုံကြည်ခြင်းများ ကင်းသော်လည်း အချစ်တစ်ခုကို ခိုတွယ်ရာဟု ထားသေးသည်။ သို့လျှင် သီချင်းဆိုကောင်းသော ကောလိပ်ကျောင်းသူ တစ်ယောက်၏ ရင်ခွင်၌ လဲလျောင်းသည်။ စိတ်ပြေလက်ပျောက်ဖြစ်ကာ မိုးလင်းလျှင် နေ၏ရွှေဝါရောင်ခြည်များ ပြိုးပြက်သည်ကို ထိုင်ကြည့်လေ့ရှိလာ၏။ ကဗျာများစပ်လာ၏။ သို့သော်သူ၏ အလင်းထိန်ဆုံးသော ကဗျာများကိုပင် သူများတကာက မှိုင်းညှို့လှပါတကားဟု ညည်းကြသော် နားမလည်နိုင်အောင်ဖြစ်ရချေသည်။ ထိုအခါ တစ်ကမ္ဘာလုံးရှိ လူတို့သည် သူ့အဖို့ သူစိမ်းချည်းပဲ ဖြစ်နေလေ၏။

**"ကြင်သူခေါ်က**
**ခေါ်သည်မထင်၊ တော့ပွဲတင်သံ**
**တမင်လှည့်စား၊ ကြားဟန်ထင်မိ**
**မြင်ကြည့်သမျှ၊ မပြီသဘူး**
**တိမ်စ ထုထည်၊ မကိုင်တွယ်သာ. . . "**

သူကတော့ 'ကြင်' ဆိုသည့်စကား သုံးရသည်နှင့်ပင် ပျော့လှပါသည် ထင်သည်။ 'ခေါ်သည်' ဟု ရေးချရသည်ကို အများကြီး ပေးလိုက်ရသည် ထင်၏။ ဘာပဲဖြစ်ဖြစ် လက်များ

http://myanmarpyithar.net

ခြေများ တုန်ခြင်းသည်တော့ အတော်သက်သာသွားပြီးစောင်းတီး လို့ကောင်းလာသည်။

သို့သော် သူ့ကဗျာများသည် ကြမ်းလာသည်။

**'မှောင်ရီညို့ချိန်မှ -**

**ရွှေရင်စို့ကိုတဲ့**

**တို့ချင်၊ ဆိတ်ချင်ငဲ့ . . . '**

အကြောင်းကား ဖြစ်နေချင်သလို ဖြစ်နေသော လူ တစ်ယောက်၏ ညဥ့်ယံများသည် ဒုစရိုက်ညဥ့်ယံများဖြစ်လာကြ သောကြောင့်ပေတည်း။ သီချင်းဆိုကောင်းသူကလေး၏ အေးဆေး သန့်ရှင်းစေခြင်းကို သူသည်းမခံနိုင်ချေ။ ဘုရားစာရွတ်သံကို ကြပ် များ မကြားနိုင်သလိုပင်။ ကိုယ့်ကိုယ်ကို သဘာဝတရားနှင့် မဆီ လျော်ဆုံးသော အရုပ်ဆိုးလှ၊ ဂွကျလှသည့် သတ္တဝါတစ်ယောက် ဟုထင်ကာ သည်အတိုင်းပစ်ထားပြန်၏။

**'ဘုံပျံနန်းကိုဖြင့်၊**

**တက်စမ်း လာချင်သော်လဲ၊**

**အရင်မြန်မြန် ရောက်သူက၊**

**မြေအောက်ပြန်လို့ ဆင်းကာဖြင့်၊**

**အတင်းခေါ်လာတွဲပါကွဲ့. . . . '**

သို့သော် သူ့ကဗျာသည် အလဟဿပင်။ သီချင်းဆို ကောင်းသူကလေးက သူ၏ ကောက်ကျစ်ခြင်းကိုသာ မြင်တတ်

http://myanmarpyithar.net

တော့သည်။ ဟုတ်တယ်။ ကျမဟာ အားလုံးကိုတော့ ခွင့်လွှတ်နေတဲ့ သူတော်စင်မဟုတ်ဖူး၊ ပြီးတော့ ရှင်နဲ့ ခွင့်လွှတ်ခြင်းနဲ့ မတန်ဘူး၊ ကယ်တင်ခြင်းနဲ့လဲ မတန်ဘူး၊ မှန်လိုက်လေ။ သူသည် ထိုအခါမှာ လင်ရှိမယားကို ကြာခိုမိလျက်သားရှိသည်။ သီချင်းဆိုကောင်းသူ ကလေးကလည်း ကြမ်းလာသော ကဗျာများကို စပ်ဆုပ်ရွံ့ရှာကာ မရွတ်ဖတ်တော့ချေ။ သို့လျှင် သူသည် စောင်းမတီးတော့ဘဲ ရှိပြန်သည်။

သူသည် တွေ့ကြုံရသော လင်ရှိ မိန်းမ၏ လျှို့ဝှက်သော အဓိပ္ပါယ်ရှိသည့် အမူအရာကလေးများကို စုံမက်လာသည်။ ခန်းစည်းစကလေးလှစ်ကာ ထဘီရင်ရှားနှင့် ပုခုံးတစ်ဖက် ဖျက်ကနဲ ပေါ်လာဟန်ကလေးများ၊ ဆံပင်နွယ်ကပိုကရိုလွင့်လျက် အိပ်ရာမှ ခုပင်ထလာသလိုဟန်နှင့် မဝံ့မရဲ ပြုံးကလေးများ. . . .

သည့်နောက်တော့ . . . သူသည် ဘယ်မိန်းမကိုမဆို ကြည့်လိုက်လျှင် အဝတ်အစား မကပ်သလိုချည်း မြင်သည်။ သူ့ခေါင်းသည် အမြဲမူးဝေလျက်ရှိသည်။ အဝတ်အစား လုံခြုံစွာ ဝတ်သော မိန်းမများ မလာသည့်အရပ်ကို ရှာ၍ မွေ့လျော်သည်။ ထိုအခါ သူ့လိုယောကျ်ားများနှင့်ရောမိကာ သည်အခါကျမှ လူနှင့် သူနှင့်ဆက်ဆံမိလာသည်။

တစ်ခါတစ်ရံ ယောင်ရမ်းကျလာသော မျက်ရည်ပေါက် များကို စမ်းမိလျှင်တော့ သီချင်းဆိုကောင်းသူကလေးကို တ,

http://myanmarpyithar.net
ယွန်းရွှေအိမ်

သည်။ ကယ်တင်ဖို့မထိုက်သူမို့ မကယ်တင်ဘဲ နေရက်သူရဲ့ စသဖြင့် စိတ်နာလိုက်သေးသည်။ ငါ့ကို ဘယ်သူမှ နားမလည်ပါ တကားဟု ညည်းပြန်၏။ သို့သော် ဘယ်မိန်းမကို ကြည့်လိုက် ကြည့်လိုက် အဝတ်အစားဝတ်ထားသည်ကိုမမြင်နိုင်ချေ။ကြာတော့ သစ်ပင်မြက်တောကြားမှာ သွားထိုင်နေရသည်။

ထိုဘဝ၏ နေ့တနေ့၌ တောတောင်ရေမြေကို ကူးဆွဲသော ပန်းချီဆရာတစ်ယောက်နှင့် မိတ်ဆွေဖြစ်သည်။

"အို. . . ခင်ဗျားဟာ ကိုယ့်ကိုယ်ကို အနုပညာသည် တစ်ယောက်ဖြစ်မှန်းမသိတဲ့ အနုပညာသည်ဘဲ. . .' ပန်းချီဆရာက ဆိုသည်။

"ဘာကြောင့်လဲဆိုတော့ အနုပညာသည်ရဲ့ စိတ်ဟာ လေလွင့်ရတယ်ဗျ။ တစ်ကိုယ်ထည်းလဲ ငိုင်နေရတယ်။ ရဲ့ဝံ့ရတယ်။ နောက်ဆုံးအရေးကြီးဆုံးကတော့ ရိုးဖြောင့်ရတယ်၊ ဟုတ်တယ် မှုတ်လား"

"ကိစ္စမရှိပါဘူး အားလုံးကို တမင်လုပ်ယူလို့ရတာပဲ၊ နောက်ဆုံး ရိုးဖြောင့်ရတယ်ဆိုတာ တစ်ခုကိုသာ ဖြုတ်လိုက်စမ်းပါဗျာ" ဟု သူကပြောခဲ့သည်။

ပန်းချီဆရာက တွေဝေသွားသည်။ သူ့ မျက်စိထဲမှာ အရောင်စုံတွေ ရှုပ်ရှက်ခတ်သွားလေမလားဟု တွေးကာ သူက ရယ်မိလေ၏။

http://myanmarpyithar.net

ပန်းချီဆရာကပြောသည်မှာ. . .

"လူတွေနဲ့ ကျွန်တော်တွေ့တယ်ဗျ။ လူ့ဘဝဟာ သိပ် အရုပ်ဆိုးတာပဲ၊ ကျွန်တော်မြင်တဲ့အတိုင်းများ ရေးလိုက်ဆွဲလိုက် ရယင် ညစ်ထေးထေး အရောင်တွေသာ သုံးရတော့မယ်လို့ ထင် တော့တယ်၊ ကျွန်တော် ကိုယ်တိုင်ပဲ မသမာလာလို့လား မသိဘူး။

"ကိစ္စမရှိပါဘူး၊ အနုပညာသည်ဆိုတာ လေလွင့်ရတယ် မဟုတ်လား။ မသမာတာနဲ့ လေလွင့်တာနဲ့ဟာ သပ်သပ်စီတော့ ရှိနေပါရဲ့၊ ဒါပေမယ့် လက်သန်းတစ်လုံးဘဲခြားတယ်၊ ဒီလောက်ပဲ။ လူ့ဘဝရဲ့ ကိစ္စတွေက သိမ်မွေ့တာဗျာ၊ ဒီတော့ အနုပညာသည် ဆိုတာ ပုထုဇဉ်ပဲပေါ့. . . ရယ်လို့ ပြောလိုက်အုံး ပြီးတော့ အဲဒီ နှစ်ခုကို ရောပစ်လိုက်၊ ကိုယ်လုပ်ချင်တာလဲ လုပ်ရရော. . . အနုပညာသည်နဲ့လဲ တူရော ဟား. . . ဟား"

သို့လျှင် သူသည် ရယ်၍မဆုံးနိုင်တော့ချေ။

ပန်းချီဆရာနှင့်သူသည် ဘယ်လိုဘယ်လိုနှင့်လည်းမသိ၊ နောက်ဆုံးတော့ ပြဇာတ်ထောင်မိလျက်သား ရှိပြန်သည်။

ရည်ရွယ်တုန်းကတော့ ပန်းချီဆရာက ဇာတ်လမ်းရှာ၍ သူက အမူအရာလုပ်ဖို့ပေတည်း။ သို့သော် သူက ဘာမှမလုပ်ဘဲ လက်ာသွားဖြင့် ရယ်စရာ ပြဇာတ်တစ်ခုကို ရေးမိသည်နှင့် ဒါရိုက်တာလုပ်လိုက်မိကာ ပန်းချီဆရာက အမူအရာလုပ်ရလေ တော့သည်။ ထို့ကြောင့်ပင် အောင်မြင်ကြသည်ထင်သည်။ သူသာ

အမူအရာလုပ်ရလျှင် ပရိသတ်ကချစ်သော ဇာတ်လိုက်ဖြစ်မည် မဟုတ်။ သူ၌ နကိုအမူအရာ အပြောအဆိုဟူ၍ မကျန်တော့လေ ရာ သူလုပ်သမျှ-ပြောသမျှတို့သည် ချဉ်တူး မိုက်ခါးသည့် အရည်လို အန်ချင်စရာဖြစ်မည်။ သူလုပ်သမျှ ပြောသမျှတို့သည် လတ်တလော ဖြစ်ပေါ်နေသော အခြေအနေ အပေါ်မှာသာ တည်လေ့ရှိရာ ဖြစ်လာသမျှကိုလည်း သူက စက်ဆုပ်ခြင်းနှင့် သဘောကျခြင်းကို ထူးဆန်းစွာ ပေါင်းစပ်ထားသော စိတ်ဖြင့် လက်ခံတတ်သောကြောင့် ဖြစ်လေသေး၏။

သူတို့သည် ပြဇာတ်မင်းသမီးပေါင်းများစွာနှင့် တွေ့ခဲ့ရ လေသည်။ ပန်းချီဆရာနှင့် ဇာတ်လိုက်မင်းသား ကိုတင်နွဲ့က မြူခေါ်လိုသော သဘောရှိသည် ဇာတ်ရုံမိန်းကလေး တစ်ယောက် နှင့် ယူဖြစ်သည်။

"တစ်စက်မှမကြိုက်ပါဘူးဗျ။ ဘယ်လိုဘယ်လိုနဲ့ ကျုံ့ကုန် မှန်း မသိပါဘူးဗျာ။ ခုတော့ မယူယင်မဖြစ်တော့ ဘယ်နှယ်လုပ်မ တုန်း" ဟု ငိုမလိုရယ်မလို မေးသည်။

"မကြိုက် - မယူနဲ့ပေါ့၊ ခက်လိုက်တာ"

"အော် . . . ဂုဏ်သရေဆိုတာ ဆယ်ကောင်းတယ်နော်"

"ဘယ်သူ့ဂုဏ်သရေလဲ ကောင်မလေးလား ခင်ဗျားလား"

ဇာတ်လိုက်မင်းသားကလည်း မဖြေတတ်ချေ။ သူကတော့ မယူဖြစ်အောင်ဖျက်သည် မရ။

http://myanmarpyithar.net

သို့လျှင် ကိုတင်နွဲ့သည် မိန်းမလက်ရှိနှင့်ဖြစ်သွားလေ၏။ သို့သော် သူတို့နှစ်ယောက်သည် ရရာမိန်းကလေး ကိုယ်စီနှင့် လေလွင့်ကြပြန်လေသည်။ မိန်းမရကာ ကလေးတွေများလာသော ကိုတင်နွဲ့က လက်သန်းတစ်လုံးမျှထူသော စည်းကမ်းကို ယုံကြည်ပါသည်ဟုပြော၏။ လေလွင့်ရုံပဲဟုဆို၏။ မသမာမှုကိုတော့မလုပ်ပါဟု ကျိန်ဆဲ၏။ ဘယ်အထိမှန်သည်ဆိုတာကိုတော့ သူက ဂရုမစိုက်။ သူကတော့ နကိုထဲကရှင်းသည်။ ကျုပ်တစ်သက်လုံး လက်မထပ် နိုင်ဘူးဗျ။ ချစ်တယ် တွယ်တာတယ်ဆိုတာ မြေကြီးပေါ်က ကိစ္စတွေပါ။ သို့လျှင် သူ့ပြဇာတ်မင်းသမီးများကို အစောကြီးကတဲက နားလည်စေသည်။

နားအလည်ဆုံး ပြဇာတ်မင်းသမီးကတော့ လှပသိမ်မွေ့လှသည့် ခင်မာ ပင်တည်း။

ခင်မာသည် ကြောက်တတ်သလောက် ရဲဟန်ဆောင်၍ ထုံအ,သလောက် သူ့ကိုယ်သူ လည်သည်ဟုထင်နေသူ မိန်းမငယ်ကလေးဖြစ်သည်။ သို့သော် အံ့သြဖွယ်ကောင်းအောင် အမူအရာ လုပ်နိုင်လေသည်။ ခင်မာကပြလိုသည့် နေရာမှာ ချစ်သူကို လှည့်ဖျားတတ်သော၊ လင်သည်ကွယ်ရာ ဖောက်ပြားတတ်သော၊ စင်စစ်တော့လည်း စိတ်ပျက်ခြင်းနှင့် နွမ်းလျမောပန်းကာ ရမ်းကားနေသူကလေး၏ နေရာမျိုးပေတည်း။ ခင်မာသည် အသည်းကွဲသည်ဆိုတာမျိုးကိုအင်မတန်သဘောကျ၍ မိန်းခလေးတစ်ယောက်

http://myanmarpyithar.net
ယူနီကုဒ်အဖွဲ့

သည် သူကိုယ်တိုင် အသည်းကွဲလျှင်ကွဲ၊ မကွဲလျှင် ယောကျ်ားများ၏ အသည်းကို လိုက်ခွဲပါရစေဟု ဆုတောင်းရမည်ဟု တင်စားသည်။ သူသည် ဇာတ်စင်ကို စုံမက်လှ၍ ရှမ်းပြည်နယ်မှ ချမ်းသာသော မိဘများကို ပုန်ကန်၍ မြန်မာပြည်သို့ ဆင်းလာခဲ့သည်။ သူ့ဘဝမှာ သည်တစ်ချက်သာ မျက်စိမှိတ်ထားသဖြင့် ခလုတ်တိုက်မိခြင်း ဖြစ်သော်လည်း သူက စိတ်ပျက်ခြင်းဖြင့် နွမ်းလျမောပန်းကာ ရမ်းကားလိုတော့လေ၏။ သို့လျှင် ပြဇာတ်ဒါရိုက်တာနှင့်တွေ့ကြသည်။

ပြဇာတ်ဒါရိုက်တာသည် သီးလုအောင် ရယ်တတ်လေ၏။ သူသည် ယခုလိုပင် ခဏခဏ ရယ်တတ်သည်။ ကိုယ့်ကိုယ်ကိုလည်း မယုံရကား တကယ်ရယ်တာလား ဟန်လုပ်၍ ရယ်တာလား မပြောတတ်ပြီ။ သို့သော် ယခုတလောတော့ သည်လိုတောင်မရယ်နိုင်ချေ။ အားလုံးကို ငြီးငွေ့ခြင်းသည် တစ်စတစ်စ တိုးလာသည်။ ထို့ကြောင့် နေ့အခါမှာ အလုပ်ကို ဆုံလည်နွားကဲ့သို့ အမောတကော မနားမနေလုပ်သည်။ ညအခါမှာ သစ်တုံးပမာ အိပ်နိုင်လိမ့်မည်ဟု မြှော်လင့်သည်။ သို့သော် ရက်ဆက်မောအောင်လည်း အိပ်နိုင်သော ညများမဟုတ်ချေ။ အနည်းငယ်မျှဖြစ်သည်။

(၆)

သည်တော့ လူ့ဘဝမှာ ဆက်ပြီး ဘယ်လိုနေရဦးမည်လဲ။ ညနေကဆိုလျှင် ဇာတ်စင်ပေါ်မှာ စီမံစရာ အနည်းငယ်ရှိသည်ကို စီမံနေပြီး ညာဖက်ထောင့်က အခန်းမြှောင်ကလေးထဲ ဝင်ကာ စီးကရက် ၅၀ ဝင်ဗူးကိုကုန်သည်အထိ တစ်ထိုင်တည်း တစ်လိပ်ပြီးတစ်လိပ် သောက်သည်။ ပရိသတ်များကသဘောကျသည်ကို တွေ့ရလေလေ နေမထိထိုင်မသာ ဖြစ်လေလေပင်။ သူသည် သူ့ပြဇာတ်များကို သူအင်မတန် ရွံသည်။ စိတ်ရောကိုယ်ပါ ထည့်၍ လုပ်သော်လည်း အားလုံး မုသာဝါဒချည်းဘဲ ဆိုတာက မေ့ပျောက်၍မရ။

ပြဇာတ်တိုက်၍ နေစဉ်ကထဲက သူသည် ကောဋ္ဌဟာလများလွှင့်ထားသည်။ အခုပြမဲ့ ပြဇာတ်က ပြဇာတ်မင်းသမီး ခင်မာရဲ့ တကယ့် အဖြစ်အပျက်ဆိုပါကလား. . . သူ့ကို ကြိုက်တဲ့

http://myanmarpyithar.net
မြန်မာ့ပြည်သူ

## ၁၉၂ ကြည်အေး

ကောင်လေးတစ်ယောက် ရေထဲခုန်ဆင်းပြီး သေသွားတဲ့ အကြောင်းတဲ့။ ပြဇာတ်သည် အတော်ပင်စွဲသည်။ ရရှိလာသော ငွေများကို ဒေါသထွက်ထွက်နှင့် အရက်ဖြစ်ကရော့လဟယ်ဟု မန်းမှုတ်လိုက်ရသည်။ စိတ်ရှုပ်စရာပဲ မဟုတ်လား။ မင်းသမီး ခင်မာက မျက်မှန်အနက်တပ်ပြီး စိမ်းစိမ်းကြည့်စဉ် ကိုတင်နွဲ့က 'ခင်ရေ. . ခင်' ဟု ရေနစ်နေသောအသံဖြင့် ကန့်လန့်ကာကြား ကအော်စဉ်၊ ပရိတ်သတ်က ငိုရှိုက်စဉ်၊ ပြဇာတ်ဒါရိုက်တာသည် သီးလုအောင် ရယ်ချင်သော်လည်း မရယ်နိုင်ဘဲ ညစ်ညစ်ညမ်းညမ်း ဆဲလျက်ရှိလေသည်။ ရှုးကြပါပေရဲ့။ သို့သော် သူသည် စိတ်မလုံ မလဲဖြစ်ကာ ဘဝတွင် ပထမဆုံးအကြိမ်လားမသိ ကြောက်လန့် လာသည်။ သူသည် မနှစ်က တစ်ညနေတွင် ခင်မာပြေးလာသည်ကို သတိရသည်။ မိန်းမက အမူအရာလုပ်ထားတာတွေ အကုန် ပျောက်ပြီး မဲ့ရွဲ့တုန်လှုပ်ကာ မျက်နှာအလှပျက်နေသော မျက်နှာ ဖြင့် "အောင်မလေး လုပ်ပါအုံး ကိုကြီးရဲ့" ဟုဆိုကာ ပြောပြသည် မှာ. . ခင်မာနှင့် သူ့ရီးစား ကောင်လေးတို့သည် ပျော်ပွဲစားထွက် ၍ ရေကူးကြသည်။ အတော်မောလာသော် သူက ကုန်းပေါ်တက် ခဲ့သော်လည်း ကောင်လေးက ရေနက်ရာသို့ ကူးသွားသည်။ ခဏ ကြာလျှင် လက်တစ်ဖက် မြှောက်လိုက်ပြီး မြုပ်သွားလေတော့ သည်။ လက်မြှောက်တာက နှုတ်ဆက်သွားတာ ထင်ပါရဲ့နော်၊ ခင်မာလည်း ဘာလုပ်ရမှန်းမသိဘဲ သူရှိရာ ပြဇာတ်ရုံသို့ ပြေးလာ

ခဲ့သည်။ ဘာလုပ်ရမလဲ။ အမှုပတ်မှာကြောက်လိုက်တာ၊ ရှိုက်ကြီး တငင်ငိုသည်။ အမယ်လေး လူသတ်မိပြီနော်၊ သတ်မိပြီဟု ညည်းလျှင်တော့ သူ့မျက်ရည်များသည် စဲသွားလေရာ ဇာတ်လိုက်မင်းသမီးသည် မျက်တောင်များစင်းငေးပြီး နေလိုက်ရဟန်ကို မြင်ရသည်။

ပြဇာတ်ဒါရိုက်တာသည် အိပ်ရာပေါ်မှနေ၍ တံတွေးထွေးချင်နေလေသည်။ သတ္တလောကတစ်ခုလုံး လောင်ကျွမ်းသွားနိုင်မည်ဆိုယင်တော့ သူသည် ယခုထ၍မီးတင်ရှို့ချင်သည်။ ဒါမှမဟုတ်ငါ့ကို ကန်မဲ့ခြေထောက်စက်ကလေးတစ်ခု တီထွင်ရမလား။

စက်ဆုပ်ရွံ့ရှာခြင်းဖြင့် နောက်တစ်ဝက် ကျိုးလေလျှင်ပင် အိမ်ပြန်ခဲ့သည်။ စင်စစ်တော့ သူ့မှာ အိမ်မရှိ။ တယောဝိဇ္ဇာကိုအောင်ဝင်းတို့ လင်မယားအိမ်မှာ သူအိပ်လေ့ရှိသည်။ ကြုံသလိုအိပ်ပြီး ကြုံသလိုစားသည်။ သူသည် တစ်နေရာ၌ စွဲမြဲပြီးမနေတတ်တော့ချေ။

အိမ်ပြန်လာသော် မိန်းမသည် ဧည့်သည်များကို တွေ့ရသည်။ သူတို့ကို ညနေက ကိုအောင်ဝင်းလင်မယားနှင့် ရိပ်ကနဲတွေ့လိုက်ရသည်။ သူတို့က သည်မှာ အိပ်မှာထင်ပါရဲ့၊ ပြဇာတ်ပရိတ်သတ်အနေနှင့် သူတို့ကို စိတ်ကုန်ခမ်းသည်။ သည်အထဲ မျက်နှာပိန်းပိန်းနှင့် တုပ်တုပ်ဖောင်းဖောင်းမိန်းမက အိမ်မှာ လာငိုနေသေးသည်။ ဖြစ်မှဖြစ်ရပလေ၊ အငိုတိတ်သွားအောင် ထဖက်

http://myanmarpyithar.net
မြန်မာ့ပြည်သား

ပြီးသာ နမ်းပေးလိုက်ချင်တော့၏။ သူသည် မဲ့ပြုံးပြုံးယင်းအိပ်ရာ ဆီသို့လာခဲ့သည်။ ခြေအနည်းငယ်တုံ့သွား၏။ သူသည် ပဲခူးမှ တူအရီးနှစ်ယောက်ကို မြင်သည်။ သူတို့မျက်နှာမှာ ခက်ခဲ ဆန်းကြယ်သော အဖြစ်တစ်ခုကို နှစ်ယောက်အတူကျိတ်၍ လျှို့ဝှက်ထားသည်ဟုထင်သည်။ အဒေါ်လုပ်သူမှာကိုယ့်အကြောင်း နှင့်သာ ဘဝမှာကျေနပ်ပြီးတစ်သက်လုံး နေသွားမည့်ရုပ်မျိုးရှိ သည်။ သူက တူမနှင့်တူသူ မိန်းကလေးကို ကြည့်ပုံမှာ ပိုင်စိုး ပိုင်နင်းရှိလှသည်။ သည်လို မိန်းမမျိုးသည် ချစ်ခင်မိသူကို သတ် လည်း သတ်တတ်၍ ချစ်ခင်မိသူအတွက် အသက်လည်းအသေခံ တတ်သော မျက်နှာမျိုးပေတည်း။ တူမနှင့်တူသူ မိန်းကလေး ကတော့ ဘိက္ခုနီမနှင့်တူသလိုလို။ သူတို့နှစ်ယောက်သည် အလွန် တွယ်တာပုံရ၍ တစ်ယောက်ရှိလျှင် ကျန်တစ်ယောက်သည် ပြည့်စုံပြီးသားဖြစ်နေလိမ့်မည်။ ဘယ်သူမှကြားဝင်၍မရသော တစ်ယောက်ကိုတစ်ယောက်နားလည် စိုးပိုင်ဟန်က ထင်ရှားစွာ ပေါ်သည်။ သို့သော် သူတို့သည် စိတ်ချမ်းသာပုံမရချေ။ ပြဇာတ် ဒါရိုက်တာသည် အိပ်ရာထဲ လှဲလိုက်ပြီး၊ ခဏကြာလျှင်ပင် တူမကလေး ငိုလိမ့်မည် ဆိုတာကိုသိ၏။ ထင်သည့်အတိုင်းပင် ငိုသည်။ သို့သော် ဘာတစ်ခုမှ အခြေမပျက်အောင် ဣန္ဒြေဆောင် နေသည်။ နှုတ်ခမ်းများကို မတုန်ရီအောင်ဖွင့်ကာ ပြုံး၍များ နေလိုက်သေး၏။ သူကလေး၏ မျက်ရည်ပေါက်များသည်ပင်

အလိုက်သိစွာ တိတ်တိတ်ခိုး၍ ကော်ဖီပန်းကန်ထဲ ကမန်းကတန်း ခုန်ချကြသလို မြင်ရသည်။ ကောင်မလေးသည် ဘာမှမဖြစ်သလို ပင် မျက်ရည်များနှင့် ကြဲသွားမည်ဖြစ်သော ကော်ဖီကို သောက် သည်။ ကံဆိုးတဲ့ ခလေးမရေ မင်းရဲ့ကော်ဖီဟာ ခါးရုံမက ငန်ညီးလို့ နေမှာပါပဲနော်။

အင်း - သို့သော် တကယ်ကံဆိုးသူက သူကလေးမဟုတ် ချေ။ ကယ်တင်ခြင်း ခံရမည့်သူက သူကလေးမဟုတ်နိုင်ပါ။ လောကမှာ ဖြူဖြောင့်သော နှလုံးဖြင့် သတ္တိလည်းဆောင်ကာ ငိုယို နိုင်သူမျိုး ရှားပါးလှသည်ဆိုတာ ငါပဲသိသည်။

သူတို့တတွေအိပ်ရာထဲဝင်ဘို့ထကြသော် မိန်းမတုတ်တုတ် ၏ ညီမဖြစ်ဟန်ရှိသော အပျိုမလေး၏ မျက်နှာကို တွေ့လိုက် ရပြီး ပြုန်းကနဲသတိရသည်။ ဒီမျက်နှာဟာ ရေနစ်သေတဲ့ ခင်မော့ ကောင်လေးမျက်နှာနှင့် တစ်ခွက်ထဲပါပဲ၊ မောင်နှမပဲဖြစ်ရမယ်။ နားရွက်တွန့်ပုံကအစ တူသည်။ သည်တော့မှ ခုနကငိုသည့် မိန်းမ တုပ်တုပ်နှင့်လည်း တူသည်ဆိုတာကို သတိထားမိ၏။ အင့် ဟင် သက်ဆိုင်သူများ ပြန်တွေ့ခြင်းပါ ကလား ကရို့ . . . လောကကြီးက ကျဉ်းကျဉ်းကလေးပါပဲ။ အဲသည်တော့ ငိုချင်လဲ ငိုကြပါစေလေ။

လူတစ်ယောက်ရဲ့အလွမ်းဇာတ်ဟာတစ်ခြားလူတစ်ယောက် ရဲ့ အလွမ်းဇာတ်ပဲ ဖြစ်ပါပေတယ်။ ဒါကြောင့် မသာခေါင်းလောင်း

ထိုးလျှင် ဘယ်သူ့အတွက်လဲ မမေးကြပါနှင့်။ ဟား. . ဟား. . .
သူကရယ်ချင်လာသည်။ သို့သော် ရင်ထဲ၌ အနည်းငယ် ဆို့ကျပ်သည်။ ဆို့ကျပ်နိုင်သည့်နှလုံး ရှိသေးသည့်အတွက် အားတက်လာသည်။ ညီမဖြစ်သူမျက်နှာကိုကြည့်ရင်း 'ဟောဒီ သူငယ်မက အိပ်ရာထဲကျမှ ငိုမှာဗျ . . . ဒါပေမဲ့ သူငိုတာဟာလဲ တံတွေးနဲ့ ဆွတ်တာလောက် မဆိုးရှံုတမယ်နေမှာပါဘဲ'ဟု ဗေဒင်ဟောသည်။

ခဏကြာလျှင် တစ်အိမ်လုံး မီးငြိမ်းကာ ထမင်းချက်မိန်းမကြီး၏ သွားကြိတ်သံပေါ်လာသည်။ ဒေါသထောင်းကနဲထသည်။ ညညကို နှစ်နှစ်ခြိုက်ခြိုက် အိပ်၍ သွားကြိတ်နိုင်သူ ဟောက်နိုင်သူများကို မုန်းသည်။ မနာလိုနိုင်။သို့သော် ကိုအောင်ဝင်း လင်မယားကတော့ နှစ်ခြိုက်စွာ အိပ်ကြသော်လည်း စိတ်ညစ်စရာ အသံများ မပြုကြ။ သူတို့သည် လင်ကတယောထိုး၍ မယားက ထမင်းချက်ကျွေးပြီး ဘေးက နားထောင်ခြင်းအမှုကို ငယ်ရွယ်စွာက လုပ်ခဲ့ကြသည်။ ယုံကြည်ဆဲပင်၊ သူသည် ဝမ်းနည်းပြုံးကလေး ပြုံးမိလေသည်။

ပြီးတော့လည်း ထမင်းချက်သည့် မိန်းမကြီးကို သူမကြည့်ချင်သည့် အချက်တစ်ခုမှာ သူ့အမေကို သတိရစေခြင်းပင်။ အမေသည် သားဖြစ်သူ လေလွင့်နေဆဲ ပင်ပန်းဆင်းရဲစွာ သေသည်။ သည်လိုပဲ သူများအိမ်မှာ အခိုင်းအစေခံ၍ အသက်မွေးရသေးသလားမသိ၊ အမေ့မသာကို အရပ်ကချရသည်။ ခုနငိုသည့် ဝဝ

http://myanmarpyithar.net
ယွန်းရွှေအိမ်

တုတ်တုတ် မိန်းမမျိုးက ပိုက်ဆံထုတ်မှာပါပဲ။

ထိုတဒင်္ဂ၌ ပြဇာတ်ဒါရိုက်တာသည် လောကနှင့် ပြန်တွဲသွားသည်။ ပြန်တွဲသည်ဆိုရင်ပဲ မျက်လုံးအိမ်၌ ခုသည်၊ မာနကလည်းကြီးသူမို့ မတွဲဘဲ သီးလုအောင်သာ ရယ်ချင်တတ်သည်။

မိန်းမများ မအိပ်ခင် စကားပြောသံလို ကြားရလေ၏။ သူသည် နားအလွန်ပါးသူဖြစ်ရကား စကားလုံးများပင် ကွဲမတတ်ပင်။ ပြီးတော့ အသံနေအသံထားနှင့်လည်း အဓိပ္ပါယ်ကောက်ယူလျှင် ရနိုင်သည်။ သို့သော် စကားသံများသည် တိုးသွားသည်။ ပြီးတော့ ငွေဆည်းလည်းကလေး လှုပ်သလို ကြည်လင်သာယာ၍ သေးငယ်သော အသံကလေးက ခပ်ငေါက်ငေါက်ပြောသံကို ကြားသည်။ သူသည် နားလည်လိုက်သလိုလိုရှိကာ 'ဒီကောင်မလေး ဟာ ခုန- ကော်ဖီပန်းကန်ထဲ မျက်ရည်ကျဆဲ ညိုညိုကလေးပဲ။ သူစောစောက စကားပြောတုန်းက ရယ်လိုက်တော့ ဒီအသံအတိုင်းပဲ' ဟုတွေးသည်။ နားစွင့်၍ထောင်တော့ အံ့အားသင့်စရာ စကားများကို တစ်ချို့တစ်ဝက် နားလည်ရသည်။ သူတို့သည် တစ်လောကလုံးမှာ သူတို့ချည်းပဲရှိသလို သူတို့ကိစ္စမှာသာ စိတ်ဝင်စားပြီး သူစိမ်းအိမ်မှာတောင် ငြင်းခုံကြသည်တကား။

စကားသံများ လုံးဝ တတ်သွားသော် နာရီပြန်နှစ်ချက်ထိုးပြီးလေပြီ။

http://myanmarpyithar.net
ယွန်းရွှေအိမ်

(၇)

ညသည် အေးမြ၍လာသည် လေကလေးက ချိုမွေး လတ်ဆတ်သည်။ မျက်စိကြောင်၍ အိပ်မရခြင်းသည် သူ့အဖို့ ကလေးဘဝကတည်းက နားလည်ရသည် ဖြစ်ရာ ယခုတော့ စိတ် မညစ်တော့ဘဲ ခေါင်းအေးအေးနှင့်ပင် အိပ်ရာထဲ နားနေရ ပြီးရော ဟု သဘောထားရသည်။ အထူးသဖြင့် သည်ညဆိုပါတော့။

သူသည် နေ့ရော၊ ညရောနေထိုင်ရသဖြင့် အိုမင်းလှသည့် အဖြစ်ကို ရောက်သည်ထင်သည်။

အနည်းငယ်မောလေသည်။ သို့သော် မောခြင်းသည် လည်း မဆန်းလှ။ ပြီးတော့ မောသည်ဆိုသည်မှာ နားနေလေလေ မောလေလေဟု သူကအရင်ကထင်သည်။ မောရမှာကိုပင် မခံချင် စိတ်ပေါ်သည်။ ထို့ကြောင့် စိတ်ဇောနှင့်သာ မနားဘဲတိုးချင်သည်။ အမိပ္ပါယ်မရှိဘူးလို့ ဆိုသူက ဆိုမည်။ သို့သော် နားတာကတော့ ဘယ်လောက် အဓိပ္ပါယ်ရှိသလဲ။ ယခုတော့ သူ့အဖို့ရာ ပျင်းရိ

http://myanmarpyithar.net

နေခြင်းတစ်ခုသာပြောစရာရှိတော့သည်။ဘာမှမပြောချင်တော့ချေ၊ ပျင်းလှပါရဲ့။

ညမှောင်၏ ဘယ်နားကမှန်း မသိသော ကင်းတဲမှ သံချောင်းကို တစ်စုံတစ်ယောက်ကခေါက်သည်။ သုံးချက်သုံးနာရီထိုးပြီလေ. . မိုးလင်းတော့မယ်။ သို့သော် မိုးလင်းလျှင် မိုးချုပ်ဦးမည်။ မိုးချုပ်မှာကို မကြောက်မှသာ မိုးလင်းမှာကိုလည်း ပျော်မည်ဟု သူကထင်သည်။

ညော်သည်မိန်းမများ အိပ်သော အခန်းထဲမှ တစ်စုံတစ်ယောက်က လူးလွန့်သံကြားရ၏။ ဟော . . . ထလာပြီ တံခါးသည် ဖြေးညှင်းသာယာစွာ ပွင့်လာပြီး နွဲ့လျသွယ်ပျောင်းသော ကိုယ်ဟန်ကလေးပေါ်လာ၏။ ကိုယ့်ကောင်မလေးပဲ။ သူကလေးလဲ အိပ်လို့မရသူပါကလား။

စင်စစ်ပဲခူးမှ တူမလေးသည် တစ်မှေးမျှပျော်သွားသလိုလို ရှိပြီး ပြန်နိုးလာကာ အိပ်ရာထဲ မနေချင်သည်နှင့် ထလာခြင်းပေတည်း။

သူကလေးက အိမ်ရှေ့သို့ရောက်လာပြီး ပြတင်းပေါင်ကို မှီကာရပ်သည်။ အကြောက်ရွံ့လဲမရှိဘူးနော်။ ဒါမှမဟုတ် ဘာကိုမှ သိမရလို့လား။ သူကလေးက ပွင့်နေသော ပြတင်းမှ မိုးပေါ်ကိုကြည့်သည်။ လမရှိသဖြင့် နက်ပြာမှောင်ဝေသော မိုးပြင်မှာ ကြယ်ကလေးများ ဖြိုးဖြိုးပျပ်ပျပ်လက်သည်။ ပြဇာတ် ဒါရိုက်တာလည်း သူကလေးကို စောင့်ကြည့်သည်။ သူ့အဝတ်အစားကလေး

http://myanmarpyithar.net

ယွန်းရွှေအိမ်

များ ဖားဖားလျားလျားနိုင်ပုံကို မြင်သည်။ လူ့ဘုံက လူသားရယ်လို့ မထင်မိ။ ပြဇာတ်ဒါရိုက်တာသည် အနည်းငယ်လှုပ်ရှားလိုက်ရာ သူကလေးက လှည့်ကြည့်သည်။

သူတို့သည် မျက်လုံးချင်းဆုံကြသည်။ ကြယ်ရောင်များသာ ဝါးဝါးထင်လေရာ တစ်ယောက်ကိုတစ်ယောက် မြင်သည် မမြင်ဘူးဆိုတာ ဘယ်သူမှမသိချေ။ သူက အလိုလျောက် ပြုံးလိုက်ရာ သူကလေးက ပြုံးလိုက်သည်ဟုထင်သည်။ သူသည် "ငါအသက်ငယ်ငယ်လေး ရှိပါသေးလား" ဟု နုပျိုစိတ်များ ဝင်လာသည်။ ရင်ထဲ၌ မသိမသာလှုပ်ရှားသည်။ ပြက်ရယ်ပြုလိုခြင်းက တစ်ထောင့်ကကြွပြန်သည်။ သို့သော် သူသည် မိန်းကလေးကိုသာ ကြည့်နေသည်။ စိတ်ငြိမ်းအေးသွား၏။

ကောင်မလေးက မျက်နှာလှည့်သွားပြီး ကြယ်များကို ကြည့်နေလေသည်။ သူသည် တစ်ခြမ်းစောင်း၍ မြင်ရသော မျက်နှာကလေး ခပ်မှုန်မှုန်ကို ငေးနေရာက ကြယ်များကို လိုက်ကြည့်သည်။ သူကလေးလို ကြယ်များကို အိပ်ရာကထပြီး ကြည့်သည်။ သစ္စာတရား ရှိချင်ပါရဲ့။ ဒါမှမဟုတ် ခုလိုတစ်ယောက်ယောက်ကသာ ကိုယ်လှဲနေတဲ့ အိပ်ရာခြေရင်း ပြတင်းပေါက်က ကြယ်များကို ရပ်လို့ကြည့်နေမယ်ဆိုယင် ညတိုင်းညတိုင်း ကိုယ်လဲ လိုက်ကြည့်နိုင်ပါတယ် ထင်ပါရဲ့ကွယ်ဟု တွေးလေ၏။

**ကြည်အေး**

**(ရှုမဝမဂ္ဂဇင်း ၁၉၅၃ ဧပြီ)**

http://myanmarpyithar.net

ယွန်းရွှေအိမ်





http://myanmarpyithar.net